www.burmeseclassic.com

# မမသဉ္ဇါပေါင်

## ရှင် ကို မုန်း တယ်

(အချစ်လုံးချင်းဝတ္ထုရှည်)




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၃၄၇၀၈၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၃၆၁၁၀၀၈ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၉၊ ဇွန်လ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၁/၃၃၊ ၅၃လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ဈေး | - | ၁၄၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |


ယောက်ျားဆိုတာ အဆိပ်ပြင်းတဲ့မြွေတစ်ကောင်နဲ့အတူတူပဲ။ သူ့ကိုမတော်တဆဆို လိုက်မိတာနဲ့ လူတစ်ကိုယ်လုံးကို အဆိပ်သင့်စေတတ်တယ်။ ဒီတော့ သူတို့နဲ့ကင်းကင်းနေနိုင်လေ ကိုယ့်အတွက် ပိုကောင်းလေပဲမဟုတ်လား။ ကိုယ့်ကိုယ်ကိုအထင်ကြီးပြီး အဲဒီသတ္တဝါတွေနဲ့အလမ္ပာယ်ပြဖို့ကို ကိုယ်မစဉ်းစားချင်ဘူး။ လျှောက်လှမ်းနေတဲ့ဘဝခရီးလမ်းမှာလည်း 'အချစ်'ဆိုတာကို စိတ်ကူးယဉ်ပြီး အိပ်မက်လည်း မမက်ချင်ဘူး။ ကိုယ့်ဘဝမှာ အဲဒီ 'အချစ်'ဆိုတာ လုံးဝကိုမလိုလားအပ်တဲ့အရာတစ်ခုပါ။



ဇာမဏီ

www.burmeseclassic.com

ကိုယ်က ဘဝကို ခပ်ပေါ့ပေါ့လေးပဲတွေးတတ်တယ်။ စိတ်ကိုစိမ်းမယ့်အရာမှန်သမျှ ဘဝတစ်ခုကိုမှမလိုချင်ဘူး။ အလွယ်တကူလေးတတ်လေ့ရှိတဲ့မိန်းမတွေလို အထင်မကြီးတာ ဘာများဆန်းလွန်းလို့လဲ။ ပြောတော့ဖြင့် မိန်းမဆိုတာ ပန်းပွင့်လေးတွေလိုပဲ အင်မတန်နူးညံ့သိမ်မွေ့လွန်းတယ်တဲ့။ သေချာတာတစ်ခုကတော့ အဲဒီပန်းတွေဟာ ပေကပ်ကိုအညွှာလွယ်တတ်တယ်ဆိုတာပါပဲ...။

သူရိန်မင်း



‘အချစ်’ဆိုတာ ကိုးကွယ်အပ်တဲ့အရာတစ်ခုမဟုတ်ဘူးတဲ့။ သေချာရဲ့လား... သူမကတော့ အဲဒီအချစ်ဆိုတာကို ဒူးထောက် ကိုးကွယ်ခဲ့မိတာအမှန်ပါပဲ။ သူက...သိပ်ကိုတန်ခိုးကြီးတဲ့ ဖန်ဆင်းရှင်လေ။ ဘဝတစ်ခုလုံးကို ပျော်ရွှင် ချမ်းမြေ့အောင်ဖန်တီးပေးနိုင်သလို ကြေကွဲဝမ်းနည်းစေအောင်လည်း ပြုလုပ်နိုင်စွမ်းရှိတာအမှန်ပါ...

မေမဒီ



www.burmeseclassic.com

'အချစ်' ဆိုတာ သူ့ဘဝအတွက်တော့ အင်မတန်အံ့ဩစရာကောင်းတဲ့အရာတစ်ခုပါပဲ။ ဘယ်ဘဝက ရေစက်ကြောင့်မှန်းမသိ။ သူ့ကို အခြောက်တိုက် ခါးခါးသီးသီးမုန်းနေသည့်မိန်းကလေးတစ်ယောက်ကိုမှ သူထူးဆန်းစွာ ရင်ခုန်ခဲ့မိတာလေ။ ဘာမှရေရာမှု မရှိဘဲ ဒီမိန်းကလေးရဲ့ မျက်မုန်းကျိုးမှုအောက်မှာ ဘာတစ်ခုမှဖြေရှင်းခွင့်မရနိုင်ဘဲ သူအခါခါရှုံးနိမ့်ခဲ့ရတာပါ။ ဒါပေမဲ့...အဲဒီမိန်းကလေးကို သူဘယ်လိုနည်းနဲ့မှ ဥပေက္ခာပြုနိုင်စွမ်းမရှိအောင် စွဲလမ်းနေမိတာ မဆန်းကြယ်ဘူးလား။

သော်တာလင်း



# အပိုင်း ( ၁ )

www.burmeseclassic.com



# ရှင့်ကိုမုန်းတယ်

## အခန်း ( ၁ )

"ဟိုဘက်ခန်းမှာ. . . လူသစ်တွေရောက်နေပြီ"

ဖိုနပ်ကို ဖိုနပ်စင်ပေါ်တင်လိုက်စဉ် မေမေ့စကားကြောင့် သူ့လှည့်ကြည့်လိုက်မိ၏။ ရာသီဥတုချမ်းစိမ့်လာသည်နှင့် မေမေ့ [illegible]ပေါ်မှာ အနွေးထည်လေးဝတ်ပြီးနေလေပြီ။ (၅၃)နှစ်ရှိပြီဖြစ်သော်လည်း ငယ်စဉ်က ချောမောလှပမှုတို့က ယခုတိုင်မပျောက်ပျက်နိုင်သေးပေ။ သူ့လက်ထဲမှ File ကိုယူ၍ ညှော်ခန်းထောင့် စားပွဲပေါ်အသာတင်ကာ ပြောလက်စစကားကိုဆက်ပြောပြန်၏။

"မေမေ့ထက်နည်းနည်းငယ်တဲ့ အမျိုးသမီးတစ်ယောက်နဲ့ [illegible]လေးမလေးတစ်ယောက်ကိုတော့. . . တွေ့လိုက်တယ်သားရေ့။



www.burmeseclassic.com

www.burmeseclassic.com

မိန်းမသားတွေချည်းပဲ. . . ပြောင်းလာကြတယ်ထင်တာပဲ။ အလုပ်သမားတွေက တစ်ရက်တည်းနဲ့ သုံးလွှာပေါ် ပစ္စည်းတွေအကုန်တင်သွားကြတာ"

"အဲဒီတော့"

မေမေက သူ့စကားဆက်ခိုင်းလိုက်တာကိုသိသဖြင့် သူ့ကို မျက်စောင်းခဲလိုက်လေ၏။ သူက ပြုံးစိစိဖြင့်ပြန်ကြည့်လိုက်တော့ မေမေက သူ့နားရွက်ကိုအသာလိမ်ဆွဲလိုက်သည်။

"ဟင်းဟင်း. . . ဆက်ပြောလေမေမေရဲ့။ မေမေတွေ့တဲ့ ကလေးမလေးက ဘယ်အရွယ်၊ အသားအရေက ဘယ်လို၊ မျက်နှာလေးက ဘယ်သို့ဘယ့်နှယ်၊ အရုပ်အမောင်းက ဘယ်လိုလှကြောင်းပေါ့ဖြင့်ပေါ့"

မေမေက နှာခေါင်းလေးရှုံ့ပြလိုက်ပြီး ခေါင်းကိုခါလိုက်လေ၏။ သူက နံရံကပ်ဗီရိုမှန်တံခါးကိုဆွဲဖွင့်၍ မေမေ့ဆေးဘူးတွေကိုလှမ်းကြည့်လိုက်တော့ ဆေးတွေက ကုန်ခါနီးနေလေပြီ။

"ကောင်မလေးက ရှိလှမှ (၁၂)နှစ်သာသာလေးပါသားရယ်။ ပေါက်စနလေး. . ."

"ဟင်းဟင်း. . . ဒါနဲ့ပဲ မေမေမှန်းသလောက်ဖြစ်မလာတော့ဘူးပေါ့လေ"





"သားနော်. . . မအေကိုများ စ,စရာမှတ်နေလား။ အိမ်မှာဘယ်လောက်ပျင်းစရာကောင်းလဲဆိုတာ သားလည်းအသိပဲ။ မေမေ့မှာ တစ်နေ့တစ်နေ့ဝရံတာထွက်ရပ်ပြီး အပြင်ကိုငေးခဲ့ရတာ ဘယ်လောက်ကြာပြီလဲ"

"ဒေါ်မြိုင်ရှိတာပဲ မေမေရယ်"

"မမြိုင်က အိမ်တာဝန်တွေကိုဒိုင်ခံလုပ်နေတော့ မေမေ့မှာ စကားပြောဖော်မှမရှိတာ"

"မေမေရယ်. . . စကားပြောဖော်လေးရဖို့အရေး. . . ကျွန်တော့်ကို မိန်းမအတင်းယူစေချင်နေတာတော့ မဟုတ်သေးပါဘူး"

"လာတော့မယ်. . . ပြောလိုက်ရင် ဆင်ခြေဆင်လက်ဆင်နားရွက်တွေအကုန်ထွက်လာပြီ။ သားရယ်. . . သားအသက် (၂၄) နှစ်ရှိပြီနော်. . . မငယ်တော့ဘူး။ အိမ်ထောင်ပြုဖို့စဉ်းစားတော့သေကွယ်။ ကျောင်းတက်တုန်းက အိမ်လိုက်လာတဲ့ကလေးမလေးတွေထဲမှာ သားကောင်မလေးများ တစ်ယောက်တလေပါမလာဘူးလားဟင်"

"သူငယ်ချင်းတွေမို့ ဝင်ထွက်ရဲတာပါမေမေရယ်။ မရှိးသားဆို မေမေနဲ့ဘယ်သူလာစကားပြောရဲမှာလဲ။ စဉ်းစားပြီးပြော



www.burmeseclassic.com

www.burmeseclassic.com



ပါမေမေရဲ့"

"တင်း . . . တစ်သက်လုံးလူပျိုကြီးလုပ်ဖို့တော့ စိတ်မကူးပါနဲ့သားရယ်၊ မေမေ့မှာ ဆွေဆက်မျိုးဆက်လေးတော့ ကျန်ခဲ့ပါရစေ၊ မြေးတွေမြစ်တွေနဲ့ ပျော်ပျော်ရွှင်ရွှင်ဘဝလေးကို ဘယ်တော့များမှရပ့ါမလဲ"

သူမအောင့်နိုင်ဘဲ ရယ်ချလိုက်မိတော့သည်။ ဪ . . . မေမေ . . . မေမေ, ပူပင်စရာမရှိတဲ့ဘဝရောက်နေပြန်တော့လည်း ပူစရာမရှိရှာကြံပြီး သူ့အတွက်ပူနေပြန်ပါရောလား။

"အချိန်တန်တော့ သူ့ဟာသူဖြစ်လာမှာပေါ့မေမေရဲ့၊ ကျွန်တော်,လူပျိုကြီးလုပ်ဖို့ဝါသနာမပါပါဘူး"

"ဒါဆိုဘယ်မှာလဲ သားရည်းစား"

"ဖြည်းဖြည်းပေါ့မေမေရာ"

"မဖြည်းပါနဲ့သားရဲ့။ ဒီခေတ်မိန်းကလေးတွေက လည်လည်မွတ်မွတ်နဲ့၊ မေမေ့သားလူရိုးလေးကို ချာလပတ်ယမ်းသွားအောင်မွှေ့သွားမှ ဟုတ်ပေ့ဖြစ်နေလိမ့်မယ်"

"ကျွန်တော်က ငနုံမှမဟုတ်တာမေမေရယ်"

"ပြောနိုင်မလားသားရယ်။ ခေတ်ကိုက မိန်းကလေးတွေက စတဲ့ခေတ်ဖြစ်နေတာပဲကြည့်"



"ဘာပဲဖြစ်ဖြစ် . . . ယောကျ်ားလေးက စမှသာဖြစ်တာပါမေမေ။ ခက်တာက ဒီနေ့အထိ ကျွန်တော့်နှလုံးသားကိုကိုင်လှုပ်နိုင်တဲ့မိန်းကလေး တစ်ယောက်မှမရှိသေးဘူး"

မေမေ့ထံမှ ဒုတိယမြောက်မျက်စောင်းတစ်ခု သူ့ထံသို့ရောက်လာပြန်၏။ သူက ရှပ်ကြယ်သီးသုံးလုံးဖြုတ်ထားသည်ကို ပြန်တပ်လိုက်သည်။

"ဒုက္ခပါပဲ . . . သားမိန်းမရဖို့ကို မေမေက ဘုရားရှိခိုးအဓိဋ္ဌာန်ဝင်ရမလိုဖြစ်နေပါပြီ"

"မလိုပါဘူးမေမေရယ် . . . နဖူးစာမှန်ရင် အချိန်တန် ရှာလည်လာမှာပဲ။ အဲဒီအခါကျမှ ကျွန်တော်ရွေးချယ်တဲ့မိန်းကလေးတို့ ရုပ်ဆိုးလို့၊ အသားမည်းလို့၊ ပညာမတတ်လို့၊ ဆင်းရဲလို့ဆိုပြီး အပြစ်မရှာမိပါစေနဲ့နော်"

"အမယ်လေး . . . သားချစ်မှတော့ မေမေကလည်းချစ်ဖို့အသင့်ပါရှင်။ ဟဲ့ . . . ဒါကဘယ်ကိုပြန်ထွက်ဦးမလို့လဲ၊ ရေချိုးထမင်းစားကြစို့လေ"

"ခဏလေးပါမေမေ၊ အောက်ထပ်ကဆိုင်မှာ ဆေးဘူးတွေဆင်းဝယ်လိုက်ဦးမယ်။ မေမေက ကျွန်တော့်ကိုကြိုမှမပြောတာကိုး . . ."



www.burmeseclassic.com

www.burmeseclassic.com



"မေမေဆွေးသွားလို့ပါ သားရယ်။ ဒါကြောင့်ပြောတာပေါ့။ ဒွေးလေးသာရှိရင် မေမေ့အတွက် အားလုံးအဆင်သင့်သတိပေးနေမှာ"

"အဆင်သင့်သတိမပေးဘဲ. . . မေမေ့ကိုနိုင်စားတဲ့မိန်းကလေးဖြစ်နေရင် ဘယ့်နှယ့်လုပ်မလဲ"

"အမယ်. . . မေမေ့သားက ဒီလိုခပ်ဆိုးဆိုးချွေးမမျိုးတော့ အိမ်ပေါ်ကို ခေါ်မတင်လောက်ပါဘူး။ ဒီလောက်တော့ မေမေသိပါတယ်သားရဲ့"

သူ့အသံထွက်အောင်ရယ်လိုက်ရင်း ဖိနပ်ပြန်စီးကာ တံခါးဖွင့်၍အောက်ထပ်ကိုအပြေးဆင်းလာခဲ့၏။ ည (၇)နာရီသာရှိသေးသည်မို့ Mart ထဲမှာ လူစည်ကားနေသေးသည်။ ဆေးကောင်တာဆီသွား၍ မေမေသောက်နေကျဆေးဘူးတို့ကိုရှာ၍ယူနေစဉ် သူ့ဘောင်းဘီကို တစ်စုံတစ်ယောက်က လာဆွဲလိုက်လေ၏။

"ဖေဖေ"

"ဟင်! "

ဖျတ်ခနဲငုံ့ကြည့်လိုက်စဉ် အသက်လေးနှစ်အရွယ်ကလေးတစ်ယောက်က သူ့ဘောင်းဘီကို လက်ဖောင်းဖောင်းလေးဖြင့်ဆွဲ၍ တဖျပ်ဖျပ်လက်နေသည့်မျက်ဝန်းတို့ဖြင့် ပြုံးကြည့်နေလေသည်။





ကြည့်စမ်း! ဒီကလေးလေးမျက်နှာက သူနဲ့ချွတ်စွတ်ကိုတူနေတာပါလား။ သူ တအံ့တသြဖြင့်ကြည့်နေမိရာမှ သတိဝင်သွားၿ၏။

"ချာတိတ်, မင်းလူမှားနေပြီ။ ဦးက သားရဲ့ဖေဖေမဟုတ်ပါဘူး"

ကလေး၏မျက်ဝန်းလေးများ ဖျတ်ခနဲမှိုင်းဝေသွားကာ သူ့ဘောင်းဘီကိုဆွဲထားသည့်လက်ကလေးက အလိုလိုလွှတ်လိုက်လေ၏။ ငိုမဲ့မဲ့မျက်နှာလေးဖြင့် ဝေ့သီလာသည့်မျက်ရည်ကြည်တို့ကြောင့် သူ့ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရလေသည်။ သူ, ဆေးဘူးတွေကိုင်ထားလျက်မှ ကလေးအနီးမှာအသာထိုင်ချလိုက်၏။

"သား. . . ဘယ်သူနဲ့လာတာလဲ"

ကလေးက သူ့ကိုဘာမှထပ်မပြောဘဲ ရီဝေဝေအကြည့်တို့ဖြင့်သာ ငေးနေလေသည်။ ကြည့်ပါဦး. . . မျက်ခုံးတွေ၊ နှာတံ၊ နှုတ်ခမ်း၊ နဖူးနှင့်မေးရိုးကျပုံကအစ ဆံနွယ်ပျော့ပျော့လေးတွေအဆုံး. . . သူ, ဘုရားကိုသာ,တလိုက်မိလေ၏။

"အသည်းတုံးရေ. . . ဘယ်မှာလဲ"

ချိုသာသည့်အသံကြည်ကြည်ကလေးကို ကြားလိုက်ရင် ကလေးက ဆတ်ခနဲခေါင်းကိုမော့ထောင်လျက် အသံပြန်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

လေ၏။

"ဏီဏီ. . . သွားဒီမှာ"

စင်များနောက်မှ တရှပ်ရှပ်ခြေသံကိုကြားလိုက်ရပြီး သူ့နောက်ကျောမှာရပ်လိုက်သည့်လူရိပ်ကြောင့် သူမတ်တတ်ရပ်လိုက်၏။

"ပြန်ကြမယ်လေ. . . လာ"

"ဏီဏီ. . . ဟို"

ကလေးက သူ့ကိုအကြည့်ရောက်လာပြန်သည်မို့ သူက အနောက်ဘက်ကိုလှည့်ကြည့်လိုက်မိစဉ် ရင်ခုန်သံတို့က ဒိန်းခနဲ မြည်ဟည်းသွားလေ၏။ အထပ်အထပ်ညှပ်ထားသည့် ရှေ့ဘက်မှ ဆံနွယ်တို့ကိုဆတ်ခနဲပင့်တင်လျက် သူ့ကို စူးခနဲမော့ကြည့်လိုက်ပါ သည့်မျက်ဝန်းတစ်စုံ၊ မျက်ဆံနက်နက်လေးများထံမှ နာကြည်းမှု အရှိန်အဝါတွေက ခုန်ထွက်လာတော့မယောင်။

ဘုရားရေ. . . ဒီမိန်းကလေးက သူ့ကိုမြင်လိုက်တာနဲ့ ဒီလိုအကြည့်မျိုးနဲ့ကြည့်ရသတဲ့လား။

"ဖေဖေ"

"သား. . . လာ. . . အခုချက်ချင်းပြန်ကြမယ်။ ဒီလိုလူမျိုးကို ဒီလိုနာမ်စား သားသုံးဖို့မလိုအပ်ဘူး။ လာခဲ့. . ."





သူ့ပါးစပ်ဟသွားရလေ၏။ ဘာလိုင်းကြီးပါလား။ ကလေးက သူ့ကိုလူမှားပြီး ဖေဖေခေါ်တယ်. . . ခုတစ်ခါ သူမက သူ့ကို အခြောက်တိုက်မျက်မုန်းကျိုးနေပြန်ပါရောလား။

"ကလေးက ကျွန်တော့်ကိုလူမှားပြီး. . ."

"တော်! ရှင်ဘာမှဆက်မပြောနဲ့။ ရှင့်လိုလူနဲ့စကားပြောရတာ ကျွန်မအတွက်သိက္ခာကျတယ်ရှင့်။ အသည်းတုံး. . . သွားကြမယ်"

"ဏီဏီ. . . သား. . . ဖေဖေနဲ့"

"အသည်းတုံး. . . ဏီဏီ့အကြောင်း သားသိတယ်နော်။ လာဆိုလာမှပေါ့"

သူမလက်တစ်ဖက်မှာ ခြင်းတောင်းကိုချိတ်ဆွဲထားပြီး ကျန်လက်တစ်ဖက်ဖြင့် ကလေးကိုဆတ်ခနဲဆွဲခေါ်ကာ သူ့ရှေ့မှခပ်သုတ်သုတ်ထွက်သွားလေ၏။ လည်ကုပ်အထက်နားမှာ ဘောလုံးကေဖောင်းဖောင်းလေးအောက် ဆံနွယ်စအချို့က ဝင်းဝါသည့်အသားထက် မှေးတင်လျက်ရှိ၏။ ကိုယ်ကျပ် Sport Shirt ကို Quarter Pants ဖြင့်တွဲဝတ်ထားကာ ကြိုးသိုင်းဖိနပ်အနက်ရောင်လေးစီးထားတာမို့ သူမအသက်က ခန့်မှန်းခြေ (၂၀)ဝန်းကျင်ခန့်ပေါ့။

အမှတ်တမဲ့ငေးနေမိရာမှ သူ့ရှေ့မှ သူမတို့ကွယ်ပျောက်


www.burmeseclassic.com

www.burmeseclassic.com

သွားလေ၏။ သူ့ခေါင်းကိုခါယမ်းလိုက်မိပြီး ဆေးဘူးတွေကိုပြန်ရွေးတာ တောင်တာမှာငွေရှင်း၍ သုံးလွှာသို့ပြန်တက်လာခဲ့သည်။

လောကမှာ လူတူမရှားနာမည်တူမရှားဆိုတာ တကယ်ပဲမှန်နေပါရောလား။ ထူးဆန်းလိုက်တာ. . . သူငယ်စဉ်ကပုံစံနှင့်ခွတ်စွပ်တူလွန်းနေသည့်ကလေးတစ်ယောက်ကို သူ့မျက်စိနှင့်တစ်အပ်မြင်တွေ့ရလေပြီ။

ဖေဖေတဲ့. . .။ မင်းဖေဖေနဲ့ ဦးနဲ့က, တော်တော်များရုပ်ဆင်နေလို့လားကလေးရယ်။

ဏု ဏု ဏု



## အခန်း ( ၂ )

ကုမ္ပဏီရုံးခန်းထဲဝင်လိုက်စဉ် အပေါင်းအသင်းလုပ်ဖော်ကိုင်ဖက်တွေက ပြုံး၍နှုတ်ဆက်လိုက်လေ၏။ အေးမီက Computer ရိုက်နေရင်းမှ သူ့ကိုဖျတ်ခနဲလှည့်ကြည့်ရင်း ပြောလိုက်လေသည်။

"ကိုလင်းရေ. . . မန်နေဂျာက လာခဲ့ဦးတဲ့။ ကိုလင်းကို ဒီနေ့ လှိုင်သာယာက ရွှေစကြာကိုလွှတ်မယ်လို့ကြားတယ်"

"ဟာ. . . ဘာလဲ. . . ကြွေးတောင်းဖို့ကိစ္စလား"

"ဒါပဲနေမှာပေါ့"

"သေစမ်း. . ."



www.burmeseclassic.com

www.burmeseclassic.com

သူ့ နဖူးကိုဖြန်းခနဲရိုက်လိုက်လေတော့ ရုံးခန်းထဲကလူတွေ အားလုံးပြုံးစိစိဖြစ်ကုန်၏။ သူ့စားပွဲခုံမှာ File ကိုတင်လိုက်ပြီး မန်နေဂျာရုံးခန်းမှန်တံခါးကို တွန်းဖွင့်၍ဝင်လိုက်သည်။ မန်နေဂျာ ဦးမောင်မောင်ကြီးက မျက်မှန်ကိုပင့်ကြည့်လျက် သူ့ကိုခေါင်းညိတ်၍ခေါ်လိုက်လေ၏။

"လာ. . . ထိုင်ဦး၊ ဖိုးသော်။ မင်း ဒီနေ့ ရွှေစကြာကိုသွားရမယ်"

"တခြားကိစ္စခိုင်းပါလားအစ်ကိုရာ။ အဲဒီကြွေးတောင်းတဲ့ကိစ္စဆို ကျွန်တော်စိတ်ပျက်လွန်းလို့ပါ။ ကျန်တာ ဘာပဲလုပ်ရလုပ်ရ ကျွန်တော်လုပ်ပေးနိုင်ပါတယ်"

"တာ. . . မင်းကိုဒါမျိုးခိုင်းမယ်ဆို ဆင်ခြေတက်ပြီ။ ဖိုးသော်. . . တစ်ရုံးလုံး ငါခိုင်းသမျှ ဘယ်သူမှစောဒကမတက်ရဲကြဘူး။ မင်းသာ ကမျိုးမျိုးဆင်ခြေပေးတာ။ ခွေးကောင်. . . ဆင်တစ်ကောင်လုံး မျိုထားသလားမှတ်ရတယ်"

သူ့မျက်နှာရှုံ့တွသွားတော့ မန်နေဂျာက တစ်ချက်ပြုံးလိုက်လေ၏။ နဂိုကတည်းက အားနာတတ်တာ သူ့အကျင့်မဟုတ်ပါလား။ ဒီလိုကြွေးတောင်းဖို့ကိစ္စဆို ပိုဆိုးသေး။ ကုမ္ပဏီစထောင်စဉ်ကတည်းက မန်နေဂျာနှင့်အတူ အလုပ်စတွဲလုပ်ခဲ့မိတာမို့ သူ့





အကြောင်းကို မန်နေဂျာအသိဆုံးပင်။ ဒီရွှေစကြာကုမ္ပဏီပိုင်ရှင် ဦးကျော်သန့်က အသက် (၄၀)ကျော်လူပျိုကြီး၊ ကပ်စေးနည်းလက်ပေါက်တတ်သူမဟုတ်လား။ အဲဒီလူဆီ ကြွေးကျန်တောင်းတာထက် ကျားမြီးသာပြေးဆွဲလိုက်တာကမှ ပိုအဆင်ပြေဦးမည်။

"တခြားလူခိုင်းပါလား အစ်ကိုရာ။ ဒီလူကြီးနဲ့စကားပြောရရင် ကျွန်တော်. . . တိုင်နဲ့ခေါင်းနဲ့ပြေးသာဆောင့်လိုက်ချင်တယ်။ သိတယ်ပဲ"

"မသွားလို့မဖြစ်ဘူးကွ။ အရင်ကြွေးတွေနဲ့ပေါင်းလိုက်ရင် (၁၀)သိန်းနီးပါးရှိနေပြီ။ ဒီ့ထက်များလာရင် မကောင်းတော့ဘူး။ ဖိုးသော်ကြာ. . . GM သိရင် ငါရောမင်းပါအထုခံရမှာ"

သူ့ခေါင်းကိုတဗျင်းဗျင်းကုတ်လိုက်တော့ ဦးမောင်မောင်ကြီးက ဟက်ခနဲရယ်လိုက်လေသည်။

"အမယ်လေးဖိုးသော်ရာ. . . မင်းပုံစံက တကယ်ပဲတိုင်နဲ့ခေါင်းပြေးဆောင့်တော့မလိုပဲ။ ငါ ဒီလောက်မရက်စက်ပါဘူးကွာ။ မင်းက ကားမောင်းပို့ရုံနဲ့ ငွေထုပ်ကိုင်ခဲ့ရုံပါ"

"ဒါဖြင့်ဘယ်သူလိုက်မှာလဲ. . . အေမီလား"

"မဟုတ်ဘူး"

"စန္ဒီလား"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး. . . နယ်ရုံးခွဲက ဌာနချုပ်ကိုပြောင်းလာမယ့် လူသစ်"

"ဟာ. . . လူသစ်က ဦးကျော်သန့်အပါးကို. . . နပ်မလား အစ်ကိုရ"

"ကျွတ်. . . လျှော့မတွက်ပါနဲ့ဖိုးသော်ရာ။ ငါ့ညီမပါကွ"

"လူလွတ်ပဲလား"

"လူလွတ်ပေါ့၊ တို့ရုံးမှာ အိမ်ထောင်သည်ဘယ်နှယောက် ခန့်ဖူးလို့လဲ"

မေမေပြောထားသည့်စကားကို ပြန်ကြားယောင်မိရင်း သူ့ မျက်နှာပြုံးစိစိဖြစ်သွားတော့ ဦးမောင်မောင်ကြီးက မျက်ထောင့်နီကြီးဖြင့် သူ့ကိုစိုက်ကြည့်လိုက်လေ၏။

"အံမာ. . . ရှုပ်ကိုက စပ်ဖြဲဖြဲလုပ်မနေနဲ့။ ငှက်ကလေးက ငါ့နှမနှစ်ဝမ်းကွဲတော်တယ်။ မာနကကြီးလိုက်သမှ မိုးထိကိုကစ်ရော. . . ဖိုးသော်ရေ။ မင်းမရိုးမသားကြံစည်မယ်မကြံနဲ့။ တစ်ခါတည်းလွင့်သွားမယ်။ ဟိုက ခါးပတ်နက်ရထားတာနော်"

"အားပါးပါး. . . လန့်စရာကြီးပါလား"

သူက ပခုံးတွန့်ပြလိုက်ပြီး မန်နေဂျာစားပွဲထက်ရှိ Attendent စာအုပ်ထဲမှာလက်မှတ်ထိုးနေစဉ် အခန်းတံခါးခေါက်သံကြား





ဆိုက်ရလေ၏။

"ဒေါက်! . . . ဒေါက်! "

"ကိုကြီး. . . ဏီရောက်ပြီ"

"ဝင်ခဲ့လေ"

ဖျတ်ခနဲပွင့်သွားသည့် ခပ်နောက်နောက်မှန်တံခါးဆီမှ နက်ခင်းနှင်းဆီတို့ စပွင့်အာလေပြီကော။ ဗုဒ္ဓေါ! အစ်ကို့ညီမဆိုတာ ညကပဲ သူနှင့်တွေ့ခဲ့သည့် ဏီဏီဆိုသည့်ကောင်မလေးဖြစ်နေပါရောလား။

"လာ. . . ထိုင်. . . ငှက်ကလေး၊ ရော့. . . ဒီမှာလက်မှတ်ထိုး၊ ပြီးရင် ဒီမှာညည်းသွားတောင်းရမယ့်ကြွေးစာရင်း File၊ သတိထားမယ်နော်. . .။ ဦးကျော်သန့်က အတော့်ကိုလက်ပေါက်ကပ်တဲ့လူကြီး၊ Container ငှားတိုင်း အမြဲတမ်းကြွေးကျန်ထားတယ်။ လုပ်ငန်းဆက်စပ်နေလို့ မလွှဲသာဘဲဆက်ဆံနေရတာ။ သူ့ဆီကြွေးသွားတောင်းတဲ့လူတိုင်း အမြဲလက်လန်ခဲ့တာချည်းပဲ"

"ရပါတယ်. . . ဏီက လုပ်ငန်းရှင်ပေါင်းစုံနဲ့တွေ့ဖူးတာပဲ ကိုကြီးတာ"

"အေး. . . ညည်းကို ဖိုးသော်လိုက်ပို့ပေးလိမ့်မယ်။ ငွေ ရအောင်တောင်း။ သေချာစစ်ပြီးမှယူလာခဲ့"



www.burmeseclassic.com

www.burmeseclassic.com

သူမ၏မျက်ဝန်းများ သူ့ထံ ဖျတ်ခနဲရောက်လာလေ၏။ တွန့်ချိုးသွားသည့်ဖင်ယော်တောင်မျက်ခုံးတန်းလေးများနှင့်အတူ ခပ်တင်းတင်းစေ့လိုက်ပါသည့်နှုတ်ခမ်းပါးလေးများ။

"တခြား driver မရှိဘူးလားကိုကြီး"

"ဟဲ့... ဖိုးသော်က driver မဟုတ်ဘူး... ငှက်ကလေး။ senior staff ပါ၊ သော်တာလင်းတဲ့။ ဖိုးသော်... ဒါ ဇာမဏီပဲ မှတ်ထားကြ။ ၉ နာရီခွဲ ဒီကထွက်။ ငှက်ကလေးက ဖိုးသော်စားပွဲမှာပဲ ခုံတစ်လုံးယူပြီးထိုင်။ ဖိုးသော်မှာ အလုပ်တွေတစ်ပုံကြီးရှိတယ်၊ ဝိုင်းကူလုပ်ပေး။ ကြားလား... သွားကြတော့"

"ကိုကြီး... ဒါဆိုလည်း ဇာ Taxiနဲ့ပဲသွားမယ်"

"လျှာမရှည်နဲ့ ဇာမဏီ၊ ငွေတွေများလို့ ငါ တမင်ဖိုးသော်နဲ့အတူတွဲလွှတ်တာ။ ညည်းရန်ကုန်ရောက်တာမှ ရက်ပိုင်းပဲရှိသေးတယ်၊ အတင့်မရဲနဲ့..."

"ဇာ... သူနဲ့အတူမသွားချင်ဘူး"

"ဟာ... လာပြန်ပြီ ဒုတိယဖိုးသော်။ တော်တော်ခေါင်းမာတဲ့ကလေးမပါလား။ ဒီနေ့ပဲအလုပ်စဝင်တယ်၊ ငါ့ကိုထော်လော်ကန့်လန့်က လုပ်ချင်နေပြီ၊ Complain တက်မယ်မကြံနဲ့ဇာမဏီ၊ GMရှေ့မှာ ငါမျက်နှာမပျက်ချင်ဘူး"





"ကိုကြီးကလည်း ဇာ... သူနဲ့မသွားချင်လို့ပါဆိုနေမှပဲ"

"ကျွတ်... နေစမ်းပါဦး။ ညည်းက ဖိုးသော်နဲ့ဘာကြောင့်အတူမသွားချင်ရတာလဲ။ ညည်းတို့ဘယ်တုန်းကသိခဲ့ဖူးလဲ၊ ပြောစမ်းပါဦး"

"ဟာ... အစ်ကို၊ ကျွန်တော်, သူ့ကိုတစ်ခါမှမသိခဲ့ဘူးနော်။ အဲဒါအမှန်ပဲ"

"ဩော်... ကျွန်မကပဲ ရှင့်ကိုပတ်သက်ချင်နေတယ်များ ထင်နေလား။ ဝေးပါသေးတယ်"

"ခင်ဗျားနော်... ကျွန်တော့်ကိုဘလိုင်းကြီးခွပ်ပြန်ပြီ"

"ရှင့်အကြောင်း ရှင်အသိဆုံးပဲမဟုတ်လား။ ဟွန်း! ပုံစံကကို ခေတ်တတ်တဲ့ကြောင်လိုပဲ၊ လူမမြင်ကွယ်ရာကျမှ လက်သည်းထုတ်တဲ့အမျိုး"

"ဟာ... ခင်ဗျား"

"ကဲ.. တော်တော့... အလုပ်ထဲမှာ Personal ကိစ္စတွေ မရောစေနဲ့၊ သွားတော့... အခုပဲကိုးနာရီခွဲနေပြီ"

ဟိုက်... သေရော... အစ်ကိုပြောလိုက်မှပဲ ဂိတ်ဆုံးကိုရောက်ပါရောလား။ သူမက ခြေဆောင့်လိုက်ပြီး File ယူလျက် ရှေ့ထွက်သွားသဖြင့် သူ့ကားသော့ယူ၍ လိုက်ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com


ပြုသနာပဲ။ တစ်ခါမှမရင်းနှီးဖူးပါပဲ သူ့ကိုဘယ့်နှယ့်မျက်မှန်းကျိုးနေပါလိမ့်။

"ဟော့...နေဦးလေ"

"မနေနိုင်ဘူး...သွားစရာရှိမြန်မြန်သွား၊ ပြီးရင်မြန်မြန်ပြန်လာမှာပေါ့။ အချိန်ဆွဲစရာလား..."

ရုံးခန်းထဲမှာ လှည့်ကောလိုက်သည့် သူမအသံစူးစူးလေးကြောင့် အားလုံး၏အကြည့်က သူတို့နှစ်ဦးထံပြုံကျလာလေ၏။ တွတ်...ခတ်တော့နေပါပြီ။ သူက သူ့စားပွဲနောက်ရှိ Aluminium ဗီရိုသော့ကိုဖွင့်၍ Hand Phone ကိုယူလိုက်ပြီး အပြင်သို့ခပ်သုတ်သုတ်လိုက်ထွက်ခဲ့ရသည်။

ရှေ့ခန်းကားတံခါးကိုဖွင့်ပေးသော်လည်း သူမက နောက်ခန်းတံခါးကိုဖွင့်၍ တက်ထိုင်လိုက်သဖြင့် ဂိတ်စောင့်မောင်ထူးက ပြုံးစိစိကြည့်နေလေ၏။ သူတစ်ချက်တင်းသွားပြီး ကားကိုမောင်းထွက်လာခဲ့သည်။ လူကိုများ မယုံသလိုလို၊ မတူသလိုမတန်သလိုပါပဲလား။ အခံရခက်လေစွ။

အောင်ဖေယျတံတားမှဆင်းလာရင်းက Hand Phone ခလုတ်တွေကိုနှိပ်လိုက်၏။ တစ်ဖက်မှ ဖုန်းကိုင်လိုက်သံကို ကြားလိုက်ရသည်။

"ဟဲလို...ရွှေစကြာကုမ္ပဏီကပါရှင်"

"ငုဝါလား"

"ဟုတ်ကဲ့...ကိုလင်းလား"

"အေး...ဦးကျော်သန့်ရောက်နေပြီလား"

"ဟင့်အင်း...ဆယ်နာရီခွဲလောက်မှရောက်မှာ ကိုလင်းနဲ့။ ဘာလဲ...ဒီကိုလာမလို့လား"

"အေး...နင်ကြိုမပြောထားနဲ့နော်။ နင်တို့ Boss...အကြောင်း သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ဒါဖြင့် ငါဆယ်နာရီကျော်မှပဲလာခဲ့တော့မယ်...ဒါပဲ"

သူက ဈေးထိပ်မှာ ကားကိုလမ်းဘေးသို့ထိုးရပ်လိုက်လေ၏။ သူမထံမှ အသံစူးစူးလေးထွက်လာလေသည်။

"ဒါကဘာလုပ်မလို့လဲ။ ကုမ္ပဏီကိုတန်းမမောင်းဘဲနဲ့"

"ဗိုက်ဖြည့်မလို့ပေါ့ကွ။ ဦးကျော်သန့်က မရောက်သေးဘူး။ ခန်းထဲမှာစောင့်ရမယ့်အတူတူ မုန့်စားတာကမှ ပိုကောင်းသေးတယ်။ ပြီးရင် သူနဲ့လေကြောရှည်နေတာနဲ့ နှစ်နာရီထိုးသွားလိမ့်မယ်။ မင်းလည်းဆာလာမှာ...လာလေ"

"ဘာကိစ္စဆင်းရမှာလဲ...မဆင်းဘူး။ အလုပ်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်တာလောက် မုန်းစရာကောင်းတာမရှိတော့ဘူး”

“ဒါတော့ မင်းသဘောပဲ။ ငါကတော့ သူ့ဆီမှာငုတ်တုတ်အဆာမခံနိုင်ဘူး။ သွားပြီ. . .”

သူက ခပ်လှမ်းလှမ်းရှိ ခပ်သန့်သန့်မုန့်ဟင်းခါးဆိုင်ထဲ ဝင်ထိုင်၍မုန့်မှာလိုက်လေ၏။ တကယ်ပဲ သူမုန့်စားနေချိန်ထိ သူမက ကားပေါ်မှဆင်းမလာခဲ့ပေ။ ကျသင့်ငွေရှင်းပေးပြီး ဘေးဆိုင်မှ ပဲပလာတာငါးချပ်ထုပ်ခိုင်းလျက် ရေသန့်တစ်ဘူးဝယ်၍ ကားဆီသို့ ပြန်လာခဲ့၏။ တားတံခါးကိုဖွင့်တက်စဉ် သူမထံမှ မကျေမနပ်မျက်စောင်းတစ်ခုကို သူရပြန်လေသည်။ အင်း, . . မျက်စောင်းတစ်ခါ အထိုးခံရတိုင်း သူ့နှလုံးသားတစ်ခါဆောင့်ခုန်မိတာနဲ့၊ ကြာရင် မေမေ့လိုနှလုံးရောဂါရတော့မယ်ထင်ပါရဲ့။

စက်ရုံဝင်းထဲ ကားကိုချိုးကွေ့ဝင်ချလိုက်ပြီး ဆင်းခဲ့၏။ အပေါ်ထပ်ရုံးခန်းသို့တက်လာစဉ် MDရုံးခန်းထဲမှ ငှဝါက တံခါးဖွင့်ထွက်လာလေ၏။

“ရှိလား”

“အင်း. . .”

သူနှင့်သူမ ရှေ့ဆင့်နောက်ဆင့်ဝင်သွားတော့ ဦးကျော်သန့်က ဖုန်းဆက်နေရာမှ ခေါင်းဆတ်ပြလိုက်သဖြင့် ခုံဆွဲ၍ထိုင်





လိုက်ရသည်။

“မောင်မောင်ကြီးလွှတ်လိုက်တာလား”

“ဟုတ်ကဲ့”

“ငါ့ နောက်တစ်ပတ် ငှဝါနဲ့လွှတ်ပြီးစာရင်းရှင်းပေးမှာ ဆော့ဖိုးသော်”

သူက ပခုံးတစ်ချက်တွန့်ပြလိုက်ပြီး သူမကိုမေးဆတ်ပြလိုက်သဖြင့် ဦးကျော်သန့်အကြည့်တွေက သူမထံရောက်လာ၏။

“ကျွန်မနာမည် ဇာမဏီပါ. . . Three Star ကုမ္ပဏီနယ်ရုံးခွဲကပြောင်းလာတဲ့ Staffပါ ဦးကျော်သန့်”

“ငါ ဒီမှာဖိုးသော်နဲ့ပြောနေတယ်လေ, ဇာမဏီ”

“သူက အခု driver အနေနဲ့လာတာပါ ဦးကျော်သန့်ရှင့်။ စာရင်းရှင်းဖို့တာဝန်ကို ကျွန်မယူလာခဲ့တာပါ”

“ကျွတ်. . . ငါနဲ့မောင်မောင်ကြီးကြားမှာ ဘာမှပြဿနာ အထွေအထူးမရှိပါဘူး။ တစ်ယောက်နဲ့တစ်ယောက်နားလည်မှုရှိပြီးသားမို့”

“ကျွန်မ,ရစရာရှိတဲ့ငွေစာရင်းနဲ့တကွ ငွေလာတောင်းနေတာပါဦးကျော်သန့်”

ဦးကျော်သန့် မျက်ခုံးနှစ်ဖက်မြင့်တက်သွားရ၏။ ဤလှ



www.burmeseclassic.com

www.burmeseclassic.com



တပတာကောင်မလေးက ခပ်မာမာအမျိုးပါလား။ ဒီကိုအခုမှရောက်ဖူးပေမယ့် ရှိန်ခြင်းလန့်ခြင်းမရှိဘဲ ငွေလာတောင်းပုံကိုက ခပ်တင်းတင်းပင်။

"အေးလေ. . . ငါလည်း မြေပြေလည်လည်ပြောနေတာပဲဟာ"

"အလုပ်ကို အလုပ်လို ပီပီပြင်ပြင်လုပ်မှပေါ့ရှင့်။ လူကြီးမင်းငွေကျန်စာရင်းတွေက ဖေဖော်ဝါရီလကတည်းကမို့. . . ခုဆိုခြောက်လကျော်ပြီး ပုံနေပြီ။ စာရင်းဆိုတာ အပြီးအပြတ်ရှင်းမှ အဆင်ပြေမှာပေါ့။ လူကြီးမင်းကုမ္ပဏီက ပစ္စည်းတွေ Export တင်တော့ တစ်ဖက်က ဒီလိုအကြွေးတွေချန်ထားရင် ကြိုက်ပါ့မလား။ ကိုယ်ချင်းစာမှပေါ့။ ငွေရှစ်သိန်းခြောက်သောင်းခွဲဆိုတာ နည်းသလား. . . ဆယ်သိန်းနီးပါးကပ်နေပြီ"

ကျိတ်လိုက်ကွ. . .။ မည်းခနဲဖြစ်သွားသည့် ဦးကျော်သန့်မျက်နှာကြီးကိုကြည့်ရင်း သူရယ်ချင်လာသဖြင့် ခေါင်းငုံ့ပြုံးလိုက်ရသည်။ အခုမှပဲ အမြဲလှည့်ပတ်နေခဲ့သည့်လူကြီး ချောင်ပိတ်နေလေပြီ။ ငွေမရှိတာလည်းမဟုတ်။ ရှိရဲ့သားနဲ့ တမင်ကပ်သပ်နေသည့်ကပ်စေးနည်းကြီးမျက်နှာက ခုတော့ လငပုပ်ဖမ်းသလိုပါပဲလား။





"ငါ့,ရှေ့တစ်ပတ်ထဲ. . ."

"ကျွန်မ ဒီနေ့အပြတ်တောင်းခဲ့မယ်လို့ ကျွန်မအစ်ကိုကိုကတိပေးခဲ့ရတာပါ။ မရလို့မဖြစ်ဘူးရှင့်"

"ဘဏ်က ဒီလိုရက်မျိုးလူရှုပ်တော့"

"ရပါတယ်. . . Cheque ရေးပေးလိုက်လည်းဖြစ်ပါတယ်။ ကျွန်မဘာသာ ဝင်ထုတ်လိုက်ပါ့မယ်"

ဦးကျော်သန့်မျက်နှာကြီး ရှုံ့တွသွားတော့သည်။ Intercon ဒီလောက်ကိုနှိပ်ကာ မပြောချင်ပြောချင်ဖြင့်ပြောလိုက်ပုံကိုက ကသိကအောင့်. . .

"ငုဝါ, မောင်မြင့်သိန်းဆီက ငွေရှစ်သိန်းခြောက်သောင်းခွဲ ခဏယူလာခဲ့ပေး"

"အန်ကယ်. . . သူ့ကိုသီးသန့်ပေးထားတာရှိလို့လား"

"ဟင့်အင်း. . . ဦးတိုက်မောင်းကိုပေးမယ့် (၂၀)ထဲကပဲ ပေးလိုက်လို့"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ခဏအကြာ ငုဝါယူလာပေးသည့်ငွေထုပ်တွေကို သူမက အသွက်သွက်ဖြင့် တစ်ရွက်ချင်းတစ်ထုပ်ချင်းရေတွက်ပြီး၊ တိကျမှုအာ ဘောက်ချာတစ်စောင်ဖြတ်ပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"တျွန်မတို့ပြန်ပါဦးမယ်"

သူမ ခပ်မာမာပင်ပြော၍ထရပ်လိုက်ပြီး သူ့လက်ထဲသို့ ငွေထည့်ထားသည့်ကျွတ်ကျွတ်အိတ်ကို လှမ်းပေးလိုက်လေသည်။ ရုံးခန်းထဲမှထွက်လာတော့ ငုဝါက သူ့ကိုပြုံး၍နှုတ်ဆက်လိုက်လေ၏။

"OK သွားပြီမဟုတ်လား ကိုလင်း"

"အေး"

"ဒါဆို ဒီကိုခဏခဏမလာရတော့ဘူးပေါ့"

သူမက မျက်လွှာတစ်ချက်ပင့်၍ ငုဝါကိုအကဲခတ်လိုက်ပြီး လှေကားမှဆင်းလာခဲ့သည်။ အင်း. . . ဒီပုံနဲ့ဆိုရင်တော့ ကြွေးကျန်တိစ္ဆတွေအားလုံး သူမ,ရှင်းရင်အကုန်ပြတ်သွားမှာပါလေ။

ဂျာ ဂျာ ဂျာ



အခန်း ( ၃ )

မမြိုင် ဘုရားပန်းဝယ်ဖို့မေ့ခဲ့သည်မို့ ဈေးထဲသွားရန် ဒေါ်အေးအေးစိမ့် တံခါးဖွင့်လိုက်၏။ တစ်ဖက်အခန်းမှ မိန်းကလေးတစ်ဦးနှင့် ကလေးလေးတစ်ယောက်ထွက်လာတာကို တွေ့လိုက်ရသည်။

"ဒီတစ်ရက်ပဲနော်. . . အသည်းတုံး။ ကြီးကြီးက အလုပ်အာတ်ကျလို့မရဘူး။ နောက်နေ့ကစပြီး ဘုံဘုံနဲ့ပဲသွားရမယ်။ ကြားလား"

"ဟုတ်ကဲ့ပါ ကြီးကြီး"

ဆံရှည်ရှည်လှ၍ ဖြီးထားသည့်ဦးခေါင်းထက်မှာ ဦးလုပ်လေး



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းပေးလိုက်သဖြင့် ဒေါ်အေးအေးစိမ့် အမှတ်တမဲ့ငုံ့ကြည့်လိုက်မိ၏။

ဘုရားရေ့ . . သားငယ်ငယ်ပေါက်စနပုံစံလေးနှင့်ချွတ်စွပ်တူတဲ့ကလေးလေးပါလား။

"သမီးက ဟိုတစ်နေ့ကပြောင်းလာတဲ့လူသစ်တွေပေါ့နော်"

"ဩော် . . . ဟုတ်ပါတယ်အန်တီ"

"မြေးလေးက ချစ်စရာလေးကွယ်။ မူကြိုတက်မလို့လား"

"ဟုတ်ကဲ့"

"နာမည်ဘယ်လိုခေါ်သလဲကွယ်"

"ဘွားဘွားမေးနေတယ်လေ, အသည်းတုံး"

"လပြည့်အောင်ပါ . . . ဘွား"

"လှလိုက်တာနော် . . . မျက်နှာလေးကအစ ပြည့်ပြည့်ဖောင်းဖောင်းလေး . . . နာမည်နဲ့သိပ်လိုက်တာပဲ"

"ခွင့်ပြုပါဦးအန်တီ . . . ကျောင်းချိန်နောက်ကျမှာစိုးလို့ပါ"

"ဩော် . . . အေးအေး . . . သမီးလေး"

ကလေးမက ရှေ့မှခပ်သွက်သွက်ဆင်းသွားသဖြင့် ဒေါ်အေးအေးစိမ့် ခပ်ဖြည်းဖြည်းပင်လှေကားမှဆင်းခဲ့လေသည်။ ကြည့်





ပါဦး . . . အတော်ချစ်စရာကောင်းတဲ့ မိန်းကလေးပါလား။ ညနေသားပြန်လာမှပဲ ပြောပြရဦးမည်။ ဒီလိုသွက်လက်ချက်ချာတဲ့ချွေးမလေးမျိုးသာရလိုက်ရင် ဘယ်လောက်များကောင်းလိုက်မလဲ။ အင်းသားသာမျက်စိကျမယ်ဆိုရင်ပေါ့လေ။

ဂှာ

ဘီးလိမ့်နေပြီဖြစ်သည့်လိုင်းကားပေါ်သို့ သူအမြန်ပြေးတက်လိုက်၏။ စပယ်ယာထံ ကားခလှမ်းပေးလိုက်စဉ် သူရပ်နေသည့်နောက်ကျောဘက်မှ လက်ချောင်းသွယ်သွယ်လေးက တစ်ထောင်တန်ကမ်းပေးလိုက်လေသည်။

"ဘယ်မှာဆင်းမှာလဲအစ်မ"

"ရှေ့နှစ်မှတ်တိုင်"

"ဟာ . . . ငါးဆယ်ခရီးကို တစ်ထောင်တန်ကြီးမပေးပါနဲ့ဗျ အကြွေလေးဘာလေးရှာကြည့်ပါဦး"

"မရှိဘူး . . . အဲဒါတွေပဲရှိတယ်"

"ကျွတ် . . . ခက်တာပဲ၊ ဒီလိုမျိုးခရီးသည်တွေကိုအလကားပေးစီးရရင် ကြာရင်ကျွန်တော်တို့မွဲတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အံမာ. . . ကျွန်မဘယ်မှာအလကားစီးလို့လဲ။ လူကိုသေချာကြည့်ထား။ ကားခိုးစီးတဲ့အစားထဲမှာမပါဘူး"

"ဟာဗျာ. . . ကျွန်တော်ပြောတာက ပိုက်ဆံမအမ်းနိုင်လို့ပေးစီးလိုက်ရတာမျိုးကိုပြောတာဗျ"

"ဒါ ကျွန်မနဲ့မဆိုင်ဘူးလေ၊ တန်ရာတန်ကြေးပေးစီးတာပဲ။ ရှင့်ဟာရှင်မအမ်းနိုင်တာ ရှင့်ကိစ္စ"

"ဒီလိုတော့မပြောပါနဲ့ဗျ. . . ကျွန်တော်တို့မှာ တစ်နေ့မှ ခြောက်ခေါက်ပဲဆွဲရတာ။ တခြားကားတွေနဲ့အပြိုင် မနည်းလူတင်ရတာကိုလည်း နားလည်မှပေါ့"

"ကဲပါဗျာ. . . ကျွန်တော့်ကိုအမ်းမယ့်ထဲကပဲ သူ့ကားခယူလိုက်ပါ"

"အံမာ! ပိုင်စိုးပိုင်နင်းနဲ့ ရှင်က ဘာကိစ္စကားခစိုက်ပေးရတာလဲ။ မလိုဘူး. . ."

"ဟာ. . . တစ်ဂိတ်တည်းဆင်းရမယ့်လူတွေပဲလေ ဇာဂဇာ။ ပြောဖို့လိုလို့လား"

"ကြည့်စမ်း. . . လူကိုများ ဘာဇာဂဇာလဲ။ ရှင့်ကိုဘယ်သူက ဒီလိုခေါ်ခွင့်ပြုလို့လဲဟင်"

သူမအသံစူးစူးကိုနားစိုက်ထောင်မနေဘဲ ဂိတ်ရောက်စဉ်





တိုးထွက်လိုက်တော့၊ အနောက်မှာညပ်ကျန်ခဲ့ရာမှ သူမအသံက ထွက်လာပြန်၏။

"နေဦးလေ. . . ဒီမှာဆင်းဦးမယ်"

"ဆင်းမယ်ဆို စောစောစီးစီးတိုးမှပေါ့ဗျ။ အောက်မှာတက်မယ့်လူတွေတစ်ပုံကြီး"

"တိုးနေတာပဲ။ ရှင်တို့ပဲ လူတွေကိုငါးပိသိပ်ငါးချဉ်သိပ်သိပ်ထည့်နေပြီးတော့"

"ဘေးတစ်စောင်းတိုးလေ။ ဟိုရှေ့ကအစ်ကို. . . အစ်ကို့ဆောင်မလေးကို တစ်ခါတည်းဆွဲခေါ်သွားပါဗျ"

"ဘာရှင့်! "

စပယ်ယာကိုလှည့်ရန်ထောင်ရန်ရွယ်နေသည့် သူမလက်ဖွေးဖွေးလေးကို ဆတ်ခနဲဆွဲ၍ ကားအောက်ကိုဆင်းလိုက်၏။ သူ့လက်ကိုပြန်လွှတ်ပေးလိုက်စဉ် သူ့ကျောပြင်ထက် ဖြန်းခနဲအသံနှင့်အတူ စပ်ဖျင်းဖျင်းအရသာကို သူခံစားလိုက်ရသည်။

"ဟာ. . . ဘယ်လိုဖြစ်တာလဲ"

"အဲဒါအသားယူချင်ဦးလေ၊ စပယ်ယာမြောက်ပြောလိုက်တာနဲ့ လူကို ငါးဆယ်တန်အောင် လက်ဆွဲရလား။ ရှင့်ပိုက်ဆံပြန်ပေးမယ်။ စိတ်ချ. . . ဟွန်း"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ပြန်တောင်းနေလို့လား"

"မတောင်းလည်းပေးမယ်။ ဒီလိုတော့ အသားအပါမခံနိုင်ဘူး. . . ဒါပဲ"

"ရော်. . . ခက်တော့တာပဲ"

နောက်ကားပေါ်မှဆင်းလာသည့်ဝန်ထမ်းတွေက ဂိတ်မှာစကားများနေသည့်သူတို့နှစ်ဦးကိုကြည့်၍ပြုံးစိစိ။ အေမိက သူ့ကိုမျက်ခုံးတစ်ဖက်ပင့်ပြလိုက်ပြီး ပြောလိုက်လေ၏။

"ကိုလင်း Canteen ထိုင်ဦးမှာလား"

"အင်း. . . ဒီမနက်နောက်ကျလို့ ဗိုက်ဟောင်းလောင်းနဲ့လာခဲ့ရတာ"

"ဒါဖြင့်လည်း. . . လာလေ"

အေမိနှင့်သူယှဉ်လျှောက်လိုက်စဉ် သူမက ရှေ့မှဘောက်ဆတ်ဘောက်ဆတ်ဖြင့်လျှောက်ကာ ကုမ္ပဏီထဲဝင်သွားလေတော့သည်။

နာရီကိုငုံ့ကြည့်လိုက်တော့ ကိုးနာရီထိုးရန် ဆယ်မိနစ်လိုသေးသည်မို့ လက်ဖက်ရည်သောက်ချိန်လေးတော့ရှိပါ၏။ Canteen မှထွက်လာပြီး ရုံးခန်းထဲဝင်လိုက်တော့ လူကတော်တော်စုံနေပါရောလား။



သူ, မန်နေဂျာရုံးခန်းထဲဝင်၍လက်မှတ်ထိုးတော့ အစ်ကိုစားပွဲရှေ့ခုံမှာ မှုန်ကုပ်ကုပ်ထိုင်နေသည့်သူမကိုမြင်ရ၏။

"ကဲ, ဂျိုဂျောင်ကျမယ်ကြံမနေနဲ့။ သွား. . . ဖိုးသော်နဲ့အတူအလုပ်တွဲလုပ်"

"အဲဒီကိုကြီးကလည်း. . . ဒီလောက်ငြင်းနေတဲ့ကြားထဲသာ. . . ငွတ်ပဲ"

"လျှာမရှည်နဲ့ မိဇာမဏီ. . . ဒီလကုန်စာရင်းတွေအကုန်ပြီး GMကို အကုန်တင်ရမှာ၊ မပြီးလို့မဖြစ်ဘူး။ ကဲ. . . ဖိုးသော်. . . မင်းစားပွဲမှာ စိုးပိုင်ကို ခုံတစ်လုံးထပ်ထည့်ခိုင်းထားပြီးပြီ။ သူ့ကိုတစ်ခါတည်းခေါ်သွား။ သင်စရာရှိတာသင်ပေး၊ ပြောစရာရှိတာပြော။ အားမနာနဲ့. . . အေမိတို့တုန်းကလိုပဲ ခေါ်သာခေါ်. . ."

သူမမျက်စောင်းက သူ့ထံဒိုင်းခနဲရောက်လာလေ၏။ သူမြင်ချင်တာကိုကျိတ်ဖျောက်လိုက်ပြီး အခန်းအပြင်ထွက်ခဲ့တော့ သူ့နောက်မှ ကြိုးသိုင်းဒေါက်ဖိနပ်သံတဒေါက်ဒေါက်ဖြင့် သူမအမြန်လိုက်လာလေသည်။

ဆုံလည်ကုလားထိုင်ပေါ် သူထိုင်ချလိုက်စဉ် သူမက ဘေးနားပါ ဆောင့်ကြီးအောင့်ကြီးဖြင့်ထိုင်လိုက်လေ၏။ စစ်ရမည့် File



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကို ဗီရိုထဲမှ သူထုတ်ကာ စားပွဲထက်ပုံချလိုက်သည်။

"တဲ. . . ဒါတွေတစ်ရက်တည်းနဲ့အပြီးစစ်"

"တင်. . . ရှင် နေ့တိုင်းနည်းနည်းစီမစစ်ထားဘူးလား။ အလုပ်တွေဒီလောက်ပုံနေရအောင် ဘယ်အလေလိုက်နေလို့လဲ"

"ဟ. . . စစ်ထားပြီးသားတွေ သေချာအောင်ပြန်စစ်ခိုင်းတာလေအမိရဲ့။ တော်တော်စကားများတာပဲ"

"ကိုလင်းရေ. . . photo စက်က မှင်သိပ်မလိုက်တော့ဘူး. . . အဲဒါ"

"လာပြီဟေ့. . . လာပြီ"

သူက ကုလားထိုင်ကို ခါတိုင်းလိုတွန်း၍ ထလိုက်တော့ ကုလားထိုင်က လျှောခနဲရွှေ့ကာ သူမဒူးကိုသွားဆောင့်လေ၏။ သူကမမြင်သဖြင့် မတောင်းပန်မိဘဲ photo စက်မှ မှင်ထည့်သည့် အံကိုဆွဲထုတ်ကာ သန့်စင်ပြီး ဆေးပြန်ထည့်၍ အကြမ်းစာရွက်သုံးလေးရွက်ဖြင့်စမ်းလိုက်လေသည်။

"OKပြီ. . . ကိုလင်း"

သူစားပွဲကိုပြန်လျှောက်လာပြီး အလုပ်တွေဆက်လုပ်နေစဉ် သူမက ရေသန့်ဘူးထယူရင်း သူ့ခြေဖျားကို ဒေါက်ချွန်ချွန်ဖြင့် ခပ်နာနာလေးနင်းချလိုက်လေ၏။





"အားလားလား. . . မင်း ဘယ်လိုလုပ်လိုက်တာလဲကွ။ [illegible]. . . သွေးခြေဥပြီထင်တယ်။ နာလိုက်တာ"

"ဒါမှကျေတာရှင့်။ ခုန. . . ရှင်ခုံရွှေ့လိုက်တာ ရှင့်ခုံက [illegible]မဒူးကိုလာဆောင့်သွားတယ်လေ။ ကဲ. . . ဘာလုပ်ချင်သေး[illegible]"

"ဟာ. . . မင်းတော်တော်ကြောက်စရာကောင်းတဲ့ မိန်း[illegible]လေးပါလား။ မတော်တဆလေးဖြစ်တာကို. . . အငြိုးတကြီးနဲ့ [illegible]စားပြန်ချေရတယ်လို့"

"ဒါအကင်းပဲရှိသေးတယ်။ ရှင့်လိုလူကို ဒီ့ထက်ပိုပြင်းထန်[illegible]ပြာတျင်မှုမျိုးနဲ့လက်စားချေသင့်တာ"

"ဇာမဏီ. . . ခုကိစ္စက သေးသေးမွှားမွှားလေးနော်။ မင်း [illegible]ရဲ့ထွင်ဖို့မလိုဘူး"

"ဒါတော့ ရှင့်အကြောင်းရှင်အသိဆုံးပဲမဟုတ်လား"

"ငါပြောနေတာ မင်းဒေါက်နဲ့နင်းတဲ့ကိစ္စလေ။ မင်းအရပ် [illegible]ခုနစ်လက်မနဲ့ ပေါင်ချိန်တစ်ရာ့တစ်ဆယ်ဝိတ်ကိုမှ အား[illegible]. . . ဖိနင်းရတယ်လို့"

"ကြည့်စမ်း. . . ရှင်, ကျွန်မ CV Form ကို ဘယ်တုန်းက [illegible]ကြည့်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခိုးကြည့်စရာလားကွ။ မင်းအရုပ်ကိုကြည့်ပြီး ခန့်မှန်းလို့ရနိုင်တာပဲ"

"ဟိုနှစ်ကောင်. . . ဘယ်လိုဖြစ်ပြီးကိုက်နေကြပြန်တာလဲ လာခဲ့စမ်း"

ရုံးခန်းတံခါးဟ၍ ဦးမောင်မောင်ကြီး လှမ်းအော်လိုက်သဖြင့် သူတို့နှစ်ယောက် မန်နေဂျာရုံးခန်းထဲဝင်လာခဲ့ရ၏။

"ပြော. . ."

"ဒီမှာ. . . သူ, ကျွန်တော့်ခြေသန်းကို ဒေါက်နဲ့နင်းလိုက်လို့ အစ်ကို"

"မိဇာမကို"

"ကိုကြီး. . . သူအရင်လုပ်တာ"

"ထပ်မရှည်နဲ့. . . ကြည့်စမ်း. . . ဟုတ်တာပဲ။ သွေးခြေဥပြီထင်တယ်၊ ရောင်တောင်နေပြီ။ ကဲ. . . ဆေးလူးပေးပြီးတောင်းပန်လိုက်မိဇာမကို။ ညည်းထက် ဖိုးသော်က ငါးနှစ်တောင်ကြီးတာနော်"

"အာ. . . ဘာကိစ္စလူးပေးရမှာလဲ၊ မလုပ်ပေးနိုင်ဘူး။ သူ ခုံရွှေ့တုန်းက ကို့ခြေထောက်နာသွားတာကျ. . . ထည့်မပြောဘူး"

"နင်က အငယ်လေ။ အကြီးကိုရိုသေမှပေါ့"





"မရှိသေပါဘူး။ ကိုလည်းနာတာပဲ. . . ကျေပြီ"

"ကဲ. . . မကျေနပ်ရင် တစ်ယောက်တစ်လှည့်ဆေးပြန်လူးပေးပေါ့"

"အာ. . . ကိုကြီးနော်"

သူမ,ထိုင်ခုံမှဆတ်ခနဲထပြေးစဉ် သူကျိတ်ပြုံးလိုက်မိ၏။ သူမဟာသူမတော့ အရှက်သည်းတတ်သားပဲ။

"ဟဲ့. . . လစ်ဖို့မကြံနဲ့။ ညည်းကြိုးသိုင်းဒေါက်တွေကိုစွန့်ခြင်း။ ကိုယ်က ဒီမှာပြေးဟယ်လွှားဟယ်နဲ့ အတက်အဆင်းတွေလုပ်နေရမှာ။ ဘယ့်နှယ့် အရုပ်ကြီးကိုမှအားမနာ ကလန်ကလားနဲ့ အဓိပ္ပါယ်မဲ့ အာဏာမပေးဘဲ ဗျိုင်းလို့ပဲနာမည်ပေးဖို့ကောင်းတယ်"

"မရဘူး. . . ကိုက ဒီstyle ပဲကြိုက်တာ"

"အေး. . . ကျပ်ကျပ်ကြိုက်။ ညည်းလဲတျပြီး ခြေသလုံးနှိုးအက်မှ မျက်နှာငယ်လေးနဲ့တရှုံ့ရှုံ့မငိုနဲ့"

"ဝေးပါသေးတယ်"

အလုပ်မှပြန်ကြတော့ သူမက သူစီးသည့်ကားကိုမတက်ဘဲ ဝိတ်မှာကျန်ရစ်ခဲ့လေ၏။ အခန်းတံခါးကိုခေါက်လိုက်စဉ် မေဆေတ ခပ်ပြုံးပြုံးမျက်နှာဖြင့်တံခါးဖွင့်ပေးလေသည်။

"သားရေ. . . ဒီတစ်ခါတော့ သားနဲ့အသက်သိပ်မရှိတာတဲ့



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးကိုတွေ့တာသားရဲ့။ ကလေးမလေးက ချစ်စရာလေး။ တူလေးတို့ကျောင်းလိုက်ပို့တာတဲ့"

"ဟင်းဟင်း. . . ကလေးကို သူက အသည်းတုံးလို့ခေါ်တယ်မဟုတ်လားမေမေ"

"ဟော. . . သားကသိပြီးပြီလား"

"သူ့နာမည်က ဇာမဏီတဲ့။ အသက်က ခုမှ (၂၀)ထဲဝင်ရုံရှိသေးတယ်။ အရပ်က ငါးပေခုနစ်လက်မ၊ ပေါင်ချိန်က တစ်ရာ့တစ်ဆယ်၊ ကြိုးသိုင်းဒေါက်ဖိနပ် အမြဲစီးတယ်၊ စကပ်အရှည်နဲ့ အောင်းအီပဲဝတ်လေ့ရှိတယ်။ ဆံပင်က ဘောလုံးကေခပ်တိုတို. . .၊ ဟုတ်ရဲ့လားမေမေ"

"ကြည့်စမ်း. . . မေမေ့သား အတော့်ကိုစေ့စပ်စွာစုံစမ်းပြီးပြီပေါ့လေ"

"ဟင်း. . . စွာတယ်မေမေရေ။ စိတ်ဝင်စားဖို့နေနေသာသာ စူးခနဲအော်၊ ခွပ်ခနဲနင်းလို့ ကျွန်တော့်ခြေသန်းနာနေပြီ"

"ဟောတော်. . . သားနဲ့ရင်းနှီးပြီလား"

"မရင်းနှီးပဲနေမလားမေမေရဲ့. . . ကျွန်တော့်ကုမ္ပဏီကမန်နေဂျာရဲ့ညီမနှစ်ဝမ်းကွဲတော်တာ။ တစ်ရုံးတည်း၊ တစ်ခုံတည်းထိုင်၊ ဘယ်နေရာသွားသွား တပူးတွဲတွဲလှုပ်တတ်တာကို"





"ဟုတ်လား. . . ဒါဆို ပိုနီးစပ်ဖို့နည်းလမ်းရှိတာပေါ့သားရဲ့. . ."

သူ နှာခေါင်းရှုံ့ပြလိုက်ပြီး ခေါင်းခါလိုက်မိ၏။ မမေက ထမင်းပွဲပြင်နေရာမှ ထပ်ပြောပြန်လေသည်။

"လပြည့်အောင်လေးက သားငယ်ငယ်ကပုံစံလေးနဲ့ချွတ်စွပ်တူတာသားရဲ့။ မေမေဖြင့် အံ့ကိုသြရော"

"အဲဒီကလေးကလည်း ကျွန်တော့်ကို ဖေဖေတဲ့"

"ဟယ်. . . ဒါဆို. . . သားကိုမြင်မြင်ချင်းချစ်ရှာတာပဲ။ ကလေးက မိဘတွေမရှိရှာတော့ဘူးတဲ့။ သနားစရာလေးပါသားနော်"

သူသက်ပြင်းဖွဖွကိုချလိုက်ပြီး ၆ရချိုးရန်အခန်းထဲသို့သာ ဝင်ခဲ့လေ၏။ မမေက ကိုယ်တို့နှစ်ယောက်ကို ကျိတ်ပြီးသဘောတူနေပြီ ကော။ မင်းဘက်က မီးနီကြီးကို ဘယ်အချိန်ကျမှ မှိတ်ပေးမှာလဲကွာ။

ရေပန်းကိုဖွင့်ချလိုက်ရင်း သူခပ်တိုးတိုးရယ်လိုက်မိသည်။

ကိုယ့်ကိုနာကျင်အောင်လုပ်ဦးမှာတဲ့လား. . .

ရပါတယ်ကော. . .

ဒါတွေ အားလုံးကိုစုပေါင်းပြီး တစ်နေ့နေ့တစ်ချိန်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တိုယ်အလျော်ဖြန်တောင်းမှာပါ။

အဲဒီအခါကျမှ မင်းမျက်နှာငယ်လေးနဲ့တောင်းပန်ဖို့မကြိုး

စားပါနဲ့. . .။

မရဘူးနော်. . .။

ဂ္ဂ ဂ္ဂ ဂ္ဂ



## အခန်း ( ၄ )

"မလိုက်ချင်ပါဘူးမေမေရာ. . . နဂိုကမှ သူနဲ့ကျွန်တော်

အစေးမကပ်ရတဲ့ကြားထဲ"

"ဟယ်. . . သားကလည်း၊ ဒီလေးခန်းတွဲကလူတွေပဲ ဖိတ်

ခဲ့တာကို မသွားလို့ကောင်းမလား"

"မေမေသွားရင်ပြီးတာပဲမဟုတ်လား။ အလုပ်မှာ သူလိုက်

ချိတ်နေတာကြားသားပဲ။ ကျွန်တော့်ကိုမှမဖိတ်တာ, မလိုက်ဘူး"

"ဩော်. . . အခန်းချင်းကပ်လျက်ကို တကူးတကဘာယ်

ဖိတ်တော့မလဲသားရဲ့။ မေမေ့ကိုဖိတ်ရုံနဲ့ပြီးတာပဲ။ လာပါ. . ."

"သွားမှာသာသွားပါမေမေရာ။ ကျွန်တော်စာအုပ်ဖတ်ယ်



www.burmeseclassic.com

www.burmeseclassic.com



စရာရှိသေးတယ်။ မလိုက်တော့ဘူး”

မေမေက သူ့ကိုခေါ်၍မရသဖြင့် မျက်စောင်းတစ်ချက်ထိုး၍ထွက်သွားတော့သည်။ ရေချိုးအဝတ်အစားလဲ၍ လေ့ကားမှဆင်းခဲ့စဉ် ကုမ္ပဏီမှအုပ်စုနှင့်တန်းတိုးတော့၏။

“ကိုလင်း, အိမ်တက်ပွဲမသွားဘူးလား”

“မသွားပါဘူး, နင်တို့ဟာနင်တို့ပဲသွားကြ။ သူနဲ့တွေ့ရင် ငါ့ဘက်က နာရတာချည်းပဲ”

“ကိုလင်းက အကြီးပဲ. . . ခွင့်လွှတ်လိုက်ပေါ့။ ဇီဇီက ခင်ဖို့ကောင်းပါတယ်”

“မခင်ချင်ပါဘူး။ သူနဲ့ဝေးဝေးနေလေ, ငါ့အတွက်သက်သာလေပဲ”

“အဲဒီကိုလင်းကတော့လေ”

အုပ်စုကိုရှောင်၍ သူ ဒုတိယထပ်လှေကားထောင့်ချိုးသို့ရောက်စဉ် ဦးမောင်မောင်ကြီးနှင့်ဆုံလေ၏။

“ဟ. . . ဆွမ်းကျွေးမသွားဘဲ ဒါကဘယ်ကိုလစ်မလို့လဲ”

“ဟိုနားဒီနားပေါ့အစ်ကိုရ”

“ဘာဟိုနားဒီနားလဲ။ လာ လာ. . . ငါနဲ့လိုက်ခဲ့ပြီးမှ မင်းသွားချင်ရာကိုသွား”





“ဟာ. . . ခုနပဲ ရုံးကလူတွေတက်သွားတယ်လေအစ်ကိုရဲ့ ကျွန်တော်မလိုက်တော့ဘူး”

“အံမာ. . . အခန်းချင်းကပ်လျက်နေပြီး ရင်းနှီးဖို့မကြိုးစားဘူး။ ငါ့နှမကို မင်းမှမစောင့်ရှောက်ရင် ဘယ်သူစောင့်ရှောက်မှာလဲ။ တိုက်ခန်းဆိုတာတွေက တသီးတသန့်နေတတ်ပါဘိသနဲ့။ လာခဲ့. . .”

“ဟာဗျာ”

အစ်ကိုက သူ့လက်မောင်းကိုဆုပ်ကိုင်၍ဆွဲခေါ်လာသဖြင့် မလိုက်ချင်ဘဲ သူပါလာရတော့သည်။ ဟင်းလင်းဖွင့်ထားသည့် အခန်းဝမှ ဖိနပ်ချွတ်၍ဝင်လိုက်စဉ် အသည်းတုံးက သူ့ဆီသုတ်ခနဲပြေးလာလေ၏။

“ဖေဖေလာပြီ”

“ဟဲ့”

သူမ,တားချိန်ပင်မရလိုက်ဘဲ ကလေးက သူ့ကိုပြေးဖက်လိုက်သဖြင့် သူကောက်ချီလိုက်ရ၏။ ဧည့်သည်အားလုံးက သူနှင့် ကလေးကို တအံ့တဩဖြင့်ကြည့်လိုက်ကြလေသည်။

“အသည်းတုံး. . . ဇီဇီဘာပြောထားလဲ”

“ဇီဇီကလည်း သားက ဖေဖေလာတုန်း ပြေးကြိုတာကို”



www.burmeseclassic.com

www.burmeseclassic.com



"တဲ့. . . အဲဒါ"

"တဲဝါဒ်ကလေးရယ်၊ ကလေးစိတ်ချမ်းသာအောင်နေပါစေ. . . တကတည်း"

"ဟယ်. . . ကလေးက တကယ်ပဲကိုလင်းနဲ့ချွတ်စွပ်တူနေပါလား"

"အေးတော့"

အေမီတို့ပြောသံတွေကို မကြားချင်ယောင်ဆောင်၍ ဖျာပေါ်မှာသူထိုင်ချလိုက်တော့ ကလေးက သူ့ပေါင်ပေါ်မှမဆင်းတော့ချေ။

"ကိုမောင်နဲ့သားက တစ်ရုံးတည်းလား"

"ဟုတ်တယ်အန်တီလေးရဲ့။ သူက ကျွန်တော့်တောင်ဖွေးပဲလေ။ အော်တာလင်းတဲ့။ ဟိုဘက်ခန်းက အန်တီဒေါ်အေးအေးစိမ့်သားပေါ့။ ဖိုးသော်. . . ဒါဝါတို့၊ ဏီဏီတို့အဒေါ် အငယ်ဆုံးလေ။ ဒေါ်ကလျာဆွေတဲ့"

"ဟုတ်ကဲ့"

"ဖေဖေ. . . သားဖေဖေနဲ့လိုက်လည်မယ်နော်"

"ဟယ်. . . မြေးကလည်း၊ ဦးဦးကို အဲဒီလိုမခေါ်ရဘူးလေ ဘယ့်နှယ်. . ."





"ဘွားလေးကလည်း. . . ဖေဖေက သားဖေဖေအစစ်ပါ။ ဓာတ်ပုံထဲကဖေဖေ့ကို သားအလွတ်ရနေပါပြီ။ နော်. . . ဖေဖေနော်"

"အသည်းတုံး. . . လာ. . . ထ"

"ဟင့်အင်း. . . သား ဖေဖေ့နောက်လိုက်ဦးမှာဏီဏီရဲ့"

"ငါနော်. . . စိတ်ရှိလက်ရှိလုပ်လိုက်ရ မကောင်းဖြစ်တော့မယ်"

ကလေးက အဒေါ်ဖြစ်သူကျိန်းလိုက်သဖြင့် ငိုမဲ့မဲ့လေးဖြစ်သွားကာ သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်လေ၏။ သူ့, ကလေးကို အသာထွေးပိုက်ထားလိုက်မိသည်။ ကလေးက မိဘမေတ္တာငတ်နေရှာတာပါလား။

"သူနေတတ်သလိုနေပါစေလား ဏီဏီ"

"အို. . . ဘယ်ဖြစ်မှာလဲ။ ကျွန်မတူလေးကို စည်းကမ်းတကျနဲ့ပြောစကားလိုက်နာတတ်အောင် ဆုံးမထားတာ။ ရှင် ဖျက်ဆီးမယ်မကြံနဲ့"

"ဟာ. . . မိဇာမဏီ, ညည့်သည်တွေရှေ့ အပြောအဆိုဆင်ခြင်မှပေါ့။ အရွယ်က မငယ်တော့ဘူး။ နေရာတကာလိုက်သင်ပေးနေရာလား"

www.burmeseclassic.com



သူမထံမှ မျက်စောင်းတစ်ပွင့် သူ့ထံလွင့်ပျံလာလေ၏။ သူမသိမသာပြုံးလိုက်ပြီး မုန့်ဟင်းခါးပန်းကန်ကို အေးအောင်မွှေနေတော့ အသည်းတုံးက သူ့နားကိုတီးတိုးကပ်ပြောလိုက်ပါသည်။

"ဖေဖေ. . . သားလည်းမစားရသေးဘူး။ သားကိုခွံ့ကျွေးနော်"

"အင်းပါကွ. . . ခဏလေး. . . ပူသေးတယ်"

ကလေးမစားနိုင်မှာစိုး၍ ငံပြာရည်တွေ၊ ငရုတ်သီးမှုန့်တွေမထည့်ဘဲ ဒီအတိုင်းစားလိုက်ရသည်။ တစ်ပန်းကန်ကုန်သွားတော့ အသည်းတုံးက ဝပြီဟုခေါင်းညိတ်ပြလိုက်သဖြင့် သူထရပ်လိုက်လေ၏။

"ကျွန်တော်ပြန်ပါဦးမယ် အန်တီ"

"ဪ. . . အေးအေး. . . သား"

"ဖေဖေ. . . သားလိုက်မှာနော်"

"ဦးဦးက မြို့ထဲပတ်ဦးမှာ အသည်းတုံးရဲ့"

"သားလည်းလိုက်ချင်တယ်. . . ခေါ်ပါနော်ဖေဖေ"

"ကဲ. . . ကလေးအဖေ. . . ခေါ်သာသွားပေတော့။ မင်းတော့ လုပြည့်အောင်ဒဏ်ခံဖို့ အဆင်သင့်သာပြင်ထား ဖိုးသော်ရေ"





တိုးတိုးကျိတ်ကျိတ်ရယ်မောသံအဆုံးမှာ သူ အသည်းတုံးကို ကြိုးသိုင်းဖိနပ်ဝတ်ပေးလိုက်ပါ၏။ သူမက ကလေးကိုဦးထုပ်လာဆောင်းပေးလေသည်။

"အသည်းတုံး လမ်းမှာလျှောက်မပူဆာရဘူးနော်။ ကြားလား"

"ဟုတ်ကဲ့. . . သားလိုက်သွားပြီနော်ဘကြီး။ ပြန်လာရင် ဘကြီးနဲ့ဘွားလေးဖို့ မုန့်မုန့်ဝယ်ခဲ့မယ်. . . သိလား"

သူမရုံးသွားခါနီး ပြောနေကျစကားကို ပြောလိုက်တာမို့ သူစ်ခနဲပြုံးလိုက်မိ၏။ သူ့လက်ကိုဆွဲ၍ အသည်းတုံးက မြောက်ကြွမြောက်ကြွဖြင့် ပြုံးရွှင်စွာပါလာလေတော့၏။

အင်းဝထဲမှာ သူလိုချင်သည့်စာအုပ်ဝင်ဝယ်ပြီးမှ ကလေးကို ဖာလူဒါဝယ်တိုက်၏။

"ဘွားလေးနဲ့ဘကြီးက ဘာကြိုက်လဲအသည်းတုံး"

"အင်း. . . ဘွားက ပန်းသီးကြိုက်တယ်။ ဘကြီးက. . . နာနတ်သီးကြိုက်တယ်။ ဘုံဘုံက လိမ္မော်သီးကြိုက်တယ်ဖေဖေရဲ့"

"လာပြန်ပြီ၊ ဒီဖေဖေ. . . ဦးဦးလို့ခေါ်ပါကွ"

"ဟာ. . . ဖေဖေက ဖေဖေပဲပေါ့၊ ညာစရာလား။ သားတို့ကျောင်းက ဆရာမကသင်ပေးထားတယ်။ ညာပြောတာ ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြိုက်တာတဲ့"

တင်း . . . ခက်တာပဲ။ သင်းက သူ့ထက်တောင်ပိုတတ်နေတာတိုး။ သူ, ကလေးကိုဦးထုပ်ချွတ်ပေးပြီး ဆံနွယ်ပျော့ပျော့လေးတွေကို အသာသပ်တင်ပေးလိုက်မိသည်။

"ဓာတ်ပုံထဲကဖေဖေနဲ့ အခုအပြင်ကဖေဖေက တူလို့လား"

"အတူတူပဲလေဖေဖေရဲ့။ သားခုတင်ခေါင်းရင်းမှာ ဖေဖေနဲ့မေမေ့ပုံကို အကြီးကြီးချိတ်ထားတာ။ သား . . . ညတိုင်းကန်တော့ပြီးအိပ်တာပါနော်။ ဖေဖေက ဘာဖြစ်လို့ သားနဲ့အတူတူမနေတာလဲဟင်"

ဒုက္ခ . . . သူအဖြေရကျပ်စွာဖြင့်ပြုံးလိုက်မိ၏။ ကလေးက အဲဒါလိုပင် စကားတတ်လိုက်တာမှလွန်ပါရောလား။

"ဇာဇာနဲ့မှမတူညီတာ"

"ဇာဇာ့ကို သားပြောပေးမယ်လေ"

"သားကဘယ်လိုပြောမှာလဲ"

"ဖေဖေ့ကိုစိတ်မကောက်ပါနဲ့ . . . ပြန်ခေါ်ပါလို့ပြောမှာပေါ့ဖေဖေရ"

သူ တဟားဟားဖြင့်သာ ရယ်ချလိုက်မိတော့၏။ အဲဒီအတိုင်းပြောလိုက်လို့ကတော့ မင်း,မုန့်ခေါက်စားရဖို့သေချာပါပြီ





အသည်းတုံးရေ။

သစ်သီးဆိုင်မှာ အသီးသုံးလေးမျိုးကို နှစ်ထုပ်ခွဲသယ်လာပြီး အရုပ်ဆိုင်ရှေ့ရောက်တော့ အသည်းတုံးက သူ့လက်ကိုအတင်းဆွဲ၍ လက်ညှိုးထိုးပြလေတော့သည်။

"ဘာလိုချင်လို့လဲကွ"

"မြင်းကားဖေဖေ"

သူ ဆိုင်ထဲဝင်၍ Remote ဖြင့်မောင်းရသည့်မြင်းကား အနီရောင်ကလေးကိုဝယ်ပေးတော့ ကောင်တာမှမိန်းကလေးက အသည်းတုံးကိုပြုံးကြည့်လိုက်လေသည်။

"ဟယ် . . . ကလေးက အဖေနဲ့ရုပ်ချင်းချွတ်စွပ်တူတာပါလား။ နာမည်ဘယ်လိုခေါ်လဲသား"

"လပြည့်အောင်ပါ အန်တီ"

"ဟယ် . . . ချစ်စရာလေးဟယ်"

အသည်းတုံးက သူ့မျက်နှာကိုမော့ကြည့်၍ သဘောတကျပြုံးနေလေ၏။ အရုပ်ဘူးကို အိတ်နှင့်ထည့်ပေးသည်ကိုလှမ်းယူပြီးသော့ အသည်းတုံးက တစ်စခန်းထလာပြန်လေသည်။

"ဖေဖေ . . . ဇာဇာ့ဖို့ရော မဝယ်ပေးဘူးလား"

"ဇာဇာ့ဖို့အသီးပါပြီလေ, အသည်းတုံးရာ"



www.burmeseclassic.com

www.burmeseclassic.com


"ဟင်. . . ဖေဖေက ခွေးရုပ်ကြိုက်တာလေဖေဖေရ။ ဒါမှ ဖေဖေ့ကို ဖေဖေပြန်ခေါ်မှာပေါ့လို့"

ကျိတ်လိုက်အသည်းတုံးရေ။ မင်းလုပ်ပုံနဲ့တော့ ငါနဲ့ဖေဖေ နီးဖို့တော့ တယ်မမြင်ပါဘူး။ ဟိုဒေါသကုမ္ပဏီရက ပိုဆိုးလာဖို့ပဲရှိပါတယ်။ ရွှေအိုရောင်မွေးပွခွေးရုပ်လေးကိုဝယ်ပေးတော့ အသည်းတုံးက အသာပိုက်ထားလေ၏။ သုံးလွှာကိုပြန်တက်ပြီး အခန်းတံခါးခေါက်တော့ အေးဘုံလာဖွင့်ပေးသဖြင့် သစ်သီးထုပ်တစ်ထုပ်ကို ပေးလိုက်ပြီး အသည်းတုံးကို ဖိနပ်ချွတ်ပေးလိုက်ပါသည်။

အသည်းတုံးက အဒေါ်ကိုဖားချင်ဇောဖြင့် အခန်းထဲသို့ အပြေးဝင်သွားတော့မှ သူ တစ်ဖက်ခန်းသို့ ပြန်လာခဲ့တော့သည်။ ညနေစာစားသောက်ပြီး ရေချိုးကာ ဝရန်တာမှာ Dream bea ခင်း၍ ဝယ်လာသည့်စာအုပ်တွေဖတ်ရင်း တစ်ယောက်တည်းငြိမ့်နေမိ၏။ မေမေက ဘုရားရှိခိုး၍ပုတီးစိပ်နေလေသည်။ ညကိုးနာရီထိုးခါနီးမှ ဒေါ်မြိုင်က သူ့ကိုလာပြောလေ၏။

"မောင်သော်, ဟိုဘက်ခန်းကအေးဘုံ အခန်းဝမှာ လာခေါ်နေလို့"

"ဟောဗျာ. . . ဘာကိစ္စရှိလို့လဲ"

"မသိဘူး. . . မောင်သော့်ကိုပဲခေါ်ပေးပါတဲ့"



သူဖတ်လက်စစာအုပ်ကို အသာချလိုက်ပြီး အခန်းတံခါး ...ဖွင့်လိုက်တော့ အေးဘုံက မျက်နှာငယ်လေးဖြင့်ရပ်နေလေသည်။

"ဘာလဲဘုံဘုံ"

"ဦး. . . အသည်းတုံးက ဦးနဲ့အတူတူမအိပ်ရလို့ဆိုပြီး ...တိုက်နေလို့ ဖေဖေရိုက်နေပြီ။ အခု ဖေဖေပါ အသည်းတုံးနဲ့ရော ...ငိုနေလို့ ကြီးကြီးက ဦးကိုလာပြောခိုင်းလို့ပါ"

"ဟင်း. . . အဲဒီတစ်ယောက်ကလည်း ကလေးနဲ့အပြိုင် ...ောက်နေရတယ်လို့။ ကဲ. . . လာ. . . ဦးလိုက်ခဲ့မယ်"

အခန်းတံခါးပွင့်သွားတော့ ဧည့်ခန်းထိုင်ခုံမှာ ညအိပ် ...တ်စုံဖားဖားလေးနှင့် အသည်းတုံးက မျက်ရည်စက်လက်။ အိပ် ...န်းထဲမှ သူမငိုသံကိုပါ တရှုံ့ရှုံ့ကြားနေရသည်။

"ဒီအရွယ်ထိ ဖေဖေနဲ့အတူနေလာခဲ့တာဖြင့်ကြာလှပြီ။ ဒီလို ...စ်ခါမှဂျစ်မတိုက်ဖူးပါဘူး။ သူနဲ့တစ်မနက်လေးထည့်ပေးလိုက် ...ာနဲ့ အကျင့်ကောင်းတွေက တတ်လာပြီ"

"ဖေဖေကလည်းကွယ်။ ကလေးက ဘာနားလည်မှာတုန်း"

"အန်တီလေးမသိပါဘူး။ သူ့အကြောင်း. . . ဖေဖေပဲသိတယ်။ ...န်း. . . ခုချိန်ကျမှ ကလေးကိုလာလုမယ်မကြံနဲ့။ သင်းကိုအသေ ...တ်မိမယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့. . . ပြောနေတဲ့ကြားက"

ဟင်း. . . ရုပ်ဆင်ရုံလေးနဲ့ သူ့ကို အသည်းတုံးရဲ့အဖေလို့ တကယ်ထင်နေကြတာပါလား။ နေရင်းထိုင်ရင်းနဲ့ ကလေးအဖေ ဖြစ်မှန်းမသိဖြစ်နေရပြီ။ သူ့ကိုတွေ့သွားတော့ အသည်းတုံးက ထိုင်ခုံမှာထိုင်နေရာမှ ဆင်းပြေးလာလေ၏။

"ဖေဖေ. . . သားက ဖေဖေနဲ့အတူတူအိပ်ချင်တယ်ပြောတာကို ဇီဇီကရိုက်တယ်"

"ဟုတ်လား. . . အဲဒီဇီဇီက တော်တော်ဆိုးတာပဲ။ နေဦး. . . နောက်မှ ဖေဖေ ဇီဇီ့ကိုပြန်ရိုက်မယ်သိလား. . . နော်"

"ဟင်. . . ဖေဖေရိုက်ရင် ဇီဇီနာသွားမှာပေါ့ဖေဖေရဲ့။ မရိုက်ပါနဲ့"

"အမယ်လေး. . . သူ့အဒေါ်နာမှာကျ, တယ်သိပ႑ ဖိုးသိတတ်ရေ။ ကဲ. . . ဘုံဘုံ, သူအိပ်ပျော်မှလာပို့ရင် ဘုံဘုံတို့အိပ်ပျော်နေမှာ။ မနက်ကျောင်းတက်ဖို့ ဝတ်စုံတစ်စုံသာယူခဲ့ပေး"

"ဟုတ်ကဲ့ဦး"

အေးဘုံက အသည်းတုံးကျောင်းဝတ်စုံတစ်စုံ ယူလာပေးပြီး ဖိနပ်နှင့်ဦးထုပ်ကိုပါ ယူပေးလိုက်လေ၏။ သူ, အသည်းတုံးကို ကောက်ချီ၍ အခန်းသို့ပြန်ဝင်ခဲ့လေသည်။ မေမေက အသည်းတုံး





ပါလာတာကို သဘောကျ၍တပြုံးပြုံး။ မနက်ကျ အလုပ်ဆင်းရမှာမို့ တလေးကိုမျက်နှာသစ်ပေးပြီး သူ့ခုတင်ပေါ်တင်ကာ ချော့သိပ်နေတော့သည်။

"ဖေဖေ. . . သားကိုပုံပြင်ပြောပြလေ"

"ဟာ. . . ဖေဖေမှပုံမပြောတတ်တာကွ"

"ဖေဖေကလည်း. . . ဇီဇီ့လောက်တောင်မှ မတော်ဘူးသား။ ဇီဇီဆို. . . သားကိုညတိုင်းပုံပြောပြီးသိပ်တာ"

"အမယ်. . . ဒီလိုလား, ဒါဆိုလည်းရပါတယ်ကွ။ ဖေဖေ အာ်လိပ်ပုံပြင်တွေပြောပြမှာပေါ့. . .။ သဘော်သားဆင်းဘတ်အကြောင်း နားထောင်ပြီးပြီလား"

"ဟင့်အင်း"

"ကဲ. . . ဒါဆိုနားထောင်"

သူလည်းဖတ်ထားသမျှ တတ်သလောက်မှတ်သလောက် ပြောပြလေမှ ကိုယ်တော်ချောက ဇိမ်ဖြင့်နားထောင်၍အိပ်ပျော်သွားတော့သည်။ ဂွမ်းစောင်ပါးလေးခြုံပေးလျက် အသည်းတုံးနဖူးလေးကို ငုံ့မွှေးလိုက်မိ၏။ အပြစ်ကင်းစင်လွန်းသည့်ကလေးကို အပြစ်လို့များ သူတို့သားအမိခင်တွယ်မိတာပါလိမ့်။

နာရီမှ ဆယ်နာရီထိုးသံကြားအပြီးမှာ ညအိပ်မီးသီးထွန်း



www.burmeseclassic.com

www.burmeseclassic.com

၍ အခန်းမီးမှိတ်ကာ သူလှဲချလိုက်သည်။ နံဘေးမှာတော့ အပူ အပင်ကင်းမဲ့စွာဖြင့် အသည်းတုံးက တရှုးရှုးအိပ်မောကျနေလေ ပြီ။ ရှေ့ဆက်ဘာတွေဖြစ်ဦးမလဲမသိသေးပါဘူး။ သေချာတာတစ် ခုကတော့ သူနှင့်ဏီဏီ ပြဿနာတွေထပ်ဖြစ်နေဦးမည်ဆိုတာပါ ပဲ။

ဂုဏ် ဂုဏ် ဂုဏ်



အခန်း ( ၅ )

မိုးလင်းသည်နှင့် အတူတူရေချိုး၊ မျက်နှာသစ်၊ သွားတိုက် ကာ အသည်းတုံးကို သနပ်ခါးလူးပေးရ၏။ ဆံပင်နုနုလေးတွေကို အုန်းဆီလူး၍ ဘိုကေကျော့နေအောင်ဖြီးပေးလိုက်ပါသည်။

ကျောင်းဝတ်စုံဝတ်ပေးပြီးတော့မှပင် သူအဝတ်လဲရ၏။ အသည်းတုံးက သူပြင်ဆင်ပေးသည်ကို ငြိမ်သက်စွာခံ၍ကျေနပ် နေပုံရလေသည်။

"ကဲ. . . မနက်စာသွားစားရအောင်။ သားဘာသောက် မလဲ"

"ပဲပြုတ်နဲ့ထမင်းဆီဆမ်းစားမယ်ဖေဖေ"


www.burmeseclassic.com

www.burmeseclassic.com

"ဟော. . . မင်းက ငါနဲ့အကြိုက်ဘာလို့တူနေရတာလဲ"

"ဖေဖေ. . . ငါလို့မပြောရဘူးလေ။ ငါလို့ပြောတာရိုင်းတယ်တဲ့"

"ဘယ်သူကပြောလဲ"

"ကီကီပြောတာပေါ့"

"ဟုတ်ပါပြီ၊ လာ. . . ဒေါ်မြိုင်ရေ. . . ကျွန်တော့်အတွက်ထမင်းနဲ့ပဲပြုတ် ပိုနယ်ပေးပါ။ ကျွန်တော်တို့သားအဖ အတူစားမယ်"

"ဟောတော်. . . မြေးလေးလည်း ပဲပြုတ်နဲ့ထမင်းဆီဆမ်းကြိုက်တယ်ပေါ့လေ"

"ဟုတ်ကဲ့ပါ ဘွား"

မေမေက ကော်ဖီသောက်နေရင်း ပြုံးပြုံးကြီးစိုက်ကြည့်နေလေ၏။ သူက အသည်းတုံးကို စိတ်ရှည်ရှည်ဖြင့်ထမင်းခွံ့ကျွေးလိုက်ပါသည်။

"ဖေဖေ. . . သားကိုကျောင်းလိုက်ပို့ပေးနော်"

"အေးပါ. . . အသည်းတုံးရာ။ စားမှာသာစား"

"ဖေဖေက ရုံးမှာအန်တီချောချောလေးတွေနဲ့ အရမ်းရောတာပဲဆို"





"ဟော! "

ကီကီ, ကွယ်ရာမှာ သူ့အကြောင်းဘယ်လောက်ပြောထားသည်မသိ။ ကလေးကအစ အကုန်ပြန်သိနေတာပါလား။

"ဟုတ်လားဟင်"

"မဟုတ်ပါဘူးသားရာ"

"ဖေဖေ. . . နောက်မေမေယူရင် သားသဘောမတူဘူးနော်။ မိထွေးဆိုတာ စုန်းမကြီးလိုပဲအရမ်းဆိုးတယ်တဲ့ဟုတ်လား"

"လုပ်ချလိုက်ပြန်ပြီ. . . မဟုတ်ပါဘူးဆိုမှပဲကွာ"

"ဖေဖေ: . . ညာမပြောနဲ့နော်။ သားကို မိထွေးကနှိပ်စက်မှာတဲ့၊ သားကြောက်တယ်။ သားကိုချစ်ရင် နောက်မေမေမယူရဘူးနော်"

"အေးကွာ. . . အေး။ ဟူး. . . မိန်းမကဖြင့်ယူမယ်မကြံရသေးဘူး။ တန့်ကွက်ချင်သူတွေက များနေပြီမေမေရေ၊ ကြည့်လုပ်ဦးဗျ"

"ဟင်းဟင်း. . . ကလေးလည်း သူနားလည်သလောက်ပြောတာပေါ့သားရယ်။ ပြောပါစေ"

"ကဲ. . . လာ. . . ပါးလုပ်ကျင်း, ကျောင်းသွားရမယ်"

သူ့အခန်းတံခါးဖွင့်လိုက်တော့ သူမကိုခြင်းတောင်းလေး

www.burmeseclassic.com

www.burmeseclassic.com

ဆွဲထားရင်း ရပ်စောင့်နေတာကိုတွေ့လိုက်ရလေ၏။ ငိုထားသည့် အရှိန်ကြောင့် မျက်နှာက ခပ်မို့မို့လေးဖောင်းနေလေသည်။

"ရှစ်နာရီခွဲနေပြီနော်။ ကျောင်းနောက်ကျတော့မှာပဲ"

"ဖေဖေလိုက်ပို့ပေးမှာတဲ့ ဇာဇာရဲ့"

သူမက သူ့ကိုမျက်စောင်းဒိုင်းခနဲထိုးလိုက်လေ၏။ ကလေး ခြေလှမ်းနှင့်ဆို ရုံးပါမမီမှာစိုးသဖြင့် သူ အသည်းတုံးကို ခွေ့ခနဲချီ၍ ကုတ်ပေါ်တင်လိုက်သည်။ အသည်းတုံးက သဘောတကျဖြင့်ရယ် လိုက်လေ၏။

"ကလေးခြင်းတောင်းပေးလေ ဇာဇာ"

"ရပါတယ်. . . ကျွန်မပဲကိုင်လာခဲ့မယ်။ တော်ကြာ ရှင့်ကို မမြင်ဖူးတော့ အသည်းတုံးဆရာမတွေပြောလိမ့်မယ်"

သူဘာမှဆက်မပြောမနေတော့ဘဲ လှေကားထစ်တွေကိုခပ် သွက်သွက်ဆင်းခဲ့ပါ၏။ တစ်လမ်းကျော်က ကျောင်းရှေ့ရောက်မှ ကလေးကိုအောက်သို့ချလိုက်သည်။

"ဒီမှာနေ့လယ်စားဖို့. . . မုန့်ပါထည့်ပေးထားတယ်နော် အသည်းတုံး။ ထမင်းဘူးကိုကုန်အောင်စားနော်. . . ထမင်းတော့ အကုန်မစားဘဲ မုန့်ပဲစားရင်သိမယ်"

"ဟုတ်ကဲ့ပါဇာဇာ"





ကလေးက သူ့လက်ဖျားကိုဆွဲ၍ငုံ့ခိုင်းနေသဖြင့် သူငုံ့ပေး လိုက်တော့ အသည်းတုံးက သူ့ပါးပြင်ကို ရွှတ်ခနဲမွှေးလိုက်လေ သည်။

"တာ့တာဖေဖေ"

"တာ့တာသား"

ဂိတ်ပေါက်မှ အသည်းတုံးဆရာမက သူတို့ကိုပြုံးကြည့် နေရင်းမှ ပြောလိုက်လေ၏။

"ဟော. . . ဒီနေ့တော့ တီတီရော၊ ဖေဖေပါလိုက်ပို့တယ် ဆဲ့လေ. . . ဟုတ်လားသား"

"ဟုတ်ကဲ့"

ကဲ. . . မပြောချင်တော့ပါဘူး။ အဒေါ်ကိုမှမပိုးရသေး ဘူး။ သူက ကလေးအဖေအချောင်ဖြစ်နေရလေပြီ။ ရှစ်နာရီလေး ဆယ်ရှိနေပြီမို့ ကားဂိတ်ကိုအမြန်လျှောက်တော့ သူမထံမှ အသံ ဆံ့တာမာထွက်လာလေ၏။

"ရှင် ဒီအရွယ်ကျမှ အသည်းတုံးကိုပြန်တောင်းဖို့မကြံစည် မှ. . . မရဘူးမှတ်"

"ကိုယ်ဘာများပြောမိလို့လဲ ဇာဇာ"

"ရှင့်ကိုယ်ရှင်အသိဆုံးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း. . . ကိုယ်က အသည်းတုံးနဲ့ဘာမှမပတ်သက်ဘူး ဏီဏီ။ မင်းထင်တာလွဲနေပြီ"

"ဒီလိုပဲ ရှင်တစ်သက်လုံးယူဆခဲ့ရင် ပိုကောင်းတာပေါ့။ နောက်တော့မှ ပြဿနာထမရှာနဲ့။ ရှင့်လုပ်ရပ်တွေက ရှင်ဘယ်လို ပဲဖုံးဖိဖုံးဖိ တစ်နေ့ကျ ဘူးပေါ်သလိုပေါ်လာမှာပဲ။ ရှင်သိထားဖို့ က ဒီတစ်သက် ရှင်အသည်းတုံးကို ဘယ်တော့မှမပိုင်ဆိုင်စေရ ဘူး. . ."

"ကျွတ်. . . ခက်တာပဲ"

"ရှင်. . . ဘယ်လောက်ငြင်းငြင်း ပတ်ဝန်းကျင်က ရှင်နဲ့ ဒီကလေးပတ်သက်ဆက်နွယ်နေတာကို ရိပ်မိနေကြပြီးသားဖါ"

"ဟာ. . . စွပ်စွဲချက်တွေက ပြင်းထန်လှချည်လားဏီဏီ။ ကိုယ့်ဘဝမှာ ကလေးရှိဖို့မပြောနဲ့။ သူစိမ်းမိန်းမတစ်ယောက်နဲ့ တောင် တစ်ခါမှရင်းနှီးခဲ့ဖူးတာမဟုတ်ဘူး"

"ခုတော့ ရှင်ဒီလိုပြောပြီပေါ့။ ဒီဒီဆိုတဲ့မိန်းကလေးကို ရှင် တမင်တကာမေ့ထားပေမယ့် သူကတော့ တမလွန်ကနေ ရှင့်ကို စောင့်ကြည့်နေမှာသေချာတယ်"

"လာပြန်ပြီ. . . ဘယ်ကဒီဒီလဲ"

"မေမဒီလေ. . . ရှင့်ကို တစ်ဘဝလုံးပုံအပ်ပြီးချစ်ခဲ့တဲ့





အတို ဒီလောက်ထိရက်စက်ဝံ့တာ ရှင့်လိုလူမျိုးရှားမှရှားပဲ။ ရုပ် သေးသင့်ရုံနဲ့ မိန်းမတွေကို ရှင်ညို့ယူဖမ်းစားတာ ကျွန်မအစ်မက မိုက်မိုက်အအနဲ့ ဘဝပါပျက်ခဲ့ရတာလေ။ ခုတော့ ရှင်မေ့ထားပြီပေါ့။ အိပ်မုန်းဖို့ကောင်းတဲ့လူ"

"ဟာ. . . မင်းလွန်နေပြီနော်။ မင်းပြောနေတာတွေ ဘာ တစ်ခုမှကိုယ်နားမလည်ဘူး"

"သိတယ်. . . သိတယ်၊ ရှင် ဒီလိုပဲဘူးကွယ်မယ်ဆိုတာ။ ရှင်မပတ်သက်ချင်ရင် ခုကတည်းက အသည်းတုံးနဲ့ကင်းကင်းနေ ပေါ့။ နောက်မှ. . . ရှင့်ဟာရှင် နောက်မိန်းမယူပြီး ကလေးကိုစိတ် ဆင်းရဲရအောင်မလုပ်ပါနဲ့။ အသည်းတုံးသာ တစ်ခုခုဖြစ်ရဲ့ဖြစ် ကြည့်. . . ရှင့်ကိုကျွန်မအသေသတ်မှာ"

အားပါးပါး. . . ခြိမ်းခြောက်နေလိုက်တာမှ ကြောက်စရာ ကြီးပါလား။ မီးဝင်းဝင်းတောက်နေသည့် သူမ၏လှပသောမျက် ဝန်းတစ်စုံကို သူအငေးသားကြည့်နေမိတော့သည်။

ဏီဏီရယ်. . . ကိုယ့်ဆီမှာ အပြစ်တစ်စုံတစ်ရာရှိမနေဘဲ ဏီဏီစွပ်စွဲတာတွေက တစ်ဆိတ် ကိုယ့်အပေါ်မတရားရာကျမနေ ဘူးလား။

ဇရှူတည့်တည့်ဆိုက်လာသည့်ကားပေါ် အပြေးတက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



စဉ် သူမက မျက်ရည်တို့ကိုအသာအယာသုတ်နေလေ၏။ ရင်ထဲမှာ ရှုပ်ထွေးမှုတို့ဖြင့်ပြည့်ကျပ်နေလေသည်။ ဘယ်ဘဝက ဝဋ်ကြွေးတွေက သူ့ဆီကိုရောက်လာခဲ့တာပါလိမ့်။ သက်ပြင်းငွေ့ငွေ့ကိုသာ ကျိတ်ရှိုက်လိုက်မိ၏။

ကုမ္ပဏီရောက်တော့လည်း စားပွဲတစ်လုံးတည်းမှာပင် နှစ်ယောက်သားစကားမပြောဘဲ အလုပ်တွေကိုသာ ကျုံးလုပ်နေမိ၏။ အားလုံးက သူတို့နှစ်ဦးကိုအကဲခတ်နေကြသော်လည်း ဘာမှတော့ မပြောကြပါချေ။

"ကိုလင်းရေ. . . မန်နေဂျာခေါ်နေတယ်"

"အင်း"

သူ, မန်နေဂျာဆီရောက်သွားတော့ အစ်ကိုကစစ်ပြီးသား File တွေကို သေချာပြန်သိမ်းခိုင်းလေသည်။

"မင်းတို့နှစ်ယောက် ဘာဖြစ်လာကြသေးလဲ"

"ဘာမှမဖြစ်ပါဘူးအစ်ကိုရ"

"ဟုတ်လို့လား. . . ဝင်လာကတည်းက နှစ်ယောက်စလုံး မျက်နှာလည်းမကောင်းကြဘူး"

"ညကကိစ္စနဲ့ ဆက်ဖြစ်ကြတာပါ"

"ဘာကိစ္စလဲ"





"အသည်းတုံးက. . . ကျွန်တော်နဲ့အိပ်ချင်တယ်ပူဆာလို့ အစ်ကိုညီမက ရိုက်တယ်လေ။ ကျွန်တော်ရောက်သွားတော့ အဒေါ်ရောတူပါငိုလို့။ အဲဒါနဲ့ အသည်းတုံးကို ကျွန်တော်ခေါ်သိပ်လိုက်ရာက,စတာ"

"ဏီဏီက အသည်းတုံးလသားဘဝကတည်းက ထိန်းလာခဲ့တာကိုးဖိုးသော်ရ။ သူဘယ်ခွဲချင်ပါ့မလဲ။ ဒီကလေးကိုငဲ့ပြီး သူ အိမ်ထောင်ပြုချင်မှတောင်ပြုမှာ။ စိတ်ကူးမလွဲနဲ့နော်ဖိုးသော်"

"ဟာ. . . အစ်ကိုစကားကဘာလဲဗျ"

"ဏီဏီ့ကိုတာဝန်ယူဖို့လေ။ ငါတို့ကို ဘယ်မိထွေးလက်ထဲကိုမှထည့်မပေးနိုင်ဘူး. . . ဒါပဲ"

"ဟာ. . . ကျွန်တော်နဲ့အသည်းတုံးက ဘာမှမဆိုင်ဘူးလေ, အစ်ကို။ လွဲနေပြီ. . ."

"ဟုတ်လား. . . မင်းဘယ်အချိန်ထိ ဆက်ညာနေဦးမလဲဆိုတာ ငါစောင့်ကြည့်ဦးမယ်ဖိုးသော်။ ဒီမှာအလုပ်ဝင်တာ နှစ်နှစ်ပဲရှိသေးတာနော်။ လွန်ခဲ့တဲ့လေးနှစ်ကအတိတ်ကို မင်းဘယ်နှိန်ထိဖုံးထားဦးမှာလဲ"

"ဟာဗျာ. . . အစ်ကိုစွပ်စွဲချက်က ပြင်းထန်လှချည်လား ဗျ ကျွန်တော် ဒီနေ့ထိအိမ်ထောင်တစ်ခါမှပြုဖူးသေးတာဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ မယုံရင် မေမေ့ကိုလာမေးကြည့်ပါ"

"ငါက မင်းအိမ်ထောင်ပြုခဲ့တယ်လို့စွပ်စွဲလို့လား။ သမီးရည်းစားတွေနယ်လွန်ပြီးဖြစ်တတ်တဲ့သဘာဝကို ဒီလောက်တော့ ငါနားလည်ပါတယ်ကွ"

"မဟုတ်သေးပါဘူးဗျာ. . . ခက်တာပဲ"

ဘုရား. . . ဘုရား. . . ကံကြမ္မာက သူ့အပေါ်ဘယ်လိုများ ပုံချလိုက်တာပါလိမ့်။ ကိုယ်စိတ်ဝင်စားနေမိသူနှင့် နီးစပ်ရဖို့တောင်မှ ကိုယ့်ဘက်က တစ်ခုလပ်လိုလို၊ မုဆိုးဖိုလိုလို၊ ကလေးတစ်ယောက်အဖေပုံစံကြီးနဲ့ဖြစ်နေပါရောလား။ သူ မှုန်ကုပ်ကုပ်မျက်နှာဖြင့်၊ အစ်ကို့ရုံးခန်းထဲမှထွက်ခဲ့လေ၏။

နေ့လယ်ထမင်းစားချိန် Canteen ကိုရောက်တော့ စားပွဲတွေမှာ လူပြည့်နေပြီမို့ ထောင့်ဆုံးခုံဝိုင်းမှာပင် သူထိုင်ချလိုက်၏။ သူမကပါ သူ့ရှေ့ခုံမှာဝင်ထိုင်လိုက်လေသည်။

"အစ်ကိုရေ. . . ကြက်အသည်းအမြစ်က တစ်ပွဲစာပဲကျန်တော့တယ်။ ဒီအစ်မကပါစားနေကျမို့ ဘယ်လိုလုပ်ပေးရမလဲ"

"သူ့ကိုပဲပေးလိုက်ပါဖိုးကျော်. . . အစ်ကို့ကို ပုစွန်ဟင်းပဲ ထည့်ပေး"

"ဟုတ်ကဲ့အစ်ကို"

ရွှေပဒေသာစာပေ



အားလုံး၏မျက်နှာပေါ်မှ ခပ်လှောင်လှောင်အပြုံးတို့ကြောင့် သူအနေရခက်စွာဖြင့် ထမင်းကိုခပ်သွက်သွက်စားလိုက်ရတော့သည်။

ကံကြမ္မာရေ. . . လုပ်သာလုပ်လိုက်ဗျ။

ဂျာ ဂျာ ဂျာ

www.burmeseclassic.com

www.burmeseclassic.com



# ရှင့်ကိုမုန်းတယ်

## အခန်း ( ၆ )

သူစကားဆုံးသည်နှင့် မေမေ့မျက်နှာသိသိသာသာကြီးကို မှတ်ကျသွားလေ၏။ သူ မေမေ့ကို တအံ့တသြမျက်နှာဖြင့်ငေးကြည့်နေမိသည်။ ဝရန်တာရှိခုံပေါ်မှာထိုင်နေရင်း မေမေ့စိတ်တွေက အဝေးသို့လွင့်ပျံ့သွားသည့်နှယ်။ သက်ပြင်းချသံက သိသိသာသာကြီးတို့ကျယ်လောင်နေသည်။

"ဘာပဲဖြစ်ဖြစ် သား၊ ဇီဇီ့ကိုလက်ထပ်ချင်တာအမှန်ပဲ ဟုတ်လား"

"ဘယ်လိုလုပ်မလဲမေမေ. . . ကျွန်တော်မြတ်နိုးနေမိတဲ့ မိန်းကလေးက ကျွန်တော့်ကို အယုံအကြည်မရှိ မုန်းတီးနေတာ



www.burmeseclassic.com

www.burmeseclassic.com

လောက် အခံရခက်တာမရှိတော့ဘူး။ အခုဆို. . . ကုမ္ပဏီမှာရော ဒီပတ်ဝန်းကျင်ပါအကုန် ကျွန်တော့်ကိုအထင်သေးရွံရှာတဲ့အကြည့်မျိုးတွေနဲ့ကြည့်ကုန်ကြပြီဗျ။ ကျွန်တော်ကိုယ်တိုင် မကျူးလွန်မိပါဘဲ တစ်ဖက်သတ်စွပ်စွဲခံနေရတာ ကျွန်တော့်မှာ သိက္ခာတစ်ပြားမှမရှိတော့ဘူး။ ကျွန်တော်. . . ကျွန်တော် သူများသားပျိုသမီးပျိုကိုစော်ကားတတ်တဲ့လူယုတ်မာမှမဟုတ်ဘဲမေမေရယ်"

"သားရယ်"

"အစ်ကိုကအစ အထင်မှားနေတော့ဒီကိစ္စကို ကျွန်တော် ဘယ်လိုမှရှင်းလို့မရတော့ဘူး။ ကျွန်တော် ရှေ့ဆက်ဘာလုပ်ရမှာလဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ကိုမောင်ပြောသလိုပဲ သား, ဇီဇီကို လက်ထပ်လိုက်ပါကွယ်"

"ဟင့်အင်း. . . မဖြစ်ဘူးမေမေ။ ကျွန်တော့်ကို အားကိုးယုံကြည်မှုမရှိတဲ့မိန်းကလေးကို ကျွန်တော့်ဘဝထဲကိုအတင်းမခေါ်ချင်ဘူး။ ရှေ့လျှောက်အဆင်မပြေဖြစ်ကြမှာနဲ့စာရင် ခုကတည်းကခပ်စိမ်းစိမ်းနေလိုက်တာကမှပိုကောင်းမှာပါ"

"မေမေ အသည်းတုံးကိုချစ်တယ်သား။ ကလေးရဲ့စိတ်ကိုငဲ့ညှာပေးပါကွယ်။ နားလည်မှုတစ်ခုနဲ့ထူထောင်ရင် သားတို့အိမ်ထောင်ရေးက တကယ်သာယာမှာလို့ မေမေယုံတယ်"

"ကျွန်တော် ငြင်းပါရစေမေမေ။ ကလေးကိုချစ်တဲ့စိတ်သေးတစ်ခုနဲ့တော့ ကျွန်တော့်ဘဝကြီး ကျွမ်းထိုးမှောက်ခုံအဖြစ်မခံနိုင်ဘူး။ ကျွန်တော့်အပေါ် ဘယ်လိုပဲသံသယတွေရှိနေကြပါစေ။ အမှန်တရားဆိုတာ တစ်နေ့ပေါ်လာမှာပါ"

သူ, ဝရန်တာမှ အိပ်ခန်းထဲဝင်လာခဲ့၏။ အချစ်ဆိုတာ ဘာလဲဇီဇီ။ မြင်မြင်ချင်း ဒိတ်ခနဲဆောင့်ခုန်ခဲ့မိတဲ့ရင်ခုန်သံရဲ့နောက်ကွယ်မှာ ဒီလိုကြေကွဲခြင်းတွေရှိနေလိမ့်မယ်လို့ ကိုယ်လုံးဝထင်မထားမိတာအမှန်ပါပဲ။ ဒီနေ့၊ ဒီအချိန်၊ ဒီအသက်ဒီအရွယ်ထိ ကိုယ့်ပတ်ဝန်းကျင်မှာ မိန်းကလေးပေါင်းများစွာနဲ့ တရင်းတနှီး ဆက်ဆံခဲ့ပါတယ်။ ဒါပေမဲ့ အခုလိုနာမည်ပျက်ခြင်းမျိုး တစ်ခါမှ မကြုံခဲ့ပါဘူး။

အားငယ်တတ်သူတွေကိုအားပေးရင်း စာနာမှုတွေနဲ့ဖေးမတူညီလေ့ရှိတဲ့ကိုယ့်စရိုက်ကို သူငယ်ချင်းတွေအသိဆုံးပါကွယ်။ ဘယ်သူ့အပေါ်မှာမဆို ဖြူစင်စိတ်နဲ့ဆက်ဆံလေ့ရှိလို့တောင်မှ ကိုယ့်ကို 'ထုန်ကလေး' လို့ အမည်သညာခေါ်ခဲ့ကြတာပါ။ ခုတော့ အဲဒီသညာတွေ ဘယ်ကမ္ဘာကိုလွင့်ဝဲကုန်ပြီလဲ။

ကိုယ်, မင်းကိုသိပ်ချစ်တယ်ဇီဇီ။ ဒါပေမဲ့ ဒီစကားကို







www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်သက် မင်းကိုမြောဖြစ်တော့မှာမဟုတ်ပါဘူး။ ခံစားမှုတစ်ခု လေးကို ဦးစားပေးပြီး ကိုယ့်မာန၊ ကိုယ့်သိက္ခာတွေကို မိန်းမတစ် ယောက်ရှေ့မှာချနင်းစေဖို့ ကိုယ်မမိုက်မဲသေးဘူးဏီဏီ။ ဖြောင့် ဖြောင့်တန်းတန်းလျှောက်လှမ်းလာခဲ့တဲ့ဘဝခရီးလမ်းမှာ အမှတ် မထင်ခလုတ်တိုက်ပြီး အချစ်ဆိုတာကို ကိုယ်တွေ့ခဲ့တာပါ။ သို့ သော် အဲဒီအချစ်ဆိုတာကိုပဲဥပေက္ခာပြုဖို့ ကံကြမ္မာကဖန်တီးလာ ခဲ့ပါပြီ။ ဘာလုပ်သင့်သလဲ။ ရွေးချယ်ရမယ့်နည်းလမ်းတွေက ကိုယ့် အတွက်နည်းပါးလှချည်လား။

မည်သို့ပင်ဖြစ်စေ လူ့ဘဝရရှိခိုက်လေးမှာ လူ့အခွင့်အရေး တစ်ခုတလေလေးကိုတော့ သူပိုင်ဆိုင်သင့်ပါတယ်လေ။ အဲဒီအခွင့် ကို ဘယ်အချိန်ကျမှ သူရရှိမှာတဲ့လဲ။ ဘဝကိုကြမ်းတမ်းစွာ ဖြတ် သန်းလာခဲ့ရတဲ့သူ့ကိုမှ ကံကြမ္မာက ဒီလောက်ထိရက်စက်လွန်းပြီ လား။ ကိုယ်လိုချင်တာ ကြပ်နာခြင်းတွေပါဏီဏီရယ်။ တကယ် တမ်းကိုယ်ရရှိခဲ့ရတာတွေက နာကျင်ခြင်းတွေဖြစ်နေပါရောလား။

အိပ်မရသည့်အတူဘူ အခန်းထဲမအောင်းချင်သဖြင့် ဂျင် ဂျာကင်တစ်ထည်ကောက်စွပ်၍ သူဆင်းလာခဲ့၏။ ညဈေးတန်း ဘက် ရည်ရွယ်ချက်မရှိပါဘဲ လျှောက်သွားနေမိသည်။ တစ်နေရာ အရောက်မှာ ကလေးပစ္စည်းတွေချိတ်ရောင်းသည့်ဆိုင်ရှေ့ ခြေ





လှမ်းတို့က အလိုလိုရပ်သွားလေ၏။ ရင်ဘတ်မှာ ယုန်ရုပ်လေးကပ် ထားသည့် ခေါင်းစွပ်ဆွယ်တာအဖြူလေးကိုငေးနေမိရင်း စိတ်ထဲ ဖြစ်ပေါ်လာသည့်တွန်းအားကြောင့် ဝယ်လိုက်မိလေသည်။ အင်း အခုမှပဲ ကလေးအဖေတွေလို မြင်မြင်သမျှ ကလေးပစ္စည်းတွေပဲ ဝယ်နေမိပါရောလား။

အတွေးဖြင့်ကျိတ်ပြုံးလိုက်မိပြီး တိုက်ခန်းရှိရာဆီ ခပ်ဖြည်း ဖြည်းလျှောက်ပြန်လာခဲ့၏။ တိုက်အောက်မှာ ဗန်းဖြင့်ချရောင်းနေ သည့် ကောက်ညှင်းကျည်တောင့်နှစ်ချောင်းကိုဝယ်၍ လှေကားမှ တက်ခဲ့တော့ သူမတို့တိုက်ခန်းရှေ့မှာ အရုပ်ပိုက်၍ငုတ်တုတ်လေး ထိုင်နေသည့်အသည်းတုံးကို တွေ့လိုက်ရလေသည်။

ကလေးက သူ့ကိုမြင်လိုက်သဖြင့် ဖျတ်ခနဲထရပ်လိုက်စဉ် အခန်းတံခါးချပ်ခနဲပွင့်၍ သူမထွက်လာလေ၏။

“ကဲ. . . အထဲဝင်မလားမဝင်ဘူးလားအသည်းတုံး”

“ဏီဏီ. . . သားဖေဖေနဲ့ပဲ”

“ဟင်. . . နင် တော်တော်အကျင့်ကောင်းတွေတတ်နေပါ လားပြည့်အောင်။ အရင်က. . . ဒီလိုနင်ဂျီကျဖူးလား။ ဘယ်သူ့ ဆီးနဲ့ဆိုးသွမ်းချင်ရတာလဲ။ ငါမရိုက်ချင်ဘူးနော်. . . လာခဲ့”

“ဟင့်အင်း”



www.burmeseclassic.com

www.burmeseclassic.com



ကလေးက သူမလက်ထဲမှအတင်းပြန်ရုန်းလေတော့ သူမ
က အသည်းတုံးတင်ပါးကို ဖြန်း ခနဲရိုက်လိုက်လေ၏။ သူ့ရင်ထဲ
ကျင်ခနဲခံစားလိုက်ရပြီး လှေကားထိပ်မှ ခပ်သွက်သွက်လျှောက်
လာခဲ့သည်။

"အိး... ဖေဖေနဲ့တိုင်ပြောမယ်။ ဏီဏီကိုမချစ်တော့ဘူး။
ဟီး... ဟီး... ဟီး"

"အေးပေါ့... ခုတော့ နင်က ဖအေအားကိုးနဲ့ငါ့ကိုတော်
လှန်တတ်ပြီပေါ့။ ငါ့မှာတော့ နင်ပိစိလေးကတည်းက ချေးကလူ
သေးကလူပြုစုလာခဲ့ပေးတာ အခုမှ ငါ့ရင်ဝကိုခြေစုံကန်ပါ။ သိ
လား... လပြည့်အောင်ရဲ့"

"ကျွတ်... ကလေးမှာ ဘာအပြစ်မှမရှိဘဲ ဒီလိုလျှောက်
မပြောပါနဲ့ဏီဏီ။ သူဘာမှနားလည်သေးတာမှမဟုတ်တာ"

"အဲဒါ ရှင့်ကြောင့် ဒီလိုဖြစ်ကုန်တာ။ ရှင်မြှောက်ပင့်ပေး
လို့ ဖြိုးဖြင့်ကြွတတ်လာတာလေ...။ လေးနှစ်ကျော်တွယ်လာတဲ့
သံယောဇဉ်က ရှင်နဲ့လည်းတွေ့ရော တိခနဲပြတ်တာပဲ"

"တော်တော့ဏီဏီ... အဓိပ္ပာယ်မရှိတာတွေ ပြောမနေ
နဲ့။ ကလေးဆိုတာ ချော့ပြောရင် နားဝင်တာချည်းပဲ။ မင်းဒီလိုစိတ်
တိုင်းမကျတိုင်းရိုက်နေရင် ကလေးက မင်းကိုဘယ်ကပ်ချင်တော့





မှာလဲ"

"အဲဒီလိုဖြစ်အောင် ရှင်ပဲလုပ်နေတာလေ ဦးသော်တာ
အင်းရဲ့"

"ဟင်း... ခက်လိုက်တာကွာ။ ကဲသား... ဒီမှာဖေဖေ
ပြောတာနားထောင်။ နောက်ကို ညအိပ်တိုင်း ဖေဖေနဲ့အိပ်မယ်ဆို
ဒီ ရှိမကျရဘူးနော်။ အဲဒီလိုဆိုးတာ ဖေဖေမကြိုက်ဘူး။ ဏီဏီ
ကိုချစ်ရင် ဏီဏီစကားကိုနားထောင်မှပေါ့။ သားကလိမ္မာပါတယ်၊
ဆတ်ပြီလား။ ဒီမှာ သားအတွက် ဖေဖေဆွဲယ်တာလှလှလေးဝယ်
လာပေးတယ်။ ယူ... ဒါက ဘွားလေးတို့စားဖို့နော်။ ကဲကဲ...
အထဲကိုဝင်တော့ အပြင်မှာအေးနေပြီ"

"ဟင့်အင်း... ဟင့်အင်း... ဒါတွေသားမလိုချင်ဘူး။
သား... သား... ဖေဖေနဲ့ပဲတူတူနေချင်တာ။ ဖေဖေနဲ့တူတူအိပ်
မယ်"

"အသည်းတုံးနော်"

"သား... ဒီမှာ ဖေဖေ့ကိုသေချာကြည့်"

ကလေးက သူ့ကိုအတင်းဖက်ထားရာမှ ဖြေလွှတ်၍ကြည့်
လိုက်လေသည်။ မျက်နှာလေးပေါ်မှမျက်ရည်တို့ကို အသာအယာ
သုတ်ပေးလျက် သူပြောလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့စကားကိုနားမထောင်ရင် သားကိုဖေဖေမချစ်ဘဲ နေလိုက်မှာနော်။ ပြီးတော့. . . ဖေဖေ ဒီကနေပိုးအငေးကြီးကို အပြီးပြောင်းသွားမှာ"

ကလေးက စိုးရိမ်ထိတ်လန့်စွာဖြင့် ငိုမဲ့မဲ့လေးဖြစ်သွားလေသည်။ သူအသည်းတုံး၏ပါးဖောင်းဖောင်းလေးနှစ်ဖက်ကို ငုံ့မွှေးလိုက်ပါ၏။

"ကဲ. . . အထဲဝင်. . . အိပ်တော့။ မနက်ကျောင်းသွားရ မှာ"

"ဖေဖေ. . . သား. . . သား. . . ဖေဖေ့ကိုသိပ်ချစ်တယ်"

"ဟင်း. . . ဖေဖေလည်း သားကိုသိပ်ချစ်ပါတယ်"

သူဒူးထောက်ထိုင်ထားရာမှ ထရပ်လိုက်ပြီး ကလေး၏ ဆံနွယ်ပျော့ပျော့လေးတွေကို အသာဖွ၍ဆော့ကစားလိုက်မိသည်။ သက်ပြင်းတစ်ချက်ကိုကျိတ်ချလိုက်ပြီး အခန်းရှိရာသို့ဆက်လျှောက် ၍ဝင်ခဲ့ပါ၏။

သူ့နောက်ကျောကိုငေးမောရင်း ကျန်ရစ်ခဲ့သည့်မျက်ဝန်း လေးနှစ်စုံကို သူပြန်လှည့်မကြည့်ခဲ့မိပေ။ သံယောဇဉ်ဆိုတာ ဖြတ် အခက်ခဲဆုံးသောကြိုးတစ်စပါ ဏီဏီ။ ကိုယ်က မင်းတို့တူအမိ ကြားမှာချည်နှောင်ထားတဲ့ကြိုးကို ဖြတ်တောက်မယ့်ကတ်ကြေးတ





ဟတ်လည်းမဟုတ်ပါဘူး။

ပြီးတော့ မင်းရဲ့တူလေးအပေါ်မှာထားရှိတဲ့ မင်းရဲ့ချစ်ခြင်းတွေကို ဖျက်ဆီးမယ့်ဓားတစ်ချောင်းလည်း အဖြစ်မခံနိုင်ပါဘူး။

ဒါအမှန်ပါပဲ. . . ။

ဂု ဂု ဂု



www.burmeseclassic.com

www.burmeseclassic.com



# ရှင့်ကိုမုန်းတယ်

## အခန်း ( ၇ )

သူ တိုက်ခန်းပေါ်မှဆင်းလာခဲ့တော့ မနက်ရှစ်နာရီသာ [illegible]သေးသည်။ bus မစီးဘဲ ကုမ္ပဏီသို့ ပုံမှန်ခြေလှမ်းတို့ဖြင့်လမ်း [illegible]ွက်လာခဲ့၏။ လုပ်စရာရှိသည့်အလုပ်တွေကိုသာ အာရုံစိုက်၍ [illegible]နေမိသည်။ မနက်ကိုးနာရီကျော်ချိန်ထိ သူမရောက်မလာသေး [illegible]။

“ဖိုးသော်ရေ. . . ဏီဏီဘာဖြစ်လဲ”

“ဟာ. . . ကျွန်တော်ဘယ်သိမှာလဲအစ်ကိုရ”

“ဟေ့ကောင်. . . မင်းနဲ့အခန်းချင်းကပ်၊ အလုပ်ကိုအတူ [illegible]ရှုတာတောင် ပြီးစလွယ်မပြောနဲ့ကွ”

www.burmeseclassic.com

www.burmeseclassic.com

"ဟာဗျာ. . . ကျွန်တော်တကယ်မသိတာပါဆိုအစ်ကိုရာ"

"ဒါဆို ရွှေပြည်သာစက်မှုဇုံကို မင်းပဲသွားဖို့ပြင်"

"အာ. . . သေပါပြီ"

"စန္ဒီလိုက်သွားဟေ့. . .။ နင်တို့အစ်ကိုက နေရာတကာ အားနာနေတာနဲ့ပဲ အကြွေးက တောင်းလို့ရမှာမဟုတ်ဘူး"

သူမျက်နှာရှုံ့တွလျက် စန္ဒီနှင့်အတူ ရွှေပြည်သာသို့ကား ဖြင့်ထွက်လာခဲ့၏၊ လမ်းတစ်ဝက်ရောက်မှ Hand Phone မေ့ခဲ့ မှန်းသိတော့သည်။ ကုမ္ပဏီတွေကို တစ်ရုံးတက်တစ်ရုံးဆင်းလုပ် ခဲ့ပြီးပြန်ခဲ့တော့ နေ့လယ် (၁၂)နာရီကျော်နေလေပြီ။ ရုံးကိုပြန် ရောက်တော့ အေမီက ဆီး၍ပြောလေသည်၊

"ကိုလင်းရေ. . . မန်နေဂျာကပြန်ရောက်တာနဲ့ ကလေး ဆေးရုံကိုတန်းလိုက်ခဲ့တဲ့"

"ဘာ! "

"ဒါတွေ အေမီတို့ဆက်လုပ်ထားနှင့်မယ်။ မြန်မြန်လိုက် သွားလေ။ ကိုလင်းရဲ့သား သွေးလွန်တုပ်ကွေးဖြစ်လို့ဆိုလား၊ ဆေး ရုံတင်ထားတယ်တဲ့"

"ဟာ! "

သူ, ကားဖြင့် ချက်ချင်းပြန်ထွက်ခဲ့ရ၏။ ဆေးရုံကိုရောက်





တော့ မေမေနှင့်အန်တီဒေါ်ကလျာဆွေကိုသာ တွေ့ရလေသည်။

"မေမေ"

"သား. . . လုပ်ပါဦးသားရယ်။ ညက အသည်းတုံး တစ်ည လုံးမအိပ်ဘူးတဲ့။ ဒီမနက် ကျောင်းမှာမူးလဲလို့ ဖုန်းဆက်ခေါ်ပြီး ဒီကိုရောက်လာတာ"

"အစ်ကိုရော"

"ကိုမောင်နဲ့ဇော်ဇော် သွေးလိုလို့သွားရှာနေတယ်"

"ဘာသွေးလဲအန်တီလေး"

"A"

"ကျွန်တော်လှူမယ်မေမေ"

သူဆရာဝန်ကြီးနှင့်ဝင်တွေ့ကာ စစ်ဆေးမှုပြုပြီး ချက်ချင်း သွေးဖောက်၏။ အသည်းတုံးကိုသွေးသွင်းနေချိန်ကျမှ အစ်ကိုနှင့် သူမပြန်ရောက်လာသည်။

"ကလေးက အတော်လေးအားနည်းနေတော့ ပိုဆိုးသွား တာပါ။ တစ်ပတ်ဆယ်ရက်တော့ ဆေးရုံတင်ရမယ်"

"ဟုတ်ကဲ့ပါဒေါက်တာ"

"တော်သေးတာပေါ့. . . သားအဖတွေသွေးချင်းတူလို့" ကဲ. . . ပြောမနေချင်တော့ပါဘူး။ အသည်းတုံးမှအခြေနှာ



www.burmeseclassic.com

www.burmeseclassic.com



လေးတို့သာ ထိုင်ငေးနေမိတော့သည်။ သူမကတော့ ခုတင်ပေါ် တတ်ထိုင်၍ တရှုံ့ရှုံ့ငိုလို့ကောင်းနေဆဲ။

"ဖိုးသော်. . . ခဏ"

အစ်ကိုက သူ့လက်မောင်းကိုလှမ်းပုတ်၍ ခေါ်ထုတ်လာသဖြင့် သူထလိုက်ခဲ့ရ၏။ လူရှင်းသည့်နေရာရောက်မှ သူ့မျက်နှာကိုသေချာကြည့်၍ ပြောချလိုက်လေသည်။

"ဒီအချိန်ထိရောက်မှတော့ မင်းဝန်ခံသင့်ပြီဖိုးသော်"

"ဗျာ! "

"သွေးက သက်သေပြနေတာတောင် မင်းငြင်းနိုင်ဦးမှာလား။ ကလေးရဲ့နှလုံးသားက အင်မတန်နုနယ်လွန်းပါတယ်ကွာ။ မင်း ဒီလောက်ထိမရက်စက်သင့်ပါဘူး။ သူ့ကို မင်းနှုတ်နဲ့ပဲခွဲဖို့ပြောသေးတာတောင် ဆေးရုံပေါ်ရောက်နေပြီ။ တကယ်တမ်းလက်တွေ့သာခွဲရင်တော့ သေဖို့ပဲရှိတော့တယ်သော်တာလင်း။ သူဟာ မင်းရဲ့သွေး. . . မင်းရဲ့သားပါကွာ"

"မဟုတ်ဘူး. . . မှားနေပြီ၊ အစ်ကိုအရမ်းမစွပ်စွဲပါနဲ့ဗျ။ ကျွန်တော်. . . ကျွန်တော် သူတစ်ပါးသားသမီးကိုဖျက်လိုဖျက်ဆီးလုပ်တတ်တဲ့အယုတ်တမာကောင်မဟုတ်ဘူး"

"မင်း"





အစ်ကို့လက်အစုံက သူ့ရှပ်ကော်လံစကို ဆုပ်ကိုင်လိုက်စဉ်အစ်ကို့နောက်မှ တားမြစ်သံတစ်ခုပေါ်ထွက်လာလေ၏။

"မလုပ်နဲ့ကိုကြီး"

"ဟင်! "

"ဒီလူ့ယုတ်မာကို ကိုယ်ထိလက်ရောက်လုပ်မိရင်တောင်. . . ထိမိတဲ့ဓားတို့လက်တွေပဲ သနမယ်။ လူစိတ်ကင်းမဲ့တဲ့လူ။ ဒီလောက်ထိကိုယ့်သွေးသားတစ်ယောက်လုံး သေကောင်ပေါင်းလဲဖြစ်နေတာတောင်မှ သိက္ခာက ရှိချင်နေသေးတယ်။ မိန်းမတစ်ယောက်ကို တရားဝင်လက်ထပ်မယူနိုင်ဘဲ. . . ကျောရရုံကြဲတာယောက် အောက်တန်းကျတာမရှိတော့ဘူး။ ရှင်ဟာ သိပ်တစ်ကိုယ်ကောင်းဆန်တဲ့လူ။ ရှင့်ဖို့ရှင့်အတွက်ပဲအမြဲကြည့်ခဲ့တာ ရှင့်လောက်စိတ်ဓာတ်သေးသိမ်တဲ့ယောက်ျားမျိုး ဒီတစ်ခါပဲတွေ့ဖူးသေးတယ်။ ဒေါ်လောက်ပါပြီ ဦးသော်တာလင်းရယ်။ ရှင့်အတွက် မမရဲ့ဘဝကိုပဲ စတေးခံပါရစေ. . .။ အပြစ်မဲ့တဲ့အသည်းတုံးလေးကိုတော့ ရော်စက်ချင်ပါနဲ့ရှင်"

သူ, အုတ်တိုင်ကို နောက်ကျောမှီ၍ မျက်လုံးအစုံကိုမှိတ်ချလိုက်မိ၏။ သူ့အနီးမှ တဖျပ်ဖျပ်ထွက်ခွာသွားသည့်ခြေသံတွေကိုအတိုင်းသားကြားနေရလေသည်။ ဘယ်လိုတွေဖြစ်ကုန်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အသည်းတုံးရဲ့သွေးက A။ ပြီးတော့ သူ့သွေးကလည်း A။ ဒါပေမဲ့ ဒါ သူ့သွေးကဖြစ်တဲ့အမြုတေလေးတော့ မဟုတ်လောက်ပါဘူး။ ဒီနေ့ဒီအချိန်ထိ သူ့ဘဝမှာ ဘယ်လိုအမှားမျိုးကိုမှ ကျူးလွန်ခဲ့တာမှမဟုတ်ဘဲ။

အရင်ဘဝကိုမေ့ရလောက်အောင် သူက အတိတ်မေ့နေတဲ့လူတစ်ယောက်မှမဟုတ်တာလေ။ သူ့ဘဝမှာ လုံးဝဖျောက်ဖျက်ရအောင် အတိတ်ဆိုးဆိုတာ ရှိခဲ့တာမှမဟုတ်ဘဲ။ ရင်ထဲမှာ နာနာကျင်ကျင်လေးခံစားလိုက်ရသည်။ လူယုတ်မာတဲ့လား။ လက်သနမယ်တဲ့လားဂျီဂျီ။ ဇာဂနယ်တမ်း ကိုယ်ကသာ မင်းစကားတွေကြောင့် မင်းကိုနာကြည်းမုန်းတီးသင့်တာပါ။ ဒါပေမဲ့ ဒါကိုကိုယ့်နှလုံးသားက ခွင့်မပြုပြန်ဘူးတဲ့ဂျီဂျီရယ်။

"ကိုသော်တာလင်းဟုတ်ပါတယ်နော်"

"ဪ. . . ဟုတ်ပါတယ်ဆရာမ"

"ဒါဆိုရင် ရှင့်ကို ဆရာဝန်ကြီးခေါ်ခိုင်းလိုက်တယ်ရှင့်။ ကလေးက သတိရနေပါပြီ"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်ဆရာမ"

သူ ဆေးရုံလှေကားထစ်တွေကို အမြန်ပြေးတက်ခဲ့ရလေ၏။ Special Room အခန်းဝအရောက်မှာ ဆရာဝန်ကြီးက သူ့ကို ကြည့်၍ ခေါင်းညိတ်ခေါ်လိုက်လေသည်။

"ကဲ. . . သားသားဖေဖေလာပြီနော်၊ မငိုနဲ့တော့။ တိတ်တိတ်. . . ကဲ. . . ကိုသော်တာလင်းရေ၊ ကလေးကိုစိတ်ချမ်းသာအောင်ထားဖို့ ကျွန်တော် ပြင်းပြင်းထန်ထန်သတိပေးလိုက်ပါရဲ့။ မေ့ပါနဲ့"

"ဟုတ်ကဲ့ပါဒေါက်တာ"

သူ, ခုတင်အနီးကိုရောက်တော့ အသည်းတုံးက ကျိုးထိုက်သဖြင့် သူ့ပွေ့ပိုက်ထားလိုက်မိ၏။ ခပ်နွေးနွေးနဖူးပြင်လေးကို ဝါးပြင်အပ်လျက် နာကျင်ကြေကွဲမှုတွေကို အတတ်နိုင်ဆုံးမေ့ပျောက်အောင်ကြိုးစားနေရလေသည်။ သားရယ်. . . ဖေဖေဟာသားရဲ့ဖေဖေမဟုတ်ခဲ့ပေမယ့် သားဘဝအတွက် သားမှီခိုအားကိုးရာခင်တစ်ယောက်အဖြစ် ဖေဖေရပ်တည်ပေးမှာပါကွာ။

ထိုညမှစ၍ တစ်ပတ်လုံးလုံး သူနှင့်သူမခွင့်ယူထားရသလို ညစဉ်စောင့်အိပ်ရသည့်တာဝန်ကို သူယူခဲ့ပါ၏။ ကလေးဝေယျာဝစ္စတွေလုပ်ရသဖြင့် သူမပိုပင်ပန်းတာကို မြင်နေရသော်လည်း အိုးစကား ဘာတစ်ခွန်းမှမပြောမိလေခဲ့။ ဆန်ပြုတ်ခွံ့ကျွေးတာအစ ချီပိုးချော့သိပ်ရခြင်းအဆုံး သူ့ခြေသူ့လက်ချည်းကိုသာ အသည်းတုံးက တောင်းဆိုခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှဆင်းတော့ သူနှင့်အတူ မနေရလျှင်မဖြစ်တော့သဖြင့် အဝတ်အစားတွေပါမကျန် သူ့ဗီရိုထဲရောက်နေလေပြီ။ သူက ကြေကွဲခြင်းတစ်ဝက်၊ နာကျင်ခြင်းတစ်ဝက်ဖြင့် သူ့ကိုဘာမှ မပြောတော့ဘဲ နှုတ်ဆိတ်ငြိမ်သက်နေလေသည်။ အသည်းတုံးအိပ် ပျော်သွားလေမှ သူ ဝရန်တာဘက်ထွက်လာခဲ့၏။ စိပ်ပုတီးက စား ပွဲပေါ်မှာ ခွေခွေလေးတင်ရှိကာ မေမေက ဝရန်တာရှိခုံပေါ်မှ ထိုင်နေလေ၏။ သူ, မေမေ့နောက်ကျောမှာရပ်လိုက်မိစဉ် မေမေ့ နှုတ်ဖျားမှ အသံတိုးတိုးထွက်လာလေသည်။

"သား"

"ဗျာ. . . မေမေ"

"ဖိုးဖိုးကို သိပ်မကြာခင်မှာလက်ထပ်ရမယ်။ မင်္ဂလာဆွဲကို မေမေတို့လူကြီးတွေ ကိုမောင်နဲ့စီစဉ်ပေးမယ်"

"ဟာ! မေမေ"

"မငြင်းပါနဲ့သားရယ်။ မေမေစီစဉ်တာ မေမေ့မြေးလေး အတွက်ပါ"

"မေမေဘာတွေပြောနေတာလဲ။ ကျွန်တော် ဘာတစ်ခုမှ နားမလည်တော့ဘူး"

မေမေလှည့်ကြည့်လိုက်သဖြင့် မေမေ့မျက်ဝန်းမှာ ရစ်သီ





ဘည်နေသည့် မျက်ရည်ဥတို့ကိုမြင်လိုက်ရလေသည်။

"မေမေ"

"သား. . . အသည်းတုံးဟာ မေမေ့မြေးအစစ်ပါကွယ်"

"ဟာ. . . မေမေ"

"ဟုတ်တယ်. . . မေမေ့မျိုးဆက်သွေးစစ်စစ်ပါ"

"ဟင့်အင်း. . . မဟုတ်ပါဘူး"

"ဟုတ်ပါတယ်သားရဲ့။ မေမေ့မြေး၊ သားရဲ့သွေး၊ သား . . . သားရဲ့တူလေးကို သားအရင်းလေးလို သဘောမထားနိုင် သားဟင်။ မေမေ့မြေးလေးကို မေတ္တာငတ်နေတဲ့ဘဝမျိုးနဲ့တော့"

"မေမေရယ်"

သူ, မေမေ့ကို တင်းကျပ်စွာပွေ့ဖက်ထားလိုက်မိလေ၏။ . . . ဒါကြောင့်မို့ ကလေးက သူနှင့်သွေးရောရှုပ်ပါထပ်တူညီ ဘာတုံး။ ကိုယ်ဝမ်းသာရတော့မှာလား ဖိုးဖိုး။ မသချာတာတစ် တော့ မင်း, ကိုယ့်ကိုနာကြည်းနေဆဲပဲမဟုတ်လား။

ဂုဏ် ဂုဏ် ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂ )

## အခန်း ( ၈ )

ငြိမ့်ခနဲထိုးရပ်သွားသည့်လေယာဉ်ပေါ်မှ သူဆင်းလာခဲ့၏။ ရွေးစရာရှိသည့်ပစ္စည်းတွေကို စောင့်ရွေးခဲ့ပြီး Taxi ဖြင့် ရွှေဆောင်ကြားလမ်းအိမ်သို့ ပြန်ခဲ့သည်။ လေးနှစ်ကျော်ခွဲခွာခဲ့သည့် မြန်မာပြည်က အရင်လိုမစိုပြည်ဘဲ ခြောက်သွေ့နေသလိုပါပဲလား။

ကားက ခြံဝင်းကျယ်ကြီးထဲချိုးကွေ့ဝင်ကာ မီးခိုးရောင်ကျောက်ပြားအပြည့်ကပ်ထားသည့်တိုက်ကြီး၏လသာဆောင်အောက်မှာ ထိုးရပ်သွား၏။ အိမ်ကြီးထဲမှ ဦးသာဒင်ထွက်လာကာ Taxi ခကိုရှင်းပေးပြီး သူနှင့်ပါလာသည့်ပစ္စည်းတွေကို ကူသယ်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တောက်ပြောင်သန့်ရှင်းနေသည့်ဧည့်ခန်းကို တစ်ချက်ဝေ့ဝဲကြည့်စဉ် နံရံထက်ချိတ်ထားသည့် ဖေဖေ့ဓာတ်ပုံကြီးကိုမြင်လိုက်ရလေ၏။ ခြေလှမ်းတို့က အလိုလိုပင် ဖေဖေ့ထံလှမ်းပြီးသားဖြစ်သွားလေသည်။ L.A မှာ ခေါင်းချသွားခဲ့သည့်ဖေဖေ့ဝိညာဉ်တသူနှင့်အတူပါလာခဲ့လေသလား။ သိပ်မသေချာပေမယ့် မကွယ်လွန်မီ တဖွဖွမှာခဲ့သည့်စကားတစ်ခွန်းကိုတော့ ယခုတိုင် သူ့နားထဲမှာကြားယောင်နေမိသည်။ မေမေနှင့် ညီလေးကိုတွေ့အောင်ရှာပြီး မိသားစုအတူပြန်နေပါတဲ့။ ဖေဖေပိုင်ဆိုင်ခဲ့သမျှတွေကို စာချုပ်စာတမ်းနှင့် မေမေရော၊ သူနှင့်ညီလေးကိုပါ ခွဲဝေပေးခဲ့သည်လေထားလိုက်ပါ။ ဒီအမွေကိစ္စက ဖေဖေ့ရှေ့နေကြီးဦးမြတ်မင်း ဆောင်ရွက်ပေးမှာပါ။

သူ့တာဝန်က မေမေနှင့် ညီလေးကိုရှာဖို့။ မေမေ့အမည်က ဒေါ်အေးအေးစိမ့်။ ညီလေးနာမည်က သော်တာလင်း။ ဒါကိုသတင်းစာထဲထည့်ကြော်ငြာရမှာလား။ မဖြစ်သေးပါဘူး။ မေမေကငွေမရှိမချမ်းသာပေမယ့် အင်မတန်မာနကြီးတဲ့အမျိုးသမီးတဲ့။ ဒါကြောင့်လည်း အန်တီကြီးရဲ့မောက်မာတဲ့အပြောတွေကြောင့် ခံရပ်နိုင်ဘဲ ညီလေးကိုပိုက်ပြီး ဒီအိမ်ပေါ်က ဆင်းသွားခဲ့တာပေါ့။ အန်တီကြီးကြောင့် သူတို့ညီအစ်ကို ငယ်ငယ်ကတည်းက ကွဲခဲ့ကြ





တာ။ ပြီးတော့ သူ, မိခင်မဲ့ခဲ့ရတာလေ။

ဖေဖေက နိုင်ငံခြားမှာကုမ္ပဏီထောင်ပြီး ငွေပို့ရှုံသက်သက်ကလွဲလို့ သူ့ကိုဘယ်လိုမေတ္တာမျိုးမှမပေးခဲ့ပေ။ အန်တီကြီး၏အလိုလိုက်မှုအောက်မှာ သူစည်းလွတ်ဝါးလွတ်ဖြစ်ခဲ့တာ ဆန်းသလား။ တေချင်သလိုတေ၊ မွေချင်သလိုမွေခဲ့တာ ဘွဲ့ယူခါနီးထိပဲပေါ့။ ခုတော့ အန်တီကြီးဆုံးပြီး နောက်တစ်နှစ်မှာ ဖေဖေလည်းဆုံးပါးခဲ့ရတော့ သူတစ်ယောက်တည်းကျန်ရစ်ခဲ့ပြီလေ။

မေတ္တာဆိုတာဘာလဲ။ သံယောဇဉ်ရော၊ နောက်, မိသားစု၏နွေးထွေးကြင်နာမှု၊ သူ ဘာတစ်ခုမှ ရရှိပိုင်ဆိုင်ခဲ့တာမျိုးမရှိလေ။ ချစ်တတ်ဖို့ဆိုတာကတော့ ဟိုးအဝေးဆုံးမှာ။ ချစ်တတ်ဖို့ဆိုတော့ သူ, တစ်စုံတစ်ယောက်ကို ဖျတ်ခနဲသတိရသွားမိ၏။ သူ့ရဲ့ တွေ့ခဲ့တာဖူးခဲ့တာတွေ၊ ကြုံခဲ့ရာတော်များစွာသောပန်းပွင့်များထဲမှ ပန်းလေးတစ်ပွင့်။ သူမက ထူးခြားထွေထွေထူးတဲ့ ဘာမှမထူးခြားတဲ့ အချိန်ကာလကလေးလို ... အရိုင်းစံပယ်လေးပါ။ သူနှင့်စရိုက်တူမိန်းကလေးများနှင့် ခြားနားမှုမတူခဲ့သည့်မိန်းကလေး...။ ပြီးတော့...

သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချ၍ အိမ်ပေါ်ထပ် အိပ်ခန်းသို့ တစ်လှမ်းချင်းတက်ခဲ့၏။ ကိုယ်လုံးပြည့်မှန်ချပ်ရှေ့မှာ ရပ်လိုက်တော့ ပါးမြိုင်းမွေးခပ်စိမ်းစိမ်းနှင့် လူရည်သန့်တစ်ဦးကို တွေ့လိုက်ရသည်။ ညီလေးရော ဒီပုံစံပဲလား။ ပိုပြီးများနုနယ်လေ



www.burmeseclassic.com

www.burmeseclassic.com


ယောအ စေစေပြောတာတော့ သူတို့ညီအစ်ကိုနှစ်ယောက်က ခွဲမရအောင်တူလွန်းသည်တဲ့။ ဒါဆိုရင်တော့ ညီလေးကိုရှာတွေ့ဖို့ သိပ်မခက်ခဲပါဘူး။

အိပ်ရာထက်ကနိုလန့်ပစ်လှဲ၍ မျက်နှာကြက်ဖြူဖြူကိုငေးကြည့်နေမိသည်။ သူကတော့ ခုချိန်ထိ လေလို့ကောင်းနေဆဲ။ ဘော်ဒါတွေကတော့ အိမ်ထောင်တွေကျ၊ သားသမီးကိုယ်စီနှင့်။ ဗုဒ္ဓေ သားသမီးဆို၍ မိန်းကလေးတစ်ဦး၏မျက်နှာလေးကို ဖျတ်ခနဲမြင်ယောင်လိုက်မိသည်။ ပြောစရာရှိသည်ဆိုပြီး သူနိုင်ငံခြားထွက်ခါနီး လေဆိပ်ထိလိုက်လာခဲ့တာလေ။ အပေါင်းအသင်းတွေရှေ့မှာ ဘာစကားတစ်ခွန်းမှမပြောဘဲ သူ့မျက်နှာကိုသာ မျက်တောင်မခတ်ငေးကြည့်နေခဲ့တာမှအကြာကြီး။ နှုတ်ဖျားက ဘာမှဖွင့်မပြောပေမယ့် မျက်ဝန်းအစုံက စကားတွေအများကြီးပြောခဲ့တာပဲ။ ထိုစဉ်တုန်းကတော့ ဖေဖေက အမြန်လာခဲ့ဆို၍ သူ လောလောဖြင့်စိတ်တွေပျာလောင်ခတ်နေခဲ့တာ။

ဘုရား. . . ဘုရား. . . သူထင်သလိုပဲဖြစ်ခဲ့ပြီလား။ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ သူစည်းမကျော်ခဲ့ဖူးတာ။ ဒါပေမဲ့ ဒါပေမဲ့ သူမကိုတော့ . . . သူမကိုတော့. . . သူမျက်ဝန်းအစုံကို မှိတ်ချလိုက်စဉ် ဆံပင်စင်းစင်းလေးနှင့် မျက်နှာချိုချိုလေးကိုမြေ



ဆိုလိုက်မိပြန်၏။ နေရာတကာကြောက်တတ်ပြီး လူရာမဝင်သည့် တလေးကို ပါတီပွဲဆီအတင်းခေါ်ခဲ့သည့်ညကို သူမမေ့။ မိုးတွေ နေ့ရွာပြီး ကားကိုရှေ့ဆက်မမောင်းနိုင်ဘဲ လမ်းဘေးမှာထိုး ခဲ့ရတဲ့ည။ ပြီးတော့ သူ့ရင်ခွင်ထဲမှာ သနပ်ခါးရနံ့တွေလှိုင်လှိုင် ရှူခဲ့တဲ့ညပေါ့။

ဟုတ်နေပါပြီ. . . ဟုတ်နေပါပြီ. . . ဒီဒီလေးပြောချင်နေ ဒီကိစ္စပဲဖြစ်မှာ။ ဒီကိစ္စမို့ လူကြားထဲ သူမ,ပြောမထွက်ခဲ့တာ ဘုရားရေ. . . သူတော့. . . သူမနှင့်ပတ်သက်ပြီး လူယုတ်မာ ယောက်ဖြစ်ခဲ့ပြီလား။ မဖြစ်သေးဘူး။ ဒီကိစ္စက ပိုအရေးကြီး ။ သူဆတ်ခနဲထထိုင်၍ Hand Phone ခလုတ်တွေကို နှိပ် က်ပါ၏။

"ဟဲလို. . . (၆)မိုင်ခွဲငြိမ်းချမ်းရေးဆောင်ကပါရှင်"

"ဟဲလို. . . ကျေးဇူးပြု၍ အဲဒီအဆောင်အခန်းနံပါတ် (၇) နေသွားခဲ့တဲ့ မေမဒီရဲ့နယ်လိပ်စာလေးများ. . . သိခွင့်ရှိမလား ဗျာ"

"မေမဒီ. . . မေမဒီဆိုတာ Botany တက်သွားတဲ့ဆံပင် ငင်းလေးနဲ့မိန်းကလေးလား"

"ဟုတ်ပါတယ်. . . သူပါပဲအန်တီ"


www.burmeseclassic.com

www.burmeseclassic.com

"သူ Final ဖြေပြီးတာနဲ့ နယ်ကိုပြန်သွားတာပဲကွယ်။ နယ်လိပ်စာတော့ ပေးမသွားပါဘူး။ မုံရွာဆိုလားဘာလား သိပ်မသေချာဘူးကွယ့်"

"ဒါဆိုလည်း သူနဲ့တွဲခဲ့တဲ့ဝါဆိုတို့ သက်ဝေတို့လိပ်စာရော သိပါသလားအန်တီ"

"အဲဒီကလေးတွေကတော့ ဒီရန်ကုန်မှာပဲ အလုပ်ဝင်နေကြပြီကွယ့်။ အဆောင်မှာတော့ မနေတော့ဘူး။ စက်မှုဇုံတော့ စက်မှုဇုံပဲ။ ဘယ်နေရာမှန်းမသိတာပါ"

"ဪ . . . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်အန်တီ"

"အေးအေး . . ."

ဖုန်းကိုပိတ်လိုက်ပြီး သူမျက်နှာကို လက်ဝါးဖြင့်အုပ်ထား လိုက်၏။ မင်းဘယ်ဆီမှာလဲမေမဒီရယ်။ ကိုယ်မရှိပေမယ့် ကိုယ် တဲ့နေရာလိပ်စာကို မင်းသိထားသားပဲ။ တစ်စုံတစ်ခုဆို အကြောင်း ကြားလို့ရနိုင်ပါတယ်။ ဒါပေမဲ့ အန်တီကြီးနဲ့တွေ့ရင်တော့ . . . ဟင်း . . . မလွယ်ပါလားနော်။

သူ့ Hand Phone မှ သံစုံမြည်လာပြန်သဖြင့် သူဖွင့်လိုက် ၏။

"ဟဲလို"





"သူရိန် . . . မင်းပြန်ရောက်နေပြီဆို"

"အေး . . . ခုပဲရောက်တာ"

"ဒါဆို ငါ့ကို One Table လေကွာ"

"အံမာ . . . ကလေးအဖေဖြစ်တာတောင် ကဲချင်တုန်းလား"

"လုပ်ပါကွ . . . မင်းပြန်လာတဲ့အထိမ်းအမှတ်နဲ့ မူးခွင့်ရ နေ၊ အိမ်ကမမက ငါ့ကိုဘယ်မှလွှတ်တာမဟုတ်ဘူး။ Rum ပြာနဲ့ Beer နဲ့ ဘယ်လိုရှိမှန်းတောင် မမှတ်မိတာကြာပြီ"

ရဲနိုင်စကားကြောင့် သူဟက်ဟက်ပက်ပက်ရယ်မောလိုက် ၏။ ဒီကောင်က သူ့ထက်ရှစ်နှစ်ကြီးသည့် Boss မမတစ်ယောက် ငြိသွားခဲ့တာကိုး။ ခြေငြိမ်နေရတာပေါ့။

"ရယ်မနေနဲ့ကွ . . . ငါအတည်ပြောနေတာ"

"အေးပါကွာ"

"ဒါဆို ညရှစ်နာရီ ဆုံနေကျဆိုင်ကိုလာခဲ့မယ်ကွာ။ ငါ နဲ့ပဲလစ်လာမှာနော်"

"ဘာလဲ . . . ပုလင်းရောလူပါ အလဲလား"

ရဲနိုင်က တဟားဟားနှင့်ရယ်နေလေ၏။ သူပြုံးရုံသာပြုံး ပြီး ဖုန်းကိုပိတ်လိုက်သည်။ ရဲနိုင်က သူနှင့်အတွဲအညီဆုံးဖြစ်



www.burmeseclassic.com

www.burmeseclassic.com


သလို သူ့အကြောင်းအစအဆုံးသိသူလည်းဖြစ်သည်မို့ ရင်ဖွင့်လို့ ကောင်းမှာပါလေ။

ညနီယွန်မီးရောင်အောက်မှာ ကားမှန်ပြတင်းကိုဖွင့်၍သူ Restaurant ကို ထွက်လာခဲ့၏။ ကားကိုရပ်ရမည့်နေရာမှာရပ်၍ သော့ခတ်ကာ ဆိုင်ထဲဝင်လာခဲ့သည်။

"သူရိန်. . . ငါဒီမှာ"

လက်ထောင်ပြ၍ခေါ်လိုက်သည့် ရဲနိုင်ရှိရာဝိုင်းဆီ သူ လှမ်းခဲ့တော့ ဒီကောင်က ဘီယာတစ်ဘူးပင်အစပျိုးနေလေပြီ။

"ဒါပဲလား. . . မူးလာရင် အိမ်ကမမနှင်ချမှာစိုးရိမ်တယ် ပေါ့လေ"

"ဘယ်ကလာ. . . အနီကစ်မှာပေါ့ကွ။ မမက. . . ငါ့ကို ဒီလောက်ထိ မချုပ်ချယ်ပါဘူး။ သမီးမွေးထားလို့ ဆင်ခြင်နိုင်းတာ ကလေးရှေ့ သောင်းကျန်းတာမျိုးမဖြစ်အောင် တားတဲ့သဘောပဲ။ ပွဲလမ်းရှိလို့သောက်တာမျိုးတော့ ခွင့်ပြုပါတယ်ကွ"

"မသိပါဘူး။ မင်းကို မိန်းမရှိဦးသွားမကျိုး၊ မိန်းမရှိသေ အသက်ရှည်အာဂုံဆောင်ထားတယ်မှတ်လို့ပါ"

ရဲနိုင်အသံတိတ်ဆဲတော့ သူတစ်ချက်ရယ်မောလိုက်မိပြီး Waiter လေးကို လှမ်းခေါ်ကာ Wisky တစ်ပုလင်း၊ ဝက်သားနှုတ်ကြော်၊ ဂဏန်းလက်မကြော်၊ ကြက်ကြော်၊ ဘဲပေါင်းနှင့် ဝက်အူချောင်းကြော်တစ်ပွဲစီမှာလိုက်ပါသည်။

"မင်း,သမီး. . . တော်တော်ကြီးပြီပေါ့"

"အေး. . . လာမယ့်နှစ် သူငယ်တန်းစတက်ရမှာ။ ပြည့်ပြည့်ကတွားပြီး ဝဝဖောင်းဖောင်းလေးကွ"

ကြည့်စမ်း. . . ဒါဆိုရင် တကယ်လို့ သူ့ဒီဒီလေးဆီမှာသာ တိုယ်ဝန်ရှိနေခဲ့ရင် ရဲနိုင်သမီးနဲ့ရွယ်တူလောက်ရှိမှာပဲ။ စားသောက်စရာတွေရောက်လာအပြီးမှာ နိုင်ငံခြားရောက်နေရာမှ သူ့ဇာတ်ကြောင်းတွေကိုရင်ဖွင့်မိလေ၏။

"ဟာ. . . ကြည့်စမ်း! ဖြစ်နိုင်တာပေါ့။ မဒီက နဂိုကတည်းက အရှက်အကြောက်ကြီးကကြီးနဲ့"

"ငါလည်း အဲဒီတုန်းက နည်းနည်းမှမတွေးမိခဲ့ဘူး။ အခု ဒီပြန်ရောက်မှ မေမေနဲ့ညီလေးကိုရှာဖို့စီမံရင်း တွေးမိတာ။ ဒုက္ခပဲ။ ဒီဒီလေးတော့ ငါ့ကြောင့် ဒုက္ခတွေပင်လယ်ဝေကုန်ပြီထင်ပါရဲ့"

"မင်း, သူ့ကို ဖုန်းနံပါတ်တွေ၊ လိပ်စာတွေမပေးထားဘူးလား"

"ပေးထားတာပေါ့. . . ဒီဒီနဲ့ငါ့အခြေအနေက မပေးလို့မှ



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ဘဲ။ ဒါပေမဲ့ သူ အိမ့်လိုက်လာရင် အန်တီကြီးနဲ့ပဲတန်းတိုးမှာ"

"အေး . . . ဒါလည်းဟုတ်တာပဲ"

"ငါ့ဘဝမှာ . . . ငါ့ခေတ်ပုံကို မှတ်မှတ်ရရသူတစ်ယောက်တည်းကိုပဲပေးခဲ့မိတာပါ။ ငါ့အပေါ်မှာ သူ့လောက်အနွံတာခံနိုင်တာ သူပဲရှိတယ်။ ငါသိပ်ဆိုးမှန်းသိသိကြီးနဲ့ အရမ်းသည်းခံနိုင်တာကွ။ ငါ့ကိုအူမတိုဘူးလားလို့မေးတုန်းကတောင် . . . ကိုကို့ကို ဒီဒီမှ မပိုင်သေးတာ။ ဒီဒီပိုင်တဲ့နေ့ရောက်ရင်တော့ ကိုကိုလိမ္မာပေါ့တဲ့လေ။ သိပ်ဖြူစင်တဲ့ မိန်းကလေးပါကွာ။ တခြားကောင်မလေးတွေလို ငါ့ဆီက ရသမျှခြစားတာမျိုးမဟုတ်ဘဲ ငါ့အပေါ်မေတ္တာစစ်နဲ့ချစ်ရှာတာမှန်း ငါအလိုလိုသိခဲ့ရတယ်။ ဖြစ်ရလေဒီဒီရယ်။ ဒီလိုမှန်းသိရင် သူ့အတွက် ငါတစ်ခုခုစီစဉ်ပေးခဲ့မှာပေါ့။ ခုတော့ . . . ဟင်း"

သူ့သက်မကိုသာချလိုက်မိတော့သည်။ ညဆယ်နာရီကျော်မှ ရဲနိုင်ကို အိမ်အထိပြန်ပို့ပေး၏။ မမကေသရီက ကိုယ်တိုင်တံခါးဖွင့်ကြိုလိုက်စဉ် ဂါဝန်အပြာလေးဝတ်ထားသည့်ကလေးမလေးကိုပါ မြင်လိုက်ရလေသည်။

"တော်သေးတာပေါ့ . . . လူကိုပါပွေ့ချီလာရပြီထင်နေတာ"





"ဟာ! မကေကလည်း . . . ကျွန်တော် ဒီလောက်ထိဘယ်နှင်ပြုပါ့မလဲ"

"နင်လည်း ဒီတိုင်းနေသွားတော့မှာလားသူရိန်။ စီးပွားရေးလည်းလုပ်နေပြီဆိုတော့ ရှာသမျှကိုစုဆောင်းပြီး . . . စီးတဲ့ရေသည်တဲ့ကန်သင်းမိန်းမမျိုး ရှာသင့်ပြီ"

"ရမှာပေါ့ဗျာ"

"ဒီကောင်က ကျွန်ရစ်ခဲ့တဲ့ခြေရာတစ်စုံကို ပြန်လှည့်ရှာနေလေရဲ့မမရေ"

"ဟုတ်လား . . . အသစ်မရှာဘဲ အဆက်ဟောင်းကိုပဲ ရင်ခုန်တယ်ပေါ့လေ"

ရယ်သံတွေ အုန်းခနဲထွက်သွားလေ၏။ အိမ်ဝမှာပင် ပြန်နှုတ်ဆက်လိုက်စဉ် ပြည့်ပြည့်ထံမှ အသံတိုးတိုးလေးထွက်လာလေ၏။

"ဦးဦးကို ပြည့်ပြည့်မြင်ဖူးတယ်"

"ဟာ . . . ငါ့သမီးတော့ ရှိုးပြီဟေ့။ သမီးကိုမွေးတော့ ဒီဦးဦးက နိုင်ငံခြားရောက်နေတာသမီးရဲ့"

"နေဦး . . . ရဲနိုင် . . . ဒါသဲလွန်စပဲ၊ လာပါဦးသမီးရယ်၊ လာပါဦး။ သမီးတွေ့ဖူးတာ ဦးဦးတော့မဟုတ်တာသေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒါဦးဦးလိုက်ရှာနေတဲ့ ဦးဦးရဲ့ညီလေ။ သမီးကြားဖူးတယ်မှတ်လား။ အမြွာဆိုတာ ရုပ်ချင်းတူတယ်လေ"

"ဟုတ်တယ်. . . ဟုတ်တယ်။ အသည်းတုံးကိုလာကြိုတဲ့ ဦးဦးကို ပြည့်ပြည့်တစ်ခါတွေ့လိုက်တာ။ ဦးဦးနဲ့အရမ်းတူတာပဲ သိလား။ ဒါပေမဲ့ အသည်းတုံးရဲ့ဖေဖေက ဦးဦးထက်ပိုချောတယ်"

"ဟုတ်လား. . . အသည်းတုံးဆိုတာ ဘယ်သူလဲ။ သမီးနဲ့ ကျောင်းအတူတူတက်တာလား"

"ဟုတ်ကဲ့. . . ခုတော့ ကျောင်းပိတ်သွားပြီလေ ဦးဦးရဲ့။ အသည်းတုံးနဲ့ပြည့်ပြည့် ဘယ်တွေ့တော့မှာလဲ။ အသည်းတုံးရဲ့ ကျောင်းနာမည်က လပြည့်အောင်တဲ့"

"လပြည့်အောင်"

ကြည့်စမ်း. . . ညီလေးက သားအဖချင်းနာမည်ဆင်တူအောင် ပေးတတ်တာပါလား။ သူနာမည်လေးကို ခပ်ဖွဖွလေးရွတ်မိလိုက်လေသည်။

"လပြည့်အောင် ဘယ်မှာနေလဲ၊ သမီးသိလား"

"ဟင့်အင်း. . . ကျောင်းကဆရာမတော့သိတယ်"

"ဒါဖြင့် ဆရာမအိမ်နဲ့ဖုန်းနံပါတ် သမီးသိတယ်ပေါ့"

"မသိဘူးဦးဦးရဲ့"

သူမျှော်လင့်ချက်မဲ့စွာဖြင့် အမောဆို့သွားတော့သည်။ မူကြိုကျောင်းတွေက နောက်သုံးလကြာမှပြန်ဖွင့်မှာပဲ။ ဒီတော့မှ ကျောင်းကဆရာမဆီမှာ သွားစုံစမ်းကြည့်ရမှာပဲလေ။

သူ, ရဲနိုင်တို့မိသားစုကိုနှုတ်ဆက်၍ ပြန်လာခဲ့လေ၏။

ဩော်. . . ညီလေးတောင်မှ သားရပြီး မိသားစုလေးပိုင်ဆိုင်နေပါရောလား။ သူ့မှာတော့ ခုချိန်ထိ ဘဝကမရေမရာ။

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com



# ရှင့်ကိုမုန်းတယ်

## အခန်း ( ၉ )

မျက်နှာထက်ရှိ အမွေးအမှင်တို့ကိုရိတ်သင်၍ သန့်ရှင်းအောင် ရေချိုးလိုက်၏။ လွဲခဲ့တာကြာပြီဖြစ်သည့်ကုမ္ပဏီကို ပြန်ဦးစီးရတော့မည်မို့ ကိုယ့်ကိုယ်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင်ပြင်ဆင်နေလေသည်။ Suit အဖြူပေါ်မှာ မီးခိုးရောင်ဖျော့ဖျော့ Necktie တို့စည်းလိုက်စဉ် ဒီဒီ့ကိုသတိရမိသွား၏။ ဒီဒီသာဆိုရင် သူ့အလုပ်သွားခါနီး အစအဆုံးပြင်ပေးမှာလေ။ အကြိုက်တိုက်ပေးသည့် ရှူးဖိနပ်ကိုဝတ်လိုက်စဉ်မှာ သူ့ကို ခြေသည်းလက်သည်းအမြဲညှပ်ပေးခဲ့သည့်ဒီဒီ့ကို တမ်းတမိစိတ်က ဒီဂရီအမြင့်ဆုံး။

ဘယ်ကိုများရောက်နေသလဲ ဒီဒီလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီသို့ ကားဖြင့်ထွက်လာခဲ့စဉ် မီးပွိုင့်မှာ မီးနီသွားသဖြင့် သူကားကို အရှိန်သပ်၍ရပ်လိုက်၏။ ဘေးချင်းယှဉ်ရပ်သွားသည့်ဆလွန်းကားကို အမှတ်တမဲ့ ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည်။ Mark II မှန်ဆီးညိုရောင်မှတစ်ဆင့် တစ်ဖက်ကားရှေ့ခန်းဘေးခုံမှာ ထိုင်နေသည့် ဆံပင်မောင်းဖောင်းလေးနှင့် မိန်းကလေးကိုမြင်နေရ၏။ ကောင်မလေးက ရှိလှမှ (၂၀)ဝန်းကျင်အရွယ်။ ဘေးတိုက်အနေအထားတောင်မှ နှာတံစင်းစင်းလေးကို အထင်းသားတွေ့ရလေသည်။ ဘေးနားရှိလူဘက်ကို ဘာလှည့်ပြောမှန်းမသိ။ ဖျတ်ခနဲသူ့ကားဘက်ကို မျက်နှာလှည့်လိုက်စဉ် သူ့ရင်ထဲ ဒိတ်ခနဲဆောင့်ခုန်သွားရ၏။

ဘုရားရေ. . . တွေ့လိုက်တာ။ မျက်ခုံးတွေ၊ မျက်လုံးတွေ၊ နှုတ်ခမ်းပါးလေးကအစ။ ဒါပေမဲ့. . . ဒီမိန်းကလေးက သူ့ဒီဒီလို မျက်နှာမချို။ မပြုံးမရယ် ခပ်တည်တည်မျက်နှာမျိုးနှင့် ဆံပင်ပုံစံက style တစ်မျိုး။ သူ့ကားမှန်က အတွင်းကိုမြင်ရသည့်မှန်မျိုး မဟုတ်တာကြောင့် သူမမျက်နှာပြန်လွှဲသွားလေသည်။

"တီ. . . တီ"

နောက်ကားမှဟွန်းတီးသံကြောင့် မီးစိမ်းနေမှန်း သူသတိဝင်သွားရ၏။ ကားကို ဘယ်ဘက်လမ်းချိုးရန် အချက်ပြမီးဖွင့်၍





ချိုးချလိုက်စဉ် တစ်ဖက်ကားက ညာဘက်သို့ချိုးချသွားလေပြီ။ ဆော်တော့်ကိုတူလွန်းတာပါလား။ ဟုတ်ရောဟုတ်ရဲ့လားမသိ။ သူ့စိတ်ထဲ ဖြစ်ချင်စိတ်များလွန်နေ၍ အမြင်တွေမှားယွင်းလေခြင်းလား။ သိပ်မသေချာ။

ကုမ္ပဏီဝင်းထဲကားရပ်၍ အဆောက်အဦးကြီးပေါ်သို့ Lift ဖြင့်တက်လာခဲ့သည်။ Meeting Room ထဲမှာ နှစ်နာရီခန့်ထိထိုင်နေခဲ့ပြီးမှ စက်မှုဇုန်ရှိ သူ့ Plastic ထိုင်ခုံတွေထုတ်သည့်စက်ရုံသို့ မန်နေဂျာဦးစည်သူနှင့်အတူထွက်ခဲ့၏။

"လုပ်ငန်းတွေအားလုံး အခြေအနေကောင်းပါတယ် ဦးသူရှိန်။ စိုးရိမ်ရတာက တစ်ခုပဲရှိပါတယ်. . .။ ရေသန့်စက်ရုံသစ်ဆောက်ထားတာပါ။ သူများတွေလုပ်တာအခြေကျနေပြီးမှ ကိုယ်ကစမှစလုပ်တာမို့ ရှုံးမှာစိုးရိမ်ရတယ်။ နာမည်သစ်တစ်ခုဝင်တိုးဖို့ဆိုတာမလွယ်ဘူးလေ"

"အဲဒါ. . . ဟိုကိုဖုန်းလှမ်းဆက်လို့ ကျွန်တော်ခေါင်းညိတ်လိုက်တဲ့စက်ရုံလား"

"ဟုတ်ပါတယ်. . . ဒါပေမဲ့နှစ်ဦးပိုင်ရှယ်ယာမို့ ရှုံးလည်း တစ်ဝက်စီပေါ့"

"ဘယ်သူနဲ့လုပ်တာလဲ ဦးစည်သူ"

www.burmeseclassic.com

www.burmeseclassic.com

"Three Star က GM ဦးပက်ထရစ်နဲ့လေ"

"Three Star ဆိုတာ. . . ဟိုတယ်ပိုင်ရှင်မဟုတ်လား။ ကျွန်တော်သိထားတာ သူပိုင်တာ ဟိုတယ်သုံးလုံးထင်တယ်"

"ဟုတ်တယ်. . . ရန်ကုန်ရယ်၊ မန္တလေးရယ်၊ ပုဂံရယ် နောက်ပြီး ချောင်းသာမှာ တစ်ခုထပ်ဆောက်နေတယ်လို့သတင်းကြားတယ်"

"ဟာ. . . ဒီလူတော်တော်စီးပွားရေးလာဘ်မြင်တာပဲလား"

"လာဘ်မြင်တာလည်း မပြောနဲ့ဗျ။ သူလုပ်သမျှ အောင်မြင်တာကိုး။ ဒီလောကထဲကို သူ့စရောက်တာ အထည်ချုပ်စက်ရုံတွေကို Container ကားတွေငှားတဲ့လုပ်ငန်းနဲ့ စဝင်တာ။ သူ့ထမင်းရှင်အလုပ်ကို ခုထိ သူ့မစွန့်လွှတ်သေးဘူးဗျ။ ရန်ကုန်မှာက ငှားချပ်ပေါ့။ နယ်ရုံးခွဲတွေမှာလည်းရှိသေးတယ်။ အဲဒါတွေကိုတော့ မန်နေဂျာတွေပဲ ဦးစီးခိုင်းထားတာပေါ့"

"တော်လိုက်တာ. . . သူ့အသက်ဘယ်လောက်ရှိပြီလဲ"

"အင်း. . . (၃၅)လောက်ပဲရှိသေးတယ်။ မိန်းမယူထားတောင် နှစ်နှစ်လောက်ပဲရှိသေးတာ"

"ဩော်. . . သူနဲ့ယှဉ်ကြည့်ရင် ကျွန်တော်က ပါမွှားလေး





တောင်မရှိသေးတာပါလား။ တစ်ရက်လောက်သွားတွေ့ရင်ကောင်းမယ်"

"ဟုတ်ကဲ့၊ အခုတော့ သူ ချောင်းသာရောက်နေလို့ ဒီမှာမရှိဘူး"

"ရပါတယ်. . . နောက်မှပေါ့"

ကားကို ဆောက်လက်စစက်ရုံဝင်းထဲ ကွေ့ဝင်လိုက်စဉ် နောက်က သူမြင်ခဲ့သည့်မိန်းကလေးကို တစ်ဖက်စက်ရုံရှေ့မှာတွေ့လိုက်ရ၏။ သူ့ကားပေါ်မှဆင်းလိုက်စဉ် သူမက ကားရှိရာဆီသို့ လျှောက်သွားကာ နောက်ခန်းတံခါးဖွင့်၍တက်သွားလေသည်။

"ဘာကိုကြည့်တာလဲ ဦးသူရိန်"

"ဩော်. . . ကျွန်တော့်အသိနဲ့တူသလားလို့၊ မဟုတ်ပါဘူး မှတ်ဆင်တာပါ"

စက်ရုံထဲလှည့်လာပြီးမှ သူ့အိမ်ကိုပြန်လာခဲ့၏။ ဒေါ်ကြီးမြင့်ဆင်ကျွေးမွေးသည့်ထမင်းပွဲမှာ တစ်ယောက်တည်းထမင်းစားနေမိသည်။ ဇနီးနှင့်သားတွေသမီးတွေဖြင့် အတူတူစားသောက်ရရင် ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ။ ဖြုန်းတီးကုန်လွန်ခဲ့သည့်အချိန်တွေကို သူပြန်လည်နှမြောနေမိသည်။

သူ့ဘဝက ပြည့်ပြည့်စုံစုံဖြင့် စိတ်ကြိုက်သုံးဖြုန်းနိုင်ခဲ့သည် မပြည့်မစုံနေနေရသည့်မေမေနှင့်ညီလေးကို သနားနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မအေတစ်ခုသားတစ်ခုဖြင့် ဘဝကို ဘယ်ချိန်ထိတောင်မှရုန်းကန်ခဲ့ရသလဲမသိ။ စိတ်ထဲမှာ နွမ်းလျစွာဖြင့် လျှာပေါ်မှာ အရသာမရှိသည့်ထမင်းဟင်းတွေစားနေခြင်းကို အပြီးသပ်လိုက်ရ၏။

လသာဆောင်မှာထွက်ရပ်ရင်း ညနေဆည်းဆာအလှကိုငေးနေမိသည်။ ခြံထဲမှာ အစီအရီဖူးပွင့်နေသည့်ပန်းရောင်စုံတို့ကလေယူရာယိမ်းနွဲ့လို့။ ဒီအလှအပတွေကတောင် သူ့ရင်ကိုမငြိမ်းစေပါလား။ အထီးကျန်တယ်ဆိုတာ ဒါကိုခေါ်တာပဲထင်ပါရဲ့။ သူများတွေကြားရင်တော့ ဝိုင်းလှောင်လိုက်ကြမယ့်ဖြစ်ခြင်း။ အစစအရာရာပြီးပြည့်စုံနေတဲ့လူက ဘဝမှာ ကွက်လပ်တွေနဲ့အတူအားငယ်နေရှာတာကိုး။ ကိုယ့်သမိုင်းကိုယ်ရေးကြတဲ့လူ့ဘဝဇာတ်ခုံပေါ်မှာ သူတထီးထီးရပ်တည်နေရတဲ့သစ်ခြောက်ပင်တစ်ပင်နဲ့ ဘာများကွာခြားလို့လဲ။

ဖေဖေပြောခဲ့တာတော့ လောကမှာ ငွေသာလျှင်အမိတဲ့။ ဒါပေမဲ့ လက်တွေ့မှာ အဲဒီငွေတွေက ဖေဖေ့ကိုပျော်ရွှင်အောင်ထားနိုင်ခဲ့လို့လား။ ပြီးတော့ ဖေဖေ့အသက်ကိုရော ကယ်တင်ပေးနိုင်ခဲ့လို့လား။ ငွေဂုဏ်မောက်ခဲ့တဲ့အန်တီကြီးတောင်မှ ဒီငွေပုံပေါ်မှာ ဘယ်နှနှစ်များ စံမြန်းပျော်ရွှင်ခဲ့ရလို့လဲ။ ဘယ်လောက်ပဲ လောဘဇောတိုက်စွဲလမ်းခဲ့တဲ့ ဒီသက်မဲ့အရာတွေကို နောက်ဆုံးချိန်မှာစွန့်လွှတ်ကျောခိုင်းခဲ့ကြရတာပဲမဟုတ်လား။ သူရော ဘာများထူးခြားလို့လဲ။ ဖေဖေချမှတ်ထားပေးခဲ့တဲ့လမ်းကြောင်းအတိုင်း ခြေရာထပ်လိုက်လျှောက်လာခဲ့တာလေ။





ဒါပေမဲ့ သူ့အလှည့်မှာတော့ ဖေဖေ့လိုမျိုးအဖြစ်မခံနိုင်ပါဘူး။ ငွေဆိုတာ လူ့ဘဝအတွက် မရှိမဖြစ်အလိုအပ်ဆုံးအရာမဟုတ်စေဘဲ ဘဝခရီးရဲ့တစ်ထောင့်တစ်နေရာက အဖြည့်ခံသက်မဲ့အရာလေးသာဖြစ်နေပါစေ။ သူ့အတွက် အဓိကလိုအပ်နေသည်က မိခင်မေတ္တာ၊ ပြီးတော့ သူနှင့်စက္ကန့်သုံးဆယ်သာခြားသည့်ညီလေး၏ခင်တွယ်မှု၊ နောက်. . . သူ့ကို ဘဝပုံပေးပြီးချစ်မြတ်နိုးခဲ့သည့် သူ့ချစ်သူ၏အားကိုးယုံကြည်မှု၊ သူ့မျိုးဆက်သွေးသားအမြုတေတို့၏ ခိုလှုံရာရင်ခွင်ဗိမာန်ကြီးတစ်ခုသာဖြစ်ပါရစေ။

အတွေးဖြင့် သူကြည်ကြည်နူးနူးလေးပြုံးလိုက်မိ၏။ ခုနေများ သူ့ဘေးမှာ တစ်ယောက်ယောက်သာရှိနေခဲ့ရင် သူ့ကိုရူးပြီလို့ထင်မှာသေချာနေပါသည်။ ဟုတ်တာပဲ၊ သူက စိတ်ကူးယဉ်သမားတစ်ယောက်ပေကိုး။

"မောင်သူရိန်. . . ဖုန်းလာနေပါတယ်ကွယ်"

"ဩော်. . . လာပြီ ဦးလေးဒင်"

အပေါ်ထပ်ဧည့်ခန်းမှန်စားပွဲထက်မှာ တင်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com

Hand Phone ကို သူဖွင့်လိုက်ပါ၏။ တစ်ဖက်မှ သူ့ Secretary မိုးသန့်၏အသံပြာပြာကိုကြားလိုက်ရလေသည်။

"ကိုသူရိန်. . . ကျွန်တော်မိုးသန့်ပါ"

"အေး. . . ပြော"

"အစ်ကိုစုံစမ်းခိုင်းထားတဲ့ကိစ္စတွေ စုံစမ်းပြီးပြီအစ်ကို"

"မြန်သားပဲ. . . အဆင်ပြေလား"

"အန်တီအေးတို့သားအမိက အရင်နေရာကပြောင်းသွားကြတာ (၇)နှစ်ကျော်ပြီတဲ့။ အဲဒီတုန်းကတော့ အစ်ကိုညီ ဆယ်တန်းအောင်ရုံပဲရှိသေးတယ်၊ အိမ်ထောင်မကျသေးဘူး။ ဒါပေမဲ့ ဘယ်ကိုပြောင်းသွားမှန်းတော့မသိခဲ့ရဘူး"

"ဒီကိစ္စ ဆက်စုံစမ်းလို့ရသေးတယ်မိုးသန့်။ ညီလေးကို ဒီရန်ကုန်မှာပဲတွေ့တဲ့သူတွေရှိတယ်။ ကဲ. . . နောက်တစ်ခုရော"

"မူကြိုကျောင်းက ဆရာမခရစ္စတီနာအိမ်ကို ကျွန်တော်ရောက်ခဲ့ပါတယ်။ ဆရာမက ကျန်ခဲ့တဲ့လကပဲ စင်္ကာပူမှာအလုပ်ရလို့ထွက်သွားပြီအစ်ကို"

"ကောင်းရော. . . သတင်းက စုပ်စမြုပ်စပါပျောက်ရော မိုးသန့်ရာ"

"ကျွန်တော်လည်း ကြိုးစားရှာပါတယ်အစ်ကို။ ခက်တာ





က သတင်းစာတွေ၊ ဂျာနယ်တွေထဲက ကြော်ငြာထည့်ခေါ်ရင် မြန်မှာ။ အစ်ကိုက ခွင့်မပြုတာကိုး"

"မေမေ့စိတ်ကို ငါအသိဆုံးကွ"

"အစ်ကို လာမယ့် Sunday ကျရင် မြရိပ်ညိုက Dinner Party တက်ဖြစ်အောင်တက်ဖို့မေမေ့နဲ့နော်။ အဲဒီပွဲကို ဦးပက်ထရစ်လာမှာ"

"OK. . . ဒါသတင်းကောင်းပဲ။ Thank မိုးသန့်ရေ။ ကြိုးစားပါ။ ငါ့အမေနဲ့ညီကိုပြန်တွေ့တဲ့နေ့. . . မင်းကို ငါဘောက်ဆူးကောင်းကောင်းပေးမယ်"

"ဟာ. . . မလုပ်ပါနဲ့အစ်ကိုရာ"

"မင်းပဲအိမ်ထောင်ပြုဖို့ တိုက်ခန်းလိုချင်တယ်ဆိုကွ"

"အာ. . . ဒါ ဦးမြင့်ဖွတာပဲထင်တယ်"

"ဟင်းဟင်း. . . ဆက်လုပ်နော်။ ငါအတည်ပြောနေတာတွေ။ ကဲ. . . ဒါပဲ"

"ဟုတ်ကဲ့"

ဖုန်းကိုပိတ်၍ အိပ်ခန်းထဲဝင်လာကာ ခုတင်ဘေးစားပွဲတင် အသာတင်လိုက်၏။ ခေါင်းကြီးမြ ဗီရိုရှင်းပေးရင်း တွေ့သည့် ဓာတ်ပုံလေးကို မှန်ဘောင်ထဲသွင်း၍တင်ထားသဖြင့် သူကောက်



www.burmeseclassic.com

www.burmeseclassic.com

ယူကြည့်လိုက်မိသည်။ ခွေးရုပ်လေးပိုက်လျက် ရှက်ပြုံးလေးပြုံးနေသည့်မိန်းကလေးက အပြစ်ကင်းစင်လွန်းစွာ လှပနေလေ၏။ မေမဒီတဲ့။ ယဉ်ယဉ်လေးလှသည့် စံပယ်ပွင့်လေးကို Final တက်ရင်း သူတို့အုပ်စု အသည်းအသန်လိုက်ခဲ့ကြတာ။ ဒီတုန်းက ရဲနိုင်နှင့် သူက အကဲဆုံး၊ အဆိုးဆုံး။ ဝင်းမော်နှင့်ကျော်မြင့်က မြှောက်ထိုးပင့်ကော်မျှသာ။

ကြာတော့ကြာခဲ့ပါပြီ။ အလှအပလေးတွေမြင်တိုင်း ရင်ခုန်တမ်းကစားခဲ့မိတာလေ။ အဲဒီတုန်းက သူ့အသက် (၂၀)သာရှိသေးသည်။ Physics Final တက်နေတုန်းပေါ့။ ခုတင်ထက်အသာလှဲချလိုက်ရင်း ဓာတ်ပုံလေးကို တစိမ့်စိမ့်ကြည့်နေရင်းမှ သူ့စိတ်တွေက လွန်ခဲ့သည့်ငါးနှစ်ကျော်ကာလတွေကို အမြန်လွင့်ပြေးသွားလေ၏။ ကြာခဲ့ပြီဆိုပေမယ့် အတိတ်ဆိုတာ ပစ္စုပ္ပန်ရဲ့အရိပ်တစ်ခုပဲမဟုတ်ပါလား။

ဂျူ ဂျူ ဂျူ

BURMESE CLASSIC



အတိတ်ဆီမှ ပုံရိပ်လွှာ…

www.burmeseclassic.com

www.burmeseclassic.com



# ရှင့်ကိုမုန်းတယ်

## အခန်း (၁၀)

"သူရိန်ရေ. . . ရဲနိုင်, မင်းမသိအောင် Botany ဆောင်ကိုလစ်လစ်နေတာကြာပြီ"

"ဟော့ကောင်ဝင်းမော်. . . မင်းလျှောက်မချွန်နဲ့ကွ"

"ဟုတ်တာပြောတာပဲကွ. . . ပြောတော့ သူ့နှမဝမ်းကွဲဆီသွားတယ်အကြောင်းပြပြီး ငါတို့ကိုချန်ချန်ခဲ့တာ ဘယ်နှကြိမ်ရှိပြီပဲ"

ရဲနိုင်မျက်နှာကြီး ရှုံ့တွမည်းညိုသွားသဖြင့် သူတို့ဝိုင်းရယ်ထိုက်ကြ၏။ ဒီကောင် ဘယ်လိုပဲခြေပုန်းခုတ်ခုတ် သူနဲ့တိုးရင် ဒီဆောင့်ကောင်မလေးတွေက သူ့ဘက်ကိုပါလာစမြဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

"မင်းက ဒီလိုလားရဲနိုင်"

"မဟုတ်ပါဘူး သူရိန်ရာ။ မင်းက အပျော်တွေအများကြီး ရှိနေတာပဲ။ ဒီတစ်ယောက်ကို ငါအတည်သဘောထားတာကွ"

"ဟော. . . အတည်တဲ့ဟေ့ကျော်မြင့်ရေ"

"ယုံဘူးဆိုယုံဘူး. . . ဒါပဲ"

ဝင်းမော်နှင့်ကျော်မြင့်တို့က အတိုင်အဖောက်ညီညီဝင်နောက်သဖြင့် ရဲနိုင်က ဒင်းတို့နှစ်ယောက်လက်မောင်းကို ထထိုးလေ၏။

"ပုံလာပြောမနေနဲ့. . . အကြောင်းသိချင်းကို"

"ငါတကယ်ပြောနေတာပါသူရိန်ရာ။ မိမိုးသူငယ်ချင်းကွ"

"ဘာဖြစ်လဲ, ငါတို့လည်းလိုက်ကြည့်မှာပေါ့။ မင်း မတရားမလုပ်ပါနဲ့ကွ"

"ဟာကွာ. . . မင်းနဲ့တွေ့ရင် ကောင်မလေးတွေက မင်းကိုပဲ ပစ်ကျကုန်ရော"

"အဲဒါမတည်ငြိမ်လို့ပေါ့ကွ။ နားစမ်းပါကွာ. . . လှုပ်ခတ်တဲ့အရွယ်မှာ အတည်တွေအရွှေ့တွေသုံးမနေနဲ့"

"ဒါပေါ့. . . Action ရှိရင် Reaction ရှိမှာပဲ။ Physics သဘောတရားတွေညက်အောင်လေ့လာလိုက်ဦး. . . ရဲနိုင်ရေ"

"ကျွတ်. . . ခက်တာပဲကွာ"

"ဘာလဲ. . . မင်းက ခေါ်မသွားချင်ဘူးလား။ ရတယ်နော်။ Botany ဆောင်ဘက် ငါခြေဦးလှည့်လိုက်ရုံနဲ့ ငါ့အတွက်ဘယ်တောင်ပံညာတောင်ပံ အနည်းဆုံးနှစ်ယောက်ပဲ. . . လျှော့တွက်နဲ့ရဲနိုင်"

"သေစမ်း! "

ရဲနိုင်ခေါင်းတဗျင်းဗျင်းကုတ်နေတော့ သူတို့လှောင်ပြောင်သံတွေက စီခနဲ။ ဒီနေ့ Practical ချိန်မရှိသဖြင့် Class စောစောဆင်းပြီး Botany ဆောင်ဘက် သူတို့ဦးတည်လိုက်ကြ၏။ ရဲနိုင်ကို ကျော်မြင့်နှင့်ဝင်းမော်က တစ်ဖက်စီလက်မောင်းချိတ်ညှပ်ခေါ်သွားသဖြင့် သူက နောက်မှခပ်မှန်မှန်လျှောက်လိုက်လာခဲ့၏။

"ဟဲ့. . . Physics King အဖွဲ့ ဒီဘက်နဂါးခေါင်းလှည့်သွားပြီဟေ့။ အားလုံးသတိ. . ."

အောက်ထပ်ကိုစဝင်ဝင်ချင်း မိန်းကလေးအုပ်စုထဲမှအသံကျယ်ကျယ်သတိလှမ်းပေးလိုက်သဖြင့် သူပြုံးလိုက်မိ၏။ ဒီလိုပါပဲ ဘယ်လိုပဲသတိနဲ့ရှောင်ရှောင်, သူမျက်စိကျတဲ့မိန်းကလေးတွေသူ့ညို့မျက်ဝန်းနှင့်တိုးတာနဲ့ တစ်ပတ်တောင်တင်းမခံနိုင်ဘဲ အလိုလိုပုံကျလာတာပဲမဟုတ်လား။

www.burmeseclassic.com



အပေါ်ထပ်ထောင့်ဆုံးခန်းရောက်မှ ရှေ့ကသုံးယောက်ရပ်သွားသဖြင့် သူပါ ခြေလှမ်းကိုရပ်လိုက်၏။ အခန်းထဲမှာ ဆရာ မဝင်သဖြင့် ကျောင်းသူကျောင်းသားတွေက ဝင်လိုက်ထွက်လိုက်ဖြင့် ခြေရှုပ်နေသည်။

"ကဲပြော. . . မိမိုး ဒီနေ့ဘာဝတ်လာလဲ။ ဘာရောင်လဲ"

"မင်းတို့ကလည်းကွာ"

"မင်းမပြောရင် ငါတို့အထဲကိုလှမ်းအော်လိုက်မှာနော်။ မိုးမိုးစံဆိုတာနဲ့ပွဲသိမ်း"

"ဟာ. . . မလုပ်ပါနဲ့ကွ။ မိမိုး ဒီနေ့ blouse လိမ္မော်ရောင်နဲ့ လုံချည်က Moden စိမ်းဝတ်လာတယ်"

"OK"

ဝင်းမော်နှင့်ကျော်မြင့်က နောက်ပေါက်တံခါးဝမှ အခန်းထဲကိုပြူးပြဲကြည့်ရှာနေစဉ် သူက အလယ်ပြတင်းပေါက်မှ အထဲကိုလှမ်းကြည့်လိုက်၏။ အုတ်တိုင်ကိုခပ်ယိုင်ယိုင်လေးမှီလျက် လက်ပိုက်ထားရာမှ သူ့အကြည့်တွေက တတိယတန်းအလယ်ခုံတန်းမှာထိုင်နေသည့် ဆံပင်စင်းစင်းလေးနှင့်ကောင်မလေးထံရောက်သွားလေသည်။

ကြည့်စမ်း. . . ဘယ်လောက်ပျော့စင်းနက်မှောင်နေသည့်ဆံနွယ်လေးတွေပါလဲ။ ကျောလယ်သာသာမှာ တိနေအောင်ညှပ်ထားတာမို့ ကော်ရုပ်မလေးလိုပါပဲလား။ ရုတ်တရက်ကောင်မလေးက လှစ်ခနဲပြုံးလျက် ပြတင်းဝဘက်သို့လှည့်ကြည့်လိုက်လေ၏။ အားပါးပါး. . . တကယ့် Simple လေးပါလား။ မျက်လုံးဝိုင်းဝိုင်း၊ ခုံးတက်ချွန်ချွန်၊ နှုတ်ခမ်းပါးပါး၊ နဖူးပြေပြေလေးထက်မှာ ဘာဆံနွယ်စမှရှိမနေဘဲ အလယ်ခွဲဆံပင်နှင့် ပကတိရိုးရှင်းသည့်မျက်နှာလေး။ ခပ်ဟဟလေးဖြစ်သွားသည့်နှုတ်ခမ်းဝိုင်းလေးနှင့်အတူ လက်ခနဲဖြစ်သွားသည့်မျက်ဝန်းနက်နက်လေးကို ကန့်လန့်ကာအုပ်ကာချော်လွှာချလှည့်သွားလေ၏။ တဒင်္ဂအကြည့်လေးကတောင် သူ့ရင်ကို တဆတ်ဆတ်ခုန်လာစေတာပါလား။

သူမဘေးမှလိမ္မော်ရောင်မလေးက ဖျတ်ခနဲထရပ်လိုက်လေ၏။ ပြီးနောက် ရှေ့ပေါက်ကိုပြေးထွက်ကာ သူတို့အုပ်စုကိုလှမ်းကြည့်လိုက်လေသည်။

"ကိုနိုင်တို့ class မတက်ဘူးလား"

"ဟင့်အင်း"

"ကြည့်စမ်း. . . အတန်းလစ်လာတယ်ပေါ့လေ။ ကြီးမေကို မိုးပြန်တိုင်မှာနော်။ ဒီနှစ်အရေးကြီးမှန်းသိရဲ့သားနဲ့၊ အားလုံး class ပျက်နေတာပဲ"







www.burmeseclassic.com

www.burmeseclassic.com



"ငါပျက်ချင်လို့ပျက်တာမှမဟုတ်ဘဲ။ ဒီကောင်လာချင်တယ်ဆိုလို့လာခဲ့ရတာ"

"ဟင်. . . သူလာချင်တာနဲ့ခေါ်လာစရာလား ကိုနိုင်ရဲ့၊ သူ့အကြောင်းလည်းသိသားနဲ့။ မိမိုးရဲ့ဒီဒီနဲ့ မိတ်မဆက်ပေးနိုင်ဘူးနော်။ ဒါပဲ. . . ကြိုပိတ်ထားတယ်"

"ကဲ. . . ဘယ့်နှယ့်ရှိစ သူရိန်"

"ရပါတယ်, သူနဲ့ကိုယ်က နှုတ်နဲ့မိတ်ဆက်မှ သိမှာမဟုတ်ဘူး။ မျက်ဝန်းချင်းစကားပြောရုံနဲ့ပြီးပြီ"

"အံမယ်. . . မိမိုးသူငယ်ချင်းကိုများ လျှော့တွက်လို့။ ကိုသူရိန့်အကြောင်းတွေက တစ်ကျောင်းလုံးပွနေတာ။ မသိတဲ့လူမရှိဘူး။ ဒီဒီက ကိုသူရိန်ဆော့နေကျ Tennis ball လေးလည်းမဟုတ်ဘူး။ ကိုသူရိန်မွှေနေကျနှင်းဆီပွင့်တွေထဲမှာလည်း ရောအပါမခံနိုင်ဘူး"

"ဟင်းဟင်း. . . ကိုယ်က နှင်းဆီရနံ့တွေကြောင့် ခေါင်းနောက်လာလို့ စံပယ်ပွင့်လေးရှိရာကိုလာခဲ့တာလေ"

"ရှင်နော်. . မိမိုးသူငယ်ချင်းက ရိုးရိုးအေးအေးလေးရှင့်။ သူ့ကိုစိတ်ညစ်အောင် ရှင်ဒုက္ခလာမပေးပါနဲ့"

"ဟုတ်လား. . . ကိုယ်ကလည်း ကော်ဖီထက် cold drink





ကို ပိုကြိုက်တယ်မိမိုးရဲ့။ ရင်ထဲထိအေးမြသွားမယ့်ရေခဲရေလေးသောက်ချင်လို့ပါ"

"ဟင်းနော်"

မိုးမိုးစံက သူ့ကိုမျက်စောင်းတစ်ချက်ထိုးလိုက်ပြီး အခန်းထဲပြန်ဝင်သွားလေ၏။ နောက်ဆုံးချိန်ဝင်ရမည့်ဆရာကို နာရီဝက်ကျော်သည်အထိစောင့်နေကြရာမှမလာသဖြင့် အားလုံးပြန်ကြရန်ထွက်လာကြလေသည်။ မိုးမိုးစံနှင့်သူမက နောက်ဆုံးမှထွက်လာကြသဖြင့် သူတို့လေးယောက် သူမတို့နောက်မှ ခပ်ခွာခွာလေးလိုက်ခဲ့ကြ၏။

"မိမိုးရေ. . . ကားဂိတ်ရောက်ရင် နင်တို့နှစ်ယောက်ကားခွဲစီးရမှာပဲမဟုတ်လား"

"ကိုဝင်းမော်နော်. . . အဲဒီတော့ဘာဖြစ်လဲ"

"အဲဒီတော့ နင့်သူငယ်ချင်းကို သူရိန်တာဝန်ယူမှာပေါ့"

"အံမာ. . . ရမလား။ ဒီဒီက လမ်းကြုံကားကြုံစီးတတ်တဲ့သူမဟုတ်ဘူး"

ကားဂိတ်ရောက်သည်အထိ သူမစကားတစ်ခွန်းမှမပြောဘဲ ငြိမ်သက်စွာရပ်နေသလို သူကလည်း ဘာမှမပြောဘဲ ခပ်ငေးငေးသာကြည့်နေမိသည်။ ဝင်းမော်နှင့်ကျော်မြင့် တစ်ယောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပြောသမျှ ရဲနိုင်တစ်ယောက် မျက်နှာရှုံ့တွလျက် လှိမ့်ခံနေရလေ၏။ ကျောင်းဝင်းတွင်းရှိ လမ်းဘေးမှာရပ်ထားသည့်သူ့ကားကို ဒီအတိုင်းထားခဲ့သဖြင့် သူမ bus ပေါ်တက်သည်နှင့် ပြန်လှည့်ကြမည်ဟုသာ တွက်ထားကြလေသည်။

လူချောင်သည့် bus တစ်စီး ဂိတ်မှာရပ်သွား၍ သူမတက်လိုက်စဉ် သူကကိုင်ထားသည့်ကားသော့ကို ရဲနိုင်ဆီလှမ်းပစ်ပေးလိုက်၏။

"ရဲနိုင်. . . ရော့"

"ဟာ. . . ဟေ့ကောင်! မင်းဘာလုပ်မလို့လဲ"

"ကိုသူရိန်နော်"

ရဲနိုင်တို့မောင်နှမတားမြစ်သံက သူ့နောက်မှာကျန်ရစ်ခဲ့လေ၏။ ကားအထွက်မှာ ရှေ့ပေါက်ကို သူ ဖတ်ခနဲဆွဲတက်လိုက်သည်။ စပယ်ယာကားခတောင်းတော့ သူထုတ်ပေးလိုက်ပြီး လက်နှစ်ချောင်းထောင်ပြလိုက်၏။ သူမကားခလှမ်းပေးတော့ စပယ်ယာက ခေါင်းခါပြလိုက်ပြီး သူ့ကိုမေးဆတ်ပြလိုက်လေသည်။

ရှေ့ကားကိုကျော်တက်အပြီး လမ်းမရသဖြင့် ဘရိတ်ဖမ်းလိုက်စဉ် ကားထဲမှလူတွေ ဝရုန်းသုန်းကားဖြစ်ကုန်လေ၏။ သူ့ရင်ခွင်ထဲ ယိုင်ခနဲလဲကျလာသည့်သူမလက်မောင်းအိအိလေးကိုဖမ်းထိန်းပေးလိုက်ရသည်။ မဟူရာမျက်ဝန်းလေးများက ဖျတ်ခနဲမော့ကြည့်လာ၏။ ကြည့်စမ်း. . . ရှည်လျားကော့ပျံနေသည့်မျက်တောင်တို့က သဘာဝအတိုင်း ရိုးရှင်းစွာလှပလွန်းလှချည်လား။ ပိတုန်းရောင်ဆံနွယ်များမှ ရှမ်ပူနံ့သင်းသင်းလေးကို သူရှူလိုက်ရ၏။

၆ မိုင်ခွဲဂိတ်ရောက်စဉ် သူအရင်ဆင်းပြီးနောက်မှ သူမဆင်း၏။ ဓမ္မာရုံလမ်းထဲလျှောက်တော့ သူမလက်သွယ်သွယ်လေးက လွယ်အိတ်ပြာလေး၏ကြိုးကို ခပ်တင်းတင်းလေးဆုပ်ထားလေသည်။ အပြာနုပေါ်မှာ အနက်ရောင်ဖဲပွင့်လေးတွေကြဲထားသည့် Blouse နှင့် နက်ပြာပြောင်လုံချည်နှင့် တွဲဝတ်ထားတာတောင် ဝင်းဝါသည့်အသားရောင်က လျော့ပါးမသွားခဲ့။ မြင်ရုံနှင့် ရင်ကိုအေးမြစေသည့်အလှပိုင်ရှင်လေးဟု သူမှတ်ချက်ချလိုက်မိသည်။

အဆောင်ဝင်းနားရောက်လာစဉ် သူမခေါင်းလေးက ပို၍ငုံ့ကျလာသဖြင့် သူခြေလှမ်းတို့ကိုနှေးလိုက်၏။ ခြံဝင်းထဲဝင်သွားစဉ် တံခါးဝမှာ သူဘောင်းဘီအိတ်ထဲ လက်နှိုက်၍ရပ်ကြည့်နေမိသည်။ အဆောင်အပေါ်ထပ် corridor ရောက်တော့ သူမဖျတ်ခနဲငုံ့ကြည့်စဉ် သူလက်ထောင်ပြ၍ လှည့်ထွက်လာခဲ့၏။ ရင်ထဲမှာကြည်ကြည်နူးနူးလေးခံစားလိုက်ရသည်မှာအမှန်ပင်။





www.burmeseclassic.com

www.burmeseclassic.com



မွှာရုံလမ်းထိပ်ကို သူရောက်တော့ သူ့ကားကို ရပ်နိုင်တို့ မောင်းလာပြီးရပ်ပေးလေ၏။

"ခွီးတဲ့မှပဲ. . . သိန်းရာကျော်တန်ကားကို ဒီလိုပဲ. . . ပစ်စလက်ခတ်ထားခဲ့ရလားကွ"

"အချစ်ထက်အရေးကြီးသောအရာမရှိတဲ့"

"ဘာကွ!"

"မိုက်တယ်ကွာ. . . ကျိတ်လိုက်,သူရိန်ရေ"

သူပေါ့ပါးစွာရယ်မောရင်း ကားမောင်းသူနေရာမှာ ဝင်ထိုင်လျက် ကားကိုမောင်းထွက်ခဲ့လေ၏။ မေမဒီတဲ့. . . ဟန်လုံးဝမရှိတဲ့ပကတိပုံရိပ်လွှာတစ်ခု၏ကောက်ကြောင်းကို သူ့ စဆေးခြယ်မိလေပြီ။



## အခန်း ( ၁၁ )

အဆောင်ဝင်းတံခါးမှထွက်လိုက်စဉ် ဓာတ်တိုင်ကိုမှီ၍ ...ပ်စောင့်နေသည့်သူ့ကိုတွေ့လိုက်ရ၏။ သက်ပြင်းတစ်ချက်ကိုကျိတ် ...ခ်ချလိုက်မိသည်။ ဒီပုံစံအတိုင်း တကောက်ကောက်လိုက်နေတာ ...စ်ပတ်ကျော်နေပြီ။ သူစကားပြောလာလျှင်ဖြင့် သူမအပြတ်ပြော ...န်ရည်ရွယ်ထားသော်ငြား သူကသွေးအေးသည့်အမူအရာတို့ဖြင့် ...ာတစ်ခုမှမပြောဘဲ တုံ့ဏှိဘာဝေ ကျောင်းသွားကျောင်းပြန် bus ...ိုတ်စီးပြီး သူမကိုတငေးငေးကြည့်နေတတ်သဖြင့် သူမဘာလုပ်ရ ...န်းမသိဘဲ စိတ်ညစ်ရလေသည်။

ကားဂိတ်မှာကားစောင့်နေတော့လည်း သူက သူမနံဘေး



www.burmeseclassic.com

www.burmeseclassic.com

မှာ အာသာတင်ရပ်နေပြန်လေ၏။ လိုင်းကားတွေက မီးပွိုင့်တွေမိ နေလို့ထင်၏။ တစ်စီးတလေမှပင်ရောက်မလာ။ သူမဖျတ်ခနဲမော့ ကြည့်လိုက်စဉ် သူက သူမကိုငုံ့ကြည့်၍ပြုံးလိုက်လေသည်။

"ကိုသူရိန်"

"..."

"ကျွန်မတောင်းပန်ပါတယ်ရှင်။ အချိန်တွေအလဟဿ ဖြစ်အောင် ကျွန်မနောက်ကိုတကောက်ကောက်လိုက်မနေပါနဲ့"

သူဘာမှမပြောဘဲ နှစ်မြိုက်စွာပြုံးနေပြန်သဖြင့် သူမမျက် မှောင်လေးကျုံ့သွားရ၏။ စပြောမိတာများ မှားနေပြီလား။ သူ နောက်ကို အလွယ်တကူပါလေ့ရှိသည့်မိန်းကလေးတွေလို သူမ အထင်သေးမခံနိုင်ပါ။ ဘဝသမားမိသားစု၏သမီးကြီးမို့ ပညာကို ဦးစားပေးရှာဖွေချိန်မှာ ဒီလိုအနှောင့်အယှက်တွေကို သူမဥပေက္ခာ ပြုနိုင်ရမည်မဟုတ်ပါလား။

ခပ်လှမ်းလှမ်းမှလာနေသည့်လိုင်းကားကို မြင်နေရသဖြင့် သူမ ဂိတ်အမိုးအောက်မှ အသာထွက်ရပ်စောင့်လိုက်၏။ တအိအိ မောင်းလာနေသည့်ကားကြောင့် လူအတော်ကျပ်မည်ဟု ခန့်မှန်း မိလေသည်။ လက်မှနာရီကို တစ်ချက်ကြည့်လိုက်တော့ ကျောင်းချိန် က အတော်နီးနေပါရောလား။ ထိုးဆိုက်လာသည့်ကားက ဆင်းသူ





မရှိဘဲ တက်သူတွေသာရှိနေသည်မို့ သူမခြေကို ရှေ့တိုးလှမ်းလိုက် ၏။

"ဒီလောက်ကျပ်နေတဲ့ကားကို မင်းဘယ်လိုတိုးစီးမှာလဲ ခမဒီ"

သူက သူမ၏လွယ်အိတ်ကြိုးကို ဖျတ်ခနဲဆွဲ၍တားလိုက် သဖြင့် သူမလွယ်အိတ်ကိုအတင်းပြန်ဆွဲလိုက်၏။ ကားကထွက်သွား လေပြီ။

"ဘာလုပ်တာလဲ"

"ကိုယ်. . . မင်းကိုပြောစရာရှိတယ်"

"ကျွန်မ နားမထောင်ချင်ဘူး"

သူ့ထံမှ ရယ်သံသဲ့သဲ့ကိုကြားလိုက်ရ၏။ သူမလည်တိုင် လေးဆန့်ကာ နောက်ကားကိုမျှော်ကြည့်လိုက်မိသည်။ ဒီနေ့မှကား တွေက ကျဲလိုက်တာနော်။

"မေမဒီ. . . ဦးဆုံးချိန် မင်း Practical လုပ်ရမှာနော်။ နောက်ကျလို့မဖြစ်ဘူး။ အဲဒီ lab ဆရာမက အပေါက်အရမ်းဆိုး တာမဟုတ်လား"

သူမ, မကြားချင်ယောင်ဆောင်၍ ပလက်ဖောင်းစပ်သို့ တိုးရပ်လိုက်ပါသည်။ သူက သူမနှင့်နီးကပ်သည်အထိလိုက်ရပ်လာ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် သူမခပ်စူးစူးပြန်ကြည့်လိုက်၏။

"မင်းကျောင်းနောက်ကျမှာစိုးရင် ကိုယ့်ကားနဲ့လိုက်ခဲ့ပါ"

"ကျွန်မထပ်ပြောမယ် ကိုသူရိန်။ ရှင့်ကားပေါ်လမ်းကြုံတက်လေ့ရှိတဲ့ပန်းရောင်စုံတွေထဲမှာ ကျွန်မ,မပါဘူး။ ကျွန်မရှင်းရှင်းပဲပြောမယ်ရှင်. . . ကျွန်မကိုစိတ်အနှောင့်အယှက်မပေးပါနဲ့။ ကျွန်မတို့လိုလူတန်းစားမျိုးက ရှင်တို့လိုစိတ်ကူးယဉ်ပြီး အပျော်တိုရှာဖို့အချိန်မပေးနိုင်ဘူး။ ဒီတော့ ရှင့်ခြေလှမ်းတွေကို ရပ်တန်းတရပ်ပေးပါ"

"ကိုယ် ဘာမှားလုပ်မိလို့လဲမေမဒီ"

"ရှင်ဘာမှမလုပ်သေးပေမယ့် အခု ကျွန်မနာမည်ထွက်နေပြီ ကိုသူရိန်။ ကျွန်မက ရှင်လှည့်ပတ်ကစားသင့်တဲ့အရုပ်လေးတစ်ရုပ်မဟုတ်ပါဘူး။ ရှင် ဘာကိုမှရည်ရွယ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဘာမှမဟုတ်ဘဲနဲ့. . . ကျွန်မနာမည်အချောင်ပျက်ရအောင် မကြံစည်ချင်ပါနဲ့ရှင်။ ကျွန်မဘက်ကိုငဲ့ညာပြီး ကိုယ်ချင်းစာနာစိတ်လေးထားပါဦး"

"မေမဒီ. . . ကိုယ်"

"ကျွန်မ ဘယ်သူ့ကိုမှမပတ်သက်ချင်ဘူးကိုသူရိန်။ အေးအေးဆေးဆေးနေတတ်တဲ့မိန်းကလေးတစ်ယောက်ကို စိတ်အဆာ





ပြေရုံသက်သက်နှောင့်ယှက်ခွင့်ရပြီးရင် ရှင်ကျေနပ်ပါတော့"

သူပါးစပ်အဟောင်းသားဖြစ်သွားစဉ် သူမက ဂိတ်မှာရပ်လာသည့် bus ပေါ်တက်သွားလေ၏။ စိတ်အဆာပြေရုံသက်သက်တဲ့လား. . . မေမဒီ။ ကိုယ်တွေ့ခဲ့ဖူးတဲ့မိန်းကလေးပေါင်းများစွာနဲ့ ဆန့်ကျင်စွာရှိနေတဲ့မင်းကို စိတ်ဝင်စားမှုတဖြည်းဖြည်းပိုများလာရပါလား။ လမ်းနံဘေးမှာရပ်ထားသည့်ကားကို မောင်းထွက်ခဲ့ရင်း ကျောင်းကိုရောက်လာခဲ့၏။ စာသင်ချိန်တွေကို စိတ်မဝင်စားဘဲ စိတ်တွေက လွင့်ချင်တိုင်းလွင့်နေလေသည်။ ပထမတစ်ချိန်ပြီးသည်နှင့် ကျောပိုးအိတ်ကိုဆွဲ၍ သူထွက်လာတော့ သူငယ်ချင်းတွေပါ နောက်မှအပြေးလိုက်လာလေ၏။

"ဟေ့ကောင်သူရိန်. . . ဘယ်လိုဖြစ်တာလဲ"

"ငါ စာထဲမှာစိတ်မှမဝင်စားတာ၊ လစ်တော့မယ်။ မင်းတို့တက်ချင်တက်ဦးလေ"

"ဟင့်အင်း. . . မတက်တော့ပါဘူး"

ကျောင်းဝင်းထဲရှိခုံတန်းမှာ သူထိုင်ချလိုက်တော့ ရဲနိုင်တို့သုံးယောက်က ခုံရှေ့သစ်ပင်အမြစ်တွေပေါ် ထိုင်လိုက်ကြလေသည်။

"ရဲနိုင်"



www.burmeseclassic.com

www.burmeseclassic.com

“ဟေ. . . ဘာလဲ”

“မင်း. . . မေမဒီကို Propose လုပ်ပြီးပြီလား”

“အေး”

“သူဘာပြောလဲ”

ရဲနိုင်က စပ်ဖြဲဖြဲမျက်နှာဖြင့်ငြိမ်သွားတော့ ဝင်းမော်နှင့် ကျော်မြင့်က လည်ပင်းထည့်စိကြလေ၏။

“အား. . . ပြောမှာပေါ့ကွ။ ဘယ်လိုဖြစ်ပြီးဝိုင်းအနိုင်ကျင့်နေကြတာလဲ”

“မေးရင်ပြောမှပေါ့ကွ။ မင်းက အထာကိုင်နေတာကိုး”

“ခေါင်းခါလိုက်တယ်”

သူသက်ပြင်းတစ်ချက်ကို ချလိုက်မိပြန်၏။ ရည်းစားတွေ ထည်လဲရခဲ့တာတောင်မှ သူ့ ဒီလောက်ထိရင်မမောခဲ့ရ။ ခု. . . မေမဒီနှင့်ပတ်သက်လာမှ သူသက်ပြင်းတွေချနေခဲ့ရတာ အကြိမ် ပေါင်းမနည်းခဲ့ပါလား။

“ငါ မာနကြီးတဲ့မိန်းကလေးပေါင်းများစွာနဲ့ ကြုံခဲ့ဖူးတာ ပဲ။ ဒါပေမဲ့ မေမဒီနဲ့လုံးဝမတူပါလား”

“အဲဒါ ပစ္စည်းမဲ့မာနရှင်လို့ခေါ်တယ် သူရိန်”

သူ့ ရဲနိုင်ကိုစိုက်ကြည့်လိုက်စဉ် ရဲနိုင်ကဆက်ပြောလေ၏။





ရင်ထဲမှာ ခုထိတင်းကျပ်နေဆဲ။

“မဒီတို့က လူလတ်တန်းစားမိသားစုလေ။ ဘဝကိုခြိုးခြံချွေတာပြီးလျှောက်လှမ်းနေရတာ။ ဘာကိုမှပေါ့ပေါ့မတွေးတတ်ဘူး။ စိတ်ကိုအလိုလိုက်ဖို့ဆိုတာ ဟိုးအဝေးကြီးမှာ။ ဒီတော့တော်နဲ့ သူ့အသည်းပျော်မကျတာ မဆန်းဘူး။ ပြီးတော့ မင်းက ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်လေ။ မင်းအကြောင်းတွေကို သူလည်းသိနေတာပါ။ အဲဒီတော့ သူပိုရှောင်မှာပေါ့”

“ငါက လူတွေရဲ့ပါးစပ်ဖျားမှာတော့ နာမည်ဆိုးနဲ့ကျော်ကြားနေမှာပဲ”

“မင်း. . . မဟုတ်ဘူးလို့ငြင်းချင်လို့ရမလား”

သူခေါင်းကိုခါလိုက်မိ၏။ ရှက်ဝါတချို့ လေအဝှေ့မှာလွင့်စော်ကျလာလေသည်။

“မတူဘူး. . . တူကိုမတူတာ။ ဒါကို ငါအလိုလိုသိနေပေမယ့် ပြောမပြတတ်ဘူး”

“မင်းစကားကြီးက ဘာလဲကွ”

သူပြုံးလိုက်မိပြီး ထိုင်နေရာမှထရပ်လိုက်၏။ ကိုယ်က အားဆီးပိတ်ပင်ရင် ရှေ့ဆက်တိုးရမှာကျေနပ်တယ်မေမဒီ။ မင်းကိုယ့်ခြေလှမ်းတွေကို မရပ်နိုင်းပါနဲ့။ ကိုယ်က မင်းရဲ့အနီးဆုံးမှာ



www.burmeseclassic.com

www.burmeseclassic.com

အရိပ်နဲ့ထပ်တူလိုက်ပါချင်သူပါ။

"ဘယ်လဲ"

"သူက မလာနဲ့ဆို ငါကသွားကိုသွားရမှ။ ဒါက သူရိန်နိုယာမလေ"

"လုပ်ချလိုက်ပြန်ပြီ"

Botany ဆောင်ထောင့်ခန်းမှာရပ်ရင်း ပြတင်းပေါက်မှတစ်ဆင့် သူမနောက်ကျောကလေးကိုငေးနေမိ၏။ ရဲနိုင်တို့သုံးယောက်က နာရီဝက်ကျော်တော့ညောင်းလာသဖြင့် canteen ရှိရာသို့ ဆင်းသွားကြလေပြီ။

မုန့်စားဆင်းချိန်ရောက်တော့ မိုးမိုးစံနှင့်သူမ အခန်းထဲမှထွက်လာ၏။ သူ့ကိုတွေ့လိုက်စဉ် မိမိုးကမျက်မှောင်ကျုံ့သွားသော်လည်း သူမကတော့ခပ်တည်တည်။

"ကိုသူရိန်တစ်ယောက်တည်းလား။ ကိုနိုင်တို့ရော"

"canteen မှာ"

"ဘာဖြစ်လို့ ဒီမှာတစ်ယောက်တည်းကျန်နေခဲ့တာလဲ"

"ကိုယ်ကျောက်ရုပ်ဖြစ်သွားမလားလို့ လာရပ်နေတာလေ"

canteen ရောက်တော့ ရဲနိုင်တို့က ခုံသုံးလုံးထပ်ဖြည့်၍ဝိုင်းထဲခေါ်လေ၏။ သူမ,ရဲနိုင်ဘေးခုံမှာ ဝင်ထိုင်လိုက်လေသည်။





"ဒီဒီ ဘာစားမလဲ"

"သံပရာရည်ပဲသောက်မယ်မိုး"

"ဟယ်. . . နောက်ဆုံးချိန်ကျန်သေးတာနော်။ နင်ဆာနေမှာပေါ့"

"ရတယ်မိုးရဲ့. . . ကျွန်မ မနက်က ထမင်းကြော်တွေစားလာတာ ရင်ပြည့်နေလို့"

"သူရိန်ဘာသောက်မလဲ"

"orange"

"မင်း မနက်က ဘာမှမစားခဲ့ဘူးဆို"

"ဒီလောက်နဲ့ ငါမသေနိုင်သေးပါဘူး ကျော်မြင့်ရာ"

မှာထားတာတွေရောက်လာတော့ စားကြသောက်ကြရင်းစားဝိုင်းက ခဏမျှတိတ်သွားလေ၏။ ဖန်ခွက်ကိုကိုင်လိုက်သည့်သက်ချောင်းသွယ်သွယ်တို့ကို အမှတ်တမဲ့ငေးကြည့်နေမိသည်။

"စာမေးပွဲဖြေဖို့ နှစ်လပဲလိုတော့တယ်နော်။ စာတွေမပိုင်သေးတော့ကြောက်သား. . .။ ကိုနိုင်တို့ရော စာတွေကျက်နေပြီလား"

"ကျက်တာပေါ့ဟ. . . ဘွန်ဂျိုဗီတို့၊ ရှော့စတီးဝပ်တို့၊ ဘီဘဲလ်စ်တို့လေ"



www.burmeseclassic.com

www.burmeseclassic.com

"ကြည့်. . . အကောင်းမေးနေတာကို ကိုနိုင်နော်။ ကြီး
မေနဲ့ပြန်တိုင်ရမလား"

"ငါတို့က စာပိုင်ပြီးသားပါဟာ။ ကျက်ရင် ခဏလေးနဲ့
တယ်။ စိုးရိမ်ရမှာက ဟိုကောင်. . ."

သူ့ကိုမေးငေါ့ပြလိုက်သဖြင့် သူ, ဝင်းမော်ကိုဖြိုဟ်ကြည့်
ကြည့်လိုက်ပါ၏။

"ငါက ဘာဖြစ်နေလို့လဲ"

"မင်းကိုယ်မင်းအသိဆုံးပေါ့ကွ။ ရည်းစားတွေ မှုလိုပေါက်
အောင်ထားခဲ့တုန်းက ဒီလိုပုံစံလား၊ ပေါ့ပေါ့လေးမြူးလို့။ ခုတော့
အိပ်မပျော်စားမဝင် လေလွင့်နေပြီးတော့"

"ဟာ. . . ငါ့ကို အချွန်နဲ့မ,နေပြန်ပြီ"

"ငြင်းဖို့မကြံနဲ့ကိုယ့်လူ. . . ငါတို့ကို အန်တီကြီးဖုန်းဆက်
မေးလို့သိတာ။ မညာတတ်ရင်မညာတာအကောင်းဆုံးပဲ"

"ကျွတ်. . . အန်တီကြီးက ရှာကြံပူပန်နေတာပါကွာ"

"မင်းစာမေးပွဲဖြေပြီးရင် 'အန်ကယ်သူ'နောက် လိုက်သွား
ရမှာဆို"

"အင်း"

"ဟိုမှာပဲ ကျောင်းဆက်တက်မှာပေါ့"





"အခြေအနေအရပဲ"

"ဟော့ကောင် ဘယ်လိုဖြစ်နေလဲ"

သူ,စားပွဲထိုးကိုလှမ်းခေါ်လိုက်ပြီး ဝိုင်းသင့်ငွေရှင်းပေးကာ
ရပ်လိုက်၏။

"ငါပြန်တော့မယ်"

"ဟာ. . . တို့ကိုစောင့်ဦးလေ"

"ဒါဖြင့်လည်းထပေါ့"

အကြည့်က သံပရာရည်ခွက်ကို ငေးကြည့်နေသည့်သူမ
ရောက်သွား၏။

မိုးမိုးစံက သူ့ကိုမော့ကြည့်လိုက်လေသည်။

"မိမိုး. . . ကိုယ်ပြန်ဦးမယ်။ ကိုယ့်ခြေလှမ်းတွေကိုရပ်လို့
မြန်ကျင့်ရဦးမယ်။ ပြီးတော့ အိပ်ပျက်ညတွေကို အိပ်ဆေး
သောက်ဘဲကျော်ဖြတ်ဖို့ ကြိုးစားဦးမှာပါ"

သူလှည့်ထွက်ခဲ့တော့ သူ့နောက်မှာ ဝရုန်းသုန်းကားပြေး
လာသည့်ခြေသံတွေကိုကြားနေရ၏။

ကားတံခါးကိုဖွင့်လိုက်စဉ် ရဲနိုင်က သူ့ကိုတိုးတိုးပြောလိုက်
သည်။

"သူရိန်. . . မေမဒီ မင်းကိုလှည့်ကြည့်လိုက်တာ ငါတို့တွေ့



www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်"

သူခေါင်းကိုခါယမ်းလိုက်ပြီး ကားစက်ကိုနှိုးလိုက်၏။ စံပယ်ပန်းရနံ့က ရင်ကိုအေးမြစေတယ်တဲ့မေမဒီ၊ ကိုယ့်ရင်ထဲမှာအေးမြခွင့်ရပါ့ရစေလား. . .။

ဂုဏ ဂုဏ ဂုဏ



## အခန်း ( ၁၂ )

ကျောင်းတွေပိတ်သွားသဖြင့် အလွမ်းဒဏ်တွေက သူ့ကို လေပြီ။ အရင်လိုအပြင်ကိုလျှောက်မလိမ့်ဘဲ အခန်းထဲအောင်း သဖြင့် အားလုံးက အံ့ဩနေကြ၏။ ဟိုသုံးကောင်က စာကျက် အကြောင်းပြပြီး သူ့အခန်းထဲသို့ နေ့စဉ်ရောက်လာသည်။ စာ တာကနည်းနည်း၊ သီချင်းနားထောင်ပြီး လေချိန်ကများများ။

"မနေ့က ငါ့အိမ်ကို မိမိုးလာတယ်"

"ဒါဘာဆန်းလဲ. . . မင်းနဲ့မိမိုးက နှစ်လမ်းပဲခြားတာကို အဆန်းလုပ်လို့"

"ငါ, သူရိန့်ကိုပြောမလို့ပါဝင်းမော်ရ။ မင်းဝင်မရှုပ်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့"

ခုတင်ထက်လှဲနေရာမှ သူ့ ရဲနိုင်ကိုလှည့်ကြည့်လိုက်၏။ CD ချပ်တွေရွေးနေရင်းမှ ရဲနိုင်က စကားဆက်သည်။

"မိမိုးဆီ မဒီလာတယ်တဲ့"

"..."

"ငါတို့လိုပဲ စာစုကျက်ကြတာပေါ့"

"အဲမှာ... ငါတို့က စာကျက်လို့လား"

"မဒီတို့ကတော့ တကယ်ကျက်တာပါကျော်မြင့်ရ။ ဒါပေ မဲ့..."

ရဲနိုင်စကားကိုစိတ်ဝင်စားလာကြသဖြင့် ကော်ဇောထက် မှောက်လျက်လှဲနေသည့်ဝင်းမော်ရော၊ ကျော်မြင့်ပါ ငုတ်တုတ်ထ ထိုင်လိုက်သည်။

"မဒီက စိတ်နဲ့လူမကပ်ဘူးတဲ့။ ပြီးတော့ စာကျက်နေရင်း နဲ့ငိုတယ်လို့ပြောတယ်"

"ဟာ... အဲဒါ မိမိုးကမမေးဘူးလား"

"မေးတာပေါ့... မဒီက ဘာမှပြန်မပြောဘူးတဲ့ သူရိန်၊ မင်း... မဒီ့ကိုဒုက္ခရာရအောင် သွားလုပ်လိုက်တာမှားပြီ။ မဒီက အဖြူထည်လေးပါကွာ။ ဘာမှအတွေ့အကြုံရှိတာမဟုတ်ဘူး။ သူ့





စိတ်လေသွားရင် စာမေးပွဲအတွက်စိုးရိမ်စရာဖြစ်သွားမယ်"

"ငါဘာလုပ်မိလို့လဲ"

"ဟ! မင်းပဲ မဒီ့နောက်တကောက်ကောက်လိုက်နေခဲ့ပြီး တော့... ဘာလဲကွ"

"အေးလေ... အဲဒါဘာဖြစ်လဲ။ မင်းလည်းသူ့နောက်ကို လိုက်ခဲ့တာပဲမဟုတ်လား။ မင်းကမှ သူ့ကို propose လုပ်ဖြစ်သေး တယ်။ ငါ ခုချိန်ထိ သူ့ကိုဘာတစ်ခုမှဖွင့်မပြောရသေးဘူး"

"ဟာ... မင်းလိုက်နေတာဖြင့် တစ်ပတ်ကျော်နေပြီလေ"

"အေးလေ... တခြားကောင်မလေးတွေတုန်းကဆို ခုနေ နိုင်ငြီနေပြီ"

"ပြောဖို့နေနေသာသာ ငါ့ကိုအပြီးပိတ်ပြောထားတာ။ ဒီ တော့ ငါဘာဆက်လုပ်လို့ရမှာလဲ"

"ဟုတ်ရဲ့လားသူရိန်။ ငါတော့မယုံဘူး"

"မယုံလည်းမတတ်နိုင်ဘူးရဲနိုင်။ ငါ... မိန်းကလေးတွေ အများကြီးနဲ့တွေ့ခဲ့ဖူးတာပဲ။ မေမဒီက တခြားကောင်မလေးတွေနဲ့ မတူတဲ့မတူတာ။ အဲဒါသေချာတယ်"

စကားဝိုင်းက တိတ်သွားပြန်၏။ ရင်ထဲမှာ ဘာမှအလို မကျသလို တင်းကျပ်နေလေသည်။ သက်ပြင်းငွေ့ငွေ့ကိုကိုက်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ခုတင်ပေါ်မှာထထိုင်လိုက်၏။

"လက်ဖက်ရည်ဆိုင်သွားရအောင်ကွာ"

"စာမေးပွဲဖြေဖို့ နှစ်ပတ်ပဲလိုတော့တာနော်"

"အချိန်တန်အောင်မှာပေါ့"

"ပြောပြန်ပြီ. . . ပေါ့ပေါ့တန်တန်၊ အန်ကယ်သူသာသိရ

ဖုန်းနဲ့လှမ်းဆဲမှာသေချာတယ်"

ပိုက်ဆံအိတ်ကိုခါးကြားထိုး၍ ကားသော့ကိုဖြုတ်လိုက်

တော့ သူငယ်ချင်းတွေပါပြိုင်တူထလာကြ၏။ လက်ဖက်ရည်ဆိုင်

ရှေ့ ကားကိုထိုးရပ်လိုက်ပြီးဝင်ထိုင်လိုက်ကြသည်။ မှာသောက်သည့်

လက်ဖက်ရည်တောင် ပေါ့ရွှတ်ရွှတ်ဖြင့်အရသာမဲ့နေ၏။ သူမ

သည်တဲ့။ သူဘာလုပ်ရမလဲ။

"ငါထင်တယ်. . . မဒီရင်ထဲ မင်းရောက်နေပြီ သူရိန်"

"ကျွတ်. . . တစ်ဖက်သားနစ်နာစေမယ့်စကားမျိုးမပြော

နဲ့"

"ဟောဗျာ. . . မင်း, သူရိန်အစစ်ပါနော်"

သူ,မသက်မသာပြုံးလိုက်၏။ အရင်လိုဝမ်းသာကြည်နူး

တွေ ရှိမနေတော့ပါလား။ နာမည်ဆိုးထွက်နေတဲ့ယောကျာ်း

ယောက်ကို ရွံ့ကြောက်ကြီးပုံစံဖြင့် သူမ,ချိုးလိုက်သည့်အမြင်





နည်းနည်းမှမမေ့။ ဘယ်ပန်းပွင့်ကိုမဆို သူအလွယ်တကူနမ်းရှိုက်

ခွင့်ရခဲ့တာပါ။ သူမနှင့်တွေ့မှ သူရှုံးရမည်ဆိုလျှင် ရာဇဝင်ရိုင်းပေ

တော့မည်။

"ဘာပဲဖြစ်ဖြစ် မင်းဖွင့်ပြောပြီးမှ နောက်ဆုတ်သင့်တာ

ပေါ့။ ခုတော့. . ."

"မီးနီပြထားတာကို ရှေ့ဆက်တိုးရင် ငါ Foul မှာလည်း

ဆည့်စဉ်းစားဦး"

"မင်း,ဒီလောက်တော့ နပ်မှာပါကွာ"

"ဘာလဲကွ"

"သူမျက်ရည်တွေကိုသုတ်ပေးဖို့ မင်းတာဝန်ယူသင့်ပြီ"

သူ,မရယ်ချင်ဘဲရယ်ချလိုက်တော့ ခြောက်ကပ်ကပ်အသံ

တွေသာ ထွက်လာလေ၏။ သူက မျက်ရည်တွေကိုစုဆောင်းတတ်

သူမှမဟုတ်ဘဲ။

"ဒါ သူ့ကိစ္စပဲ"

"သူရိန်"

ရဲနိုင်က သူ့အင်္ကျီရင်ဘတ်ကို ဆွဲဆုပ်ကိုင်လိုက်၏။ သူ

ထားဆီးမိ။ ခုချိန်ထိ သူခြေလှမ်းတစ်လှမ်းတောင် မှားသေးတာ

မတွေ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း၊ မဒီကိုစိတ်မဝင်စားရင် အစကတည်းက မလိုက်နဲ့ ပေါ့ကွ။ ခုတော့ သူနာမည်ပျက်ကျန်တာပဲရှိတယ်။ မင်းလုပ်ပုံ မဟုတ်သေးဘူး"

"စဉ်းစားပြီးပြောနော်ရဲနိုင်။ မေမဒီက စကားဝါတို့ဒေသီ ယာတို့လို ငါ့လက်ကိုချိတ်ပြီးအတူတွဲလျှောက်ခဲ့တာမဟုတ်ဘူး"

ရဲနိုင်လက်တွေ အလိုလိုလျော့၍ဖယ်သွားလေသည်။ ဓါး ကရက်တစ်လိပ်ကိုမီးညှိ၍ သူရှိုက်ဖွာလိုက်၏။ မှုတ်ထုတ်လိုက် သည့်မီးခိုးငွေ့တွေကိုကြည့်နေစဉ်မှာ ဆုံးဖြတ်ချက်တစ်ခုကိုချလိုက် မိသည်။ ထိုင်ခုံနေရာမှဆတ်ခနဲထလိုက်တော့ သူငယ်ချင်းတွေအော် ကြပြန်၏။

"လုပ်ပြန်ပြီ. . . ဘယ်လဲ"

"၆ မိုင်ခွဲ"

"ဟာ. . . မင်းအဆောင်ထဲဝင်ဖို့မကြံနဲ့နော်"

"ငါဝင်စရာမလိုပါဘူး။ သူထွက်လာရင် ပြီးတာပဲမဟုတ် လား"

"ဟော့ကောင်"

သူ့ဟက်ခနဲရယ်၍ ကားပေါ်တက်မောင်းထွက်လာခဲ့၏။ ဒီလိုမှရှေ့မတိုးရင် မင်းရောကိုယ်ပါ down ဖို့သေချာနေပြီမေဒီ





တစ်ခါတလေမှာ အချစ်က ခွန်အားတွေဖြစ်တည်စေတတ်တာကို တစ်နေ့ မင်းသိလာမှာပါ။

လမ်းဘေးမှာကားကိုရပ်၍ ကန်ပေါင်ကိုခြေလှမ်းမှန်မှန် ဖြင့်တက်လာခဲ့၏။ ခုံတန်းပြာလေးမှာ တစ်ယောက်တည်းထိုင် နေသည့်မိန်းကလေးကို သူလှမ်းတွေ့လိုက်ရသည်။ ဆံနွယ်စင်းစင်း လေးတွေက လေနှင့်အတူလွင့်ဝဲလျက်။ ရေပြင်ကိုငေးကြည့်နေပုံ က သက်မဲ့ရုပ်တုလေးတစ်ရုပ်လို။ သူအသာအယာလျှောက်လာ ရင်း သူမနောက်ကျောမှာရပ်လိုက်၏။ သူမပုံစံက စိတ်ကိုလွင့်ချင် ရာလွင့်ပုံစံဖြင့်လွှတ်ထားသလိုပင်။

သက်ပြင်းချသံတိုးသဲ့သဲ့နောက်မှ ရှိုက်သံကကပ်ပါလာ၏။ မင်းငိုနေပြန်ပြီလား။ ဘာကြောင့်လဲမိန်းကလေးရယ်။ ကျလာသည့် မျက်ရည်တွေကိုလည်းသုတ်ဖို့စိတ်မကူး။ ညနေဆည်းဆာအောက် မှာ လှရှင်းနေသည့်မို့ သူမစိတ်ကြိုက်ငိုပွဲတွေဆင်နေတာထင်ပါရဲ့။

အိတ်ကပ်ထဲမှ လက်ကိုင်ပဝါအညိုလေးကိုထုတ်၍ သူမ နောက်ကျောမှတစ်ဆင့် သူမလုံချည်ပေါ် အသာချပေးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

ဆတ်ခနဲတုန်ရီသွားကာ လှည့်ကြည့်လိုက်လေ၏။

"ဟင်! "

"သုတ်လိုက်လေ မေမဒီ. . .။ ညနေ့နေအေးလာတာနဲ့ ကန်ပေါင်ပေါ်လူတွေတက်လာကုန်ပြီ. . . မင်းပုံစံကိုမြင်သွားရင် မကောင်းဘူး"

သူမဖျတ်ခနဲမတ်တတ်ရပ်ရင်း သူ့လက်ကိုင်ပဝါကို ပြန်ကမ်းပေးလေ၏။ သူပြန်မယူပါချေ။

"မင်းဘာတွေဖြစ်နေတာလဲ"

"ရှင်သိစရာမလိုပါဘူး"

"အင်းလေ. . . မင်းက မိမိုးကိုတောင်ဖွင့်မပြောချင်တာ ကိုယ်မေးလို့လည်းအပိုပါပဲ"

သူမ ပဝါလေးကို ထိုင်ခုံပေါ်ပစ်ချလိုက်၏။ ပါးပြင်ထက်ရှိမျက်ရည်တို့ကို လက်ဖဝါးနှစ်ဖက်ဖြင့် ခပ်ကြမ်းကြမ်းပွတ်သုတ်လိုက်လေသည်။

"ငိုရင်လည်းလှတယ်ဆိုတာ မင်းကိုညွှန်းထားတာပဲထင်ပါရဲ့မေမဒီ"

သူမထံမှ မျက်စောင်းတစ်ချက်ကို သူရလိုက်ပါ၏။ သူကျိတ်ပြုံးလိုက်မိပြီး စကားကိုရှေ့ဆက်လိုက်သည်။





"ကိုယ်ပြောစရာရှိလို့ထွက်လာခဲ့တာ မေမဒီ"

"ကျွန်မ ရှင့်ကိုကြိုပြောထားပြီးသားနော်"

"ရော်. . . ခက်တာပဲ။ ကိုယ်ပြောမှာက မင်းထင်နေတဲ့ တားမျိုးမှမဟုတ်ဘဲ"

"ရှင်! "

"ကိုယ်တို့စာမေးပွဲတွေ နှစ်ပတ်ပဲလိုတော့တာ. . . မင်းသိတယ်နော်။ ခုချိန်ထိ ကိုယ်ဘာစာမှကျက်လို့မရဘူး။ စာအုပ်ကိုင်ထိုင်တိုင်းလည်း စာမျက်နှာပေါ်မှာ စာမမြင်ဘဲ မျက်နှာတစ်ခုကိုမြင်နေရရော။ ဒါကို သူငယ်ချင်းတွေမေးတော့ ကိုယ်ဘယ်လိုရှင်းပြလို့ရမှာလဲ။ တစ်ခါတစ်ခါ ငါတော့ ဒီနှစ်စာမေးပွဲကျပြီဆိုပြီး ငိုချင်လာတယ်။ ကဲ. . . ကိုယ်ဘာဆက်လုပ်ရမလဲ"

သူမအောက်နှုတ်ခမ်းပါးလေးကို သွားဖြင့်ကိုက်ထားလေ၏။ ရင်တွင်းထဲထိ စူးဝင်နိုင်မည့်စကားလုံးတွေကိုမှပြောတတ်လေခြင်း။

"ညညဆိုလည်း အိပ်လို့မပျော်ဘူး။ တစ်ညလုံး ဝရန်တာထွက်ရပ်နေခဲ့တာ ညတိုင်းပဲ။ ကိုယ်စဉ်းစားမိတာ အဖြေကတစ်ခုတည်းပဲထွက်လာတယ် မေမဒီ။ အဲဒါကတော့ ကိုယ်ရှုံးနေပြီဆိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com


သူမမျက်နှာထက် ပန်းသွေးရောင်ဖွန်းသွားလေ၏။ ကြည်နူးခြင်းတစ်ဝက်နှင့်ထပ်တူ စိုးရိမ်ထိတ်လန့်မှုက ပြိုင်တူဖြစ်ပေါ်လာပြီး ငိုမဲ့မဲ့လေးဖြစ်သွားရသည်။ သူက ထိုင်ခုံနောက်ကျောဘက်မှာရပ်နေရာမှ သူမရှေ့တည့်တည့်သို့ ပြောင်းရွှေ့ရပ်လိုက်လေ၏။ လေအငွေ့မှာ သနပ်ခါးရနံ့ကို ခပ်သင်းသင်းလေးရလိုက်လေသည်။

"နောက်. . . ကိုယ်သိထားတာ တစ်ခုကျန်သေးတယ်။ တကယ်လို့များ ကိုယ်သာရှူးပြီးသေဆုံးသွားခဲ့ရင် ဒီကမ္ဘာပေါ်မှာ ဝမ်းမြောက်ဝမ်းသာလက်ခုပ်တီးမယ့်သူတစ်ယောက်တော့ ရှိနေမယ်ဆိုတာကိုပေါ့။ သူဘယ်သူလဲဆိုတာကို မင်းသိမှာပါနော်. . . ဟုတ်ရဲ့လား"

သူမမျက်ဝန်းမှအရိပ်တစ်ခုကို သူတွေ့လိုက်ရ၏။ အေးစက်စက်လက်ဖျားအစုံကို သူအသာဆုပ်ကိုင်လိုက်စဉ် သူမမျက်ဝန်းမှ မျက်ရည်တစ်ပေါက်စီးကျသွားလေသည်။

"ရှင့်ကိုမုန်းတယ်"

"ကိုယ်က မင်းကိုချစ်တယ်"

"ရှင်ဟာ. . . မျက်နှာသိပ်များတဲ့လူ။ ဒီလိုစကားတွေကို မိန်းကလေးပေါင်းများစွာရှေ့ ရှင်ပြောခဲ့တာပဲမဟုတ်လား"

"ကိုယ့်ကိုရင်ခုန်အောင် ပြုလုပ်နိုင်စွမ်းရှိတာ. . . မင်းတစ်ယောက်တည်းပဲ"

"ကျွန်မ ရှင်နဲ့မပတ်သက်ချင်ဘူး"

"ကိုယ်. . . မင်းနဲ့နီးချင်တယ်။ ဒါအမှန်ပဲ"

"ရှင်ဟာ သိပ်ကြောက်စရာကောင်းတယ်။ ရှင့်ကိုယုံလွယ်ရင် ကျွန်မဘဝကြီးတစ်ခုလုံး ကမောက်ကမတွေဖြစ်မှာ သေချာတယ်။ ဒါကြောင့် ရှင့်ကို ကျွန်မရှောင်ခဲ့တာ အကြိမ်ပေါင်းများနေပြီ"

"ကိုယ်ကတားဆီးပိတ်ပင်ရင် ရှေ့ကိုပိုတိုးတတ်တယ်။ အဲဒါ ကိုယ့်အကျင့်ပဲ"

"ကျွန်မကိုမေ့လိုက်ပါ"

"ကိုယ့်တစ်သက်. . . မိန်းကလေးတစ်ယောက်ကိုလက်ရွေးစင်ဖြစ်ပေးခဲ့ရတာဆိုလို့ မင်းတစ်ယောက်ပဲရှိတယ် ဒီဒီ"

"ဟင့်အင်း. . . ကျွန်မ. . . ကျွန်မ, ရှင့်ကိုမုန်းတယ်"

သူမစကားအဆုံးမှာ သူက သူမကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲဖက်၍ ထွေးပွေ့ထားလိုက်လေ၏။ သူမ၏မျက်ရည်တို့က သူ့အင်္ကျီရင်ဘတ်ထက်မှာ စိုစွတ်သွားလေသည်။

ရှန်းကန်မိသော် လည်း အင်အားကမရှိ။ သေချာပါတယ်။ ချစ်သင့်မချစ်ထိုက်သည့် လူတစ်ယောက်ကို ရှောင်ခွာရန်သိသိ



www.burmeseclassic.com

www.burmeseclassic.com

ကြီးဖြင့် သူမပတ်သက်မိခဲ့လေပြီ။

ကြော်. . . အချစ်ဆိုတာ အပြစ်မှန်သမျှကိုမှန်ဝါးပျောက်ကွယ်အောင် ဖျောက်ဖျက်ဖုံးကွယ်နိုင်စွမ်းရှိတဲ့တန်ခိုးရှင်တစ်ပါးပဲမဟုတ်ပါလား။

ဂုဏ ဂုဏ ဂုဏ



## အခန်း ( ၁၃ )

ဆန့်ကျင်ဘက်တွေများလွန်းသည့်လောကကြီးထဲမှာ သူတို့နှစ်ဦး ချစ်သူဖြစ်ခွင့်ရရှိခဲ့ပါ၏။ သူက မီးလိုပူလောင်တဲ့လူ။ သူမတော ရေလိုအေးချမ်းတဲ့လူ။ သူက ဆူဆူညံညံဖြင့်ပေါက်ကွဲတတ်သူ။ သူမက တစ်ယောက်တည်း တိတ်တိတ်လေးကြေကွဲနေတတ်သူ။ ဘယ်အရာမဆို သူမနှင့်သူဟာ အမြဲလားရာဆန့်ကျင်လျက်ပင်။

သို့သော် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ သူ့အပေါ်မှာထားရှိသည့် သူမ၏သည်းခံခွင့်လွှတ်စိတ်တို့ကတော့ ဖွံ့ကြွယ်ကောင်းလောက်အောင်ရှိခဲ့လေ၏။ သူမရှေ့မှာ သူ့ထံဘယ်


www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးပဲဖုန်းခေါ်ခေါ် သူမနှင့်ချိန်းပြီး သူပျက်ကွက်က အခြားမိန်းကလေးတစ်ယောက်နောက် ပါသွားတတ်တာ။ သူ ထက် ဘယ်ကောင်မလေးကဖြင့် သူ့အပေါ်ပိုစွဲဆောင်နိုင်ကြောင်း ပြောမိတာအဆုံး သူမက မျက်နှာတစ်ချက်မပျက်အောင်ပင် ငြိမ် သက်စွာ နားထောင်ပေးခဲ့လေသည်။

“ဒီဒီလေး. . . ကိုယ်ပြောနေတာတွေကြားရဲ့လား”

သူမ ခေါင်းဆတ်ခနဲညိတ်ပြလိုက်လေ၏။ ကျောင်းပိတ် ရက် အိမ်ပြန်ချိန်မှာတောင် နယ်မပြန်ဖြစ်ဘဲ သင်တန်းတစ်ခု အကြောင်းပြ၍ ကျန်ရစ်ခဲ့သည့်သတ္တိကတော့ ချီးကျူးစရာပင်။

“ကိုယ့်ကိုနည်းနည်းပါးပါးလေးတောင် အူမတိုဘူးလား ကွာ”

“အူတိုတယ်ဆိုတာ သဘောထားသေးတာနဲ့အတူတူ လေ. . . ကိုကို”

“ဟင်းဟင်း. . . ကိုယ်အရမ်းဆိုးနေမှန်းသိရင် တားမြစ် ဆုံးမဖို့မစဉ်းစားဘူးလား”

“ကိုကိုက လွတ်လပ်တဲ့ယောကျ်ားတစ်ယောက်လေ။ ကို့ကို ဒီဒီမှမပိုင်သေးဘဲ။ ပြီးတော့ ကိုကို့ကို တယ်သူမှတားဆီး မရမှန်း ဒီဒီသိထားတယ်လေ။ ကိုကိုရယ်. . . လူတိုင်းမှာ လွတ်





လပ်မှုကိုယ်စီရှိထားပြီးသားပါ။ တောင်ပံခတ် ပျံသန်းနေချင်တဲ့ငှက် ဆေးတစ်ကောင်ကို လှောင်အိမ်ထဲထည့်သိမ်းထားရလောက်အောင် ဒီဒီ့မှာ ရက်စက်တတ်တဲ့နှလုံးသားမရှိပါဘူး။ ကိုကို့ကို ဒီဒီပိုင်ဆိုင် ရတဲ့တစ်နေ့ဆိုရင်တော့လည်း တစ်မျိုးပေါ့”

“အဲဒါတွေကြောင့် ကိုယ်, ဒီဒီ့ကိုဖြတ်လို့မရတာ။ ကိုယ့်ကို အပေါ်ယံဆက်ဆံကြတဲ့မိန်းကလေးတွေနဲ့ ဒီဒီက လုံးဝမတူတာပို မြင်သေချာလာတာကိုး။ ဒီဒီက ကိုယ့်အပေါ်မှာအလေးအနက်အမြဲ ရှိတယ်”

“ခုလိုနားလည်တဲ့အတွက်. . . ကိုကို့ကို ဒီဒီကျေးဇူးတင် ပါတယ်။ ဒီဒီက ကိုကို့လို အပေါ်ယံလေး သံယောဇဉ်ထားခဲ့တာမှ မဟုတ်ဘဲ။ ရင်ထဲကစစ်မှန်ခြင်းကို ကိုကိုတစ်နေ့မြင်တတ်လာမှာ ပါ”

“ဒီစကားတွေကို ဘယ်သူသင်ပေးသလဲဒီဒီ. . . ပြောပါ ဦး”

သူမမျက်နှာထက်မှာ အပြုံးတစ်ပွင့်ဖူးပွင့်လာလေ၏။ ပါး ပြင်ထက် အနမ်းပွင့်ခြွေမိစဉ် မသိမသာရှုန်းဖယ်ခြင်းပြုလေသည်။ ညှိုက်နေကျမိတ်ကပ်ပေါင်းစုံထက် သနပ်ခါးရနံ့က ရင်တစ်ခုလုံး ကို အေးမြစေလေသည်မှာအမှန်ပင်။


www.burmeseclassic.com

www.burmeseclassic.com



"ကပ်စေးနည်းလိုက်တာကွာ"

"ဒီဒီပြောထားတယ်လေ. . . ကိုကို့ကို ဒီဒီမပိုင်သေးဘူး။ ဒီတော့ ကိုကိုလည်း ဒီဒီကိုမပိုင်ဘူး"

"ဒီလိုလား. . . ဒါဆိုဘယ်တော့ပိုင်ရမှာလဲ"

"ကိုကိုနဲ့ဒီဒီလက်ထပ်တဲ့နေ့ပေါ့"

"ဒီဒီက ကိုယ့်ကိုလက်ထပ်နိုင်လို့လား"

သူမ သူနှင့်ဝေးအောင်ရွှေ့ထိုင်လိုက်လေ၏။ ဆံနွယ်ဖျော့ဖျော့လေးတွေကို သူဆော့ကစားနေမိသည်။

"လက်ထပ်တယ်ဆိုတာ ယောကျ်ားတွေကတောင်းဆိုရတဲ့ အလုပ်တစ်ခုပါကိုကိုရဲ့။ ဒီဒီတို့မိန်းကလေးတွေက စ,တောင်းဆိုခွင့် မရှိဘူး"

"အကယ်၍ ကိုယ်, ဒီဒီ့ကိုလက်မထပ်ဘူးဆိုရင်ရော"

"အဲဒီတော့လည်း ဒီဒီ့ကံပေါ့"

သူ,သူမ့လက်ဖျားလေးကိုဆွဲယူ၍ လက်ဖမိုးလေးကိုအသာ နမ်းရှိုက်လိုက်မိ၏။ သူမ,မရုန်းပါလေ။

"ကိုယ်ကတိပေးတယ် ဒီဒီ. . .။ ကိုယ်လက်ထပ်မယ့်မိန်းကလေးဟာ ဒီဒီကလွဲလို့ဘယ်သူမှမဖြစ်စေရဘူး"

"ကတိဆိုတာ ဆိုခဲစေမြဲစေတည်ရတယ်ကိုကို"





"ယောကျ်ားကတိပါ ဒီဒီ။ သက်သေထူဖို့အတွက် ဘာတွေ လိုအပ်သေးလဲ ကိုယ်မသိဘူး။ သေချာတာတစ်ခုပါပဲ။ ကိုယ်, ဒီဒီ့ ကိုသိပ်ချစ်တယ်"

"ဒီဒီက ကိုကို့ကိုမချစ်ဘူး"

"ဟာကွာ"

"ချစ်တာထက်ပိုသာတဲ့စကားလုံး သုံးချင်လို့ပါကိုကို။ ဒီဒီ က ကိုကို့ကိုမြတ်နိုးတာ။ ဒီဒီ့ဘဝမှာ ဘယ်သူ့ကိုမှမပေးဘူးတဲ့မြတ်နိုးမှုနဲ့ ကိုကို့ကိုချစ်တာ။ ဒီစကားဟာ ဒီဒီသေဆုံးချိန်ထိ တည်သွားမယ့်တစ်ခွန်းတည်းသောစကားပါပဲ။ ကံကြမ္မာက ခွင့်မပြုဘဲ ဒီဒီတို့ နှစ်ယောက်ကိုခွဲကြစေဦးတော့။ ဒီဒီ့တစ်သက် ကိုကို့ကိုပဲချစ်သွားမှာပါ"

ခပ်ပါးပါးနှုတ်ခမ်းလွှာထက် လက်ညှိုးဖြင့် သူကန့်လန့်ပိတ်လိုက်မိသည်။ အင်္ကျီအိတ်ကပ်ထဲမှဘူးလေးကိုယူ၍ဖွင့်ကာ သူမ လက်သူကြွယ်လေးမှာ စွပ်ပေးလိုက်သည်က စိန်လက်စွပ်လေးတစ်ကွင်း။

"ဒါ. . . အကြိုလက်ထပ်ခြင်းပဲ ဒီဒီ"

"ဒီဒီက ကိုကို့ကိုဘာမှပြန်ပေးစရာမရှိဘူးနော်"

"ကိုယ်တောင်းရင် ပေးမှာမို့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့်မျက်ဝန်းလေးများကြောင့် သူနှစ်ခြိုက်စွာ ပြုံးလိုက်မိလေ၏။ အင်မတန်အပြစ်ကင်းစင်လှသည့်စံပယ်ပွင့်လေး ပါလား။

"လန့်မသွားပါနဲ့ ဒီဒီရဲ့။ ကိုယ့်သူငယ်ချင်းတစ်ယောက် ရဲ့မွေးနေ့ပါတီပွဲကိုလိုက်ခဲ့ဖို့ပါ"

"ဟင့်အင်း. . . ဒီဒီက အဲဒီလိုပွဲတွေ တစ်ခါမှသွားဖူးတာ မဟုတ်ဘူး"

"တစ်ခါတလေလေးပါ ဒီဒီ။ ကိုယ့်ချစ်သူနဲ့အတူ ပျော်ရွှင် ခွင့်လေးတော့ တစ်ကြိမ်လေးဖြစ်ဖြစ်ရပါရစေလား"

"ညမိုးချုပ်မှာပေါ့. . . အဆောင်က ခွင့်ပြုမယ်မထင်ဘူး။ မဖြစ်ပါဘူးကိုကိုရယ်"

"မိမိုးတို့အိမ်မှာပဲ ညအိပ်လေကွာ။ ကိုယ်, မိမိုးကိုဖုန်းဆက် လိုက်မယ်လေနော်"

"ဟင်! ဒို့ညလား"

"ဟုတ်တယ်"

"အာ. . . ကိုကိုကလည်း ဒီဒီ့ကိုဘာမှကြိုပြောမထားဘဲ နဲ့"

"ရင်းနှီးပြီးသားသူငယ်ချင်းတွေပွဲပဲ ဒီဒီရယ်. . .။ ဘာမှ





ကြောက် စရာမရှိပါဘူး။ ဘီယာလောက်ပဲ မော့ကြမှာပါ။ လိုက်ခဲ့ နော်. . . လိမ္မာတယ်"

"ကိုကိုကလည်းကွာ"

"ဒီဒီကလည်းကွာ. . . ဒီဒီပဲ ကိုယ့်ကိုချစ်တယ်ဆို"

မျက်ဆံနက်နက်လေးထောင့်ကပ်လာသဖြင့် သူမနဖူးပြင် ထက် သူ ငုံ့မွှေးလိုက်မိပြန်၏။ သူမက သူ့ရင်ဘတ်ကိုတွန်းလိုက် လေသည်။

ပါတီတက်ရန် သင့်တော်သည့်ဝတ်စုံကိုဝယ်၍ အဆောင် မှာပြန်လဲစေပြီး ညခြောက်နာရီမှပြန်ထွက်လာခဲ့၏။ အထက်တန်း သွာတွေကြားမှာ အားငယ်ရိပ်သန်းနေသည့်ချစ်သူ၏လက်နုနုလေး တို့ မဖြုတ်တမ်းချိတ်ဆွဲကာ အပျော်ကြီးပျော်နေခဲ့မိသည်။

ပါတီမှပြန်လာတော့ညဆယ်နာရီကျော်နေလေပြီ။ အရိပ် အယောင်မပြဘဲရွာချလိုက်သည့်မိုးကြောင့် ကားလမ်းမမှာ မိုးသည်း သွန်း၍မောင်းလို့မရနိုင်သဖြင့် လမ်းဘေးမှာထိုးရပ်လိုက်ရလေ သည်။

ဂျိမ်းခနဲခြိမ်းလိုက်သည့်မိုးခြိမ်းသံကြောင့် သူမလန့်အော် ကာ သူ့ရင်ခွင်ထဲအလိုလိုရောက်လာတော့၏။ မိုးသံတွေကြားမှာ ငြိမ်ဝေဝေဦးနှောက်၊ တဒိတ်ဒိတ်ခုန်ပေါက်နေသည့်ရင်ခုန်သံတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com

အတူ သနပ်ခါးရနံ့တွေ သင်းပျံ့နေသည့်စံပယ်ခင်းထဲ သူရောက်သွားလေသည်။

အဲဒီညက မိမိုးအိမ်ကိုလည်းမရောက်။ အဆောင်ကိုလည်း မပြန်နိုင်ဘဲ မိုးလင်းသည်အထိ သူနှင့်အတူရှိနေခဲ့သည့် အမှတ်တရရက်စွဲလေးကို သူ,မမေ့။ မျက်ရည်တို့ စိုလူးနေသည့်ပါးပြင်ထက် ချော့မြှူထွေးသိပ်ရင်း လက်ထပ်မည့်ကတိကို သူအထပ်ထပ်အခါခါပြုမိခဲ့တာ အမှန်တကယ်ပါ။

သိပ်မကြာခင်ကာလမှာ LA မှ ဖေဖေအမြန်လှမ်းခေါ်သဖြင့် သူလေဆိပ်ဆင်းတော့ လိုက်လံနှုတ်ဆက်ပို့ဆောင်ကြသည့်သူငယ်ချင်းတွေကြားမှာ မျက်နှာငယ်လေးဖြင့် ရပ်နေသည့်သူမကိုသူမြင်လိုက်ရ၏။ မကြာခင်ပြန်လာမည်ဟု သူမလက်ကိုကိုင်၍ပြောဆိုပြီး လေယာဉ်ရှိရာထွက်လာခဲ့စဉ် ဘာစကားတစ်ခွန်းမှမပြောဘဲ သူ့မျက်နှာကိုသာ တစိမ့်စိမ့်ကြည့်နေခဲ့သည့်သူမ၏မျက်ဝန်းတို့ကို အမိပ္ပာယ်မဖော်မိတတ်လေခဲ့။

အတိတ်ဆိုတာ အရိပ်တစ်ခုအဖြစ် ပစ္စုပ္ပန်ထိလိုက်ခဲ့တတ်သည်မဟုတ်ပါလား။ တာဝန်မယူလိုသည်မဟုတ်ဘဲ မြန်မာပြည်နှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ရသည့်လေးနှစ်တာကာလမှာ မေမဒီကို သူသတိတရရှိနေပေမယ့် ဆက်သွယ်ခွင့်မသာ





ရဲနိုင်နှင့် မိမိုးတို့မောင်နှမ ရှေ့ဆင့်နောက်ဆင့်အိမ်ထောင်ကျသွားကြသည့်သတင်းကိုတော့ သူ,ဟိုကကြားခဲ့ပါ၏။ ဆုံးပါးခါနီးမှ မြှုပ်နှံဖုံးကွယ်ထားခဲ့သည့်အတိတ်ဖြစ်ရပ်တစ်ခုကို သူသိခဲ့ရစဉ် ဝမ်းနည်းဝမ်းသာဖြင့် စိတ်လှုပ်ရှားလွန်းခဲ့ပါ၏။ ဖခင်မဲ့လေပြီဟုအားငယ်သည့်စိတ်တို့သည် မေမေနှင့်ညီလေးကိုလိုက်ရှာရန် တာဝန်၏ကြီးလေးမှုတို့ဖြင့် မြူမှုန်တစ်ခုနှယ် လွင့်ပြယ်သွားလေသည်။

မိသားစုဟူသည့် အင်မတန်နွေးထွေးလွန်းလှသည့်စကားလုံးလေးသုံးလုံးကိုရှာမိစဉ် အစွန်းထွက်သံယောဇဉ်ကြိုးတစ်စကို သူဆွဲမိခဲ့၏။ ကျူးလွန်ခဲ့ဖူးသည့်ဖြစ်မှုတစ်ခုအတွက် သူတာဝန်မဲ့ခဲ့လေပြီကော။ မသေချာခြင်း၏အဆုံးသတ်မှာ ဒီဒီဟူသည့်မိန်းကလေး၏ခြေရာတို့ကို အရှူးတစ်ယောက်သဖွယ် သူရှာဖွေခဲ့သော်ငြား ခြေရာတို့က မှုန်ဝါးပျောက်ကွယ်ခဲ့လေပြီ။

ကိုယ်ရှိုင်းစိုင်းခဲ့တာ မဟုတ်ရပါဘူး။ ဖန်တီးပေးလာတဲ့အခြေအနေတစ်ရပ်မှာ စိတ်ဆင်ရိုင်းကို ချွန်းအုပ်ထိန်းချုပ်နိုင်ခွင့်မဲ့ခဲ့ရတာပါ။ ကိုယ် မင်းကိုသိပ်ချစ်ပါတယ်ဒီဒီ။ ကိုယ့်အပေါ်မှာထားလည်မှုအရှိဆုံး၊ သည်းခံနိုင်စွမ်းအပေးနိုင်ဆုံးချစ်သူကို ဘဝအဖော်တွဲဖော်အဖြစ် တကယ်ပဲရည်ရွယ်ခဲ့တာအမှန်ပါ။

အခု မင်းဘယ်ဆီမှာလဲ။ စွန့်ပစ်ထားခဲ့လေခြင်းဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကို နာကြည်းမုန်းတီးနေခဲ့ပြီလား။ လူယုတ်မာတစ်ဦးရဲ့မျက်နှာကိုမကြည့်ချင်မမြင်ချင်တော့လို့ဆိုပြီး ယူဆသတ်မှတ်ကာ မမြင်တွေ့အောင်များ ပုန်းအောင်းနေတာများလား ဒီဒီရယ်။

ကိုယ်, မင်းကိုလိုက်ရှာနေတယ်။ မင်းနဲ့အတူ ဘဝကိုတည်ဆောက်ဖို့၊ သာယာစိုပြည်တဲ့အိမ်ထောင်လေးတစ်ခုကိုထူထောင်ဖို့၊ ငြိမ်းချမ်းအေးမြတဲ့မိသားစုဘဝလေးကို ပိုင်ဆိုင်စေဖို့ပါ. . .။

ဒါပေမဲ့. . .

ဏ ဏ ဏ



အပိုင်း ( ၃ )

www.burmeseclassic.com

www.burmeseclassic.com



# ရှင့်ကိုမုန်းတယ်

## အခန်း ( ၁၄ )

သူ Secretary မိုးသန့်ပြောသည့်လိပ်စာအတိုင်း လှေးလုံးတွဲသုံးလွှာတိုက်ရှေ့ platform ဘေးမှာ ကားကိုရပ်လိုက်၏။ ကားတံခါးကိုသော့ခတ်၍ လမ်းကူးကာ တိုက်လှေကားကိုစတက်လိုက်သည်။ တိုက်ခန်းနံပါတ် (၇)မှာ မေမေနှင့်ညီလေးရှိနေသည်တဲ့လား။

စိတ်လှုပ်ရှားမှုတို့ကြောင့် အေးစက်လာသည့်လက်အစုံကို ဘောင်းဘီအိတ်ကပ်ထဲထိုးထည့်ကာ ခြေလှမ်းကို ခဏမျှရပ်လိုက်မိသည်။ သူ့ကိုရုတ်တရက်မြင်လိုက်လျှင် မေမေဘာပြောလိမ့်မည်နည်း။ ညီလေးရော မည်သို့ခံစားရမည်နည်း။ အဖြေက လက်တွေ့



www.burmeseclassic.com

www.burmeseclassic.com


ကျမှပင် သိပေလိမ့်မည်။ အတွေးဖြင့်ကျိတ်ပြုံးလိုက်မိပြီး လှေကား ထောင့်ချိုးမှ ဆက်တက်လာခဲ့၏။

မနက်အစောကြီး ကြီးမေနှင့်ကိုလင်း ရွှေတိဂုံဘုရားသွားတာကို အသည်းတုံးလိုက်သွားလိုက်သည်မို့ ဈေးဝယ်စရာရှိတာဝယ်ရန် သူမ,ထွက်လာခဲ့သည်။

ဒီမနက်ထူးဆန်းစွာ တစ်ခါမှမဝတ်ဖူးသည့် ပုဆိုးနက်ပြာကွက်လေးဖြင့် ရှင်းသန့်နေသည့်ကိုလင်းပုံစံက အမြင်မှာအေးချမ်းစေလေ၏။ ကြည်နူးစိတ်ဖြင့်ကျိတ်ပြုံးလိုက်မိပြီး သက်ပြင်းကိုမသိမသာလေးချ၍ လှေကားထစ်တို့ကို ဖြည်းဖြည်းချင်းဆင်းလာခဲ့သည်။

ခေါင်းငုံ့၍တက်လာသည့်လူတစ်ယောက်ကြောင့် ဈေးခြင်းကိုကိုင်၍ သူမ နံရံဘေးဘက်ကိုကပ်၍ရပ်ပေးလိုက်မိသည်။ ဘောင်းဘီအိတ်ထဲကိုလက်နှိုက်၍ ခပ်မှန်မှန်တက်လာသည့်လူကို အမှတ်မထင်ကြည့်လိုက်စဉ် သူမ,အံ့ဩသွားရ၏။

ဘုရား. . . ဘုရား. . . မနက်အစောကြီးထွက်သွားသည့် ကိုလင်းက ရှပ်အဖြူလက်ရှည်၊ ပုဆိုးနက်ပြာကွက်၊ ကတ္တီပါဖိနပ်နှင့်။ အခု ဒီလူက အနောက်တိုင်းဝတ်စုံခဲရောင်နှင့် Boot နှင့်။

ဖျတ်ခနဲခေါင်းမော့ကြည့်လိုက်စဉ် ဟိုတလောက အမှတ်မထင်တွေ့လိုက်သည့်မိန်းကလေးကို သူမြင်လိုက်ရလေ၏။ ကြည့်စမ်း. . . တွေ့ချင်နေတာ ဘယ်လောက်ကြာနေပြီလဲ။ လိုက်ရှာနေတုန်းကဖြင့်မတွေ့ခဲ့ဘဲ တိုက်တိုက်ဆိုင်ဆိုင် ခုမှလာတွေ့ရတယ်လို့။ သူနှုတ်ဆက်သလိုပြုံးပြလိုက်စဉ် မျက်လုံးလေးပြူး၍ကြည့်နေသည့် သူမက ရုတ်တရက်ယိုင်ခနဲလဲကျလာလေ၏။

"ဟာ! "

သူ အမြန်ဆီးပွေ့သယ်မကာ လှေကားထိပ်ထိ သူမကိုချီသွေ့လာခဲ့၏။ ဟုတ်ပါတယ်။ ဒီဒီနှင့် အတော့်ကိုဆင်လွန်းပါသည့် မိန်းကလေး။ ဆံပင်ပုံစံသာ မူကွဲနေတာ။ နောက်တစ်ခုက ဒီဒီ့မျက်ဝန်းတွေလို နူးညံ့သိမ်မွေ့ခြင်းမရှိဘဲ စူးရှတောက်ပနေသည့် မျက်လုံးစိမ်းလေးများ။

သူ ဒူးထောက်ထိုင်ချလိုက်ရင်း သူမကိုသမံတလင်းထက်မှာ မေးစေ့ချွန်ချွန်လေးကိုကိုင်လှုပ်၍ခေါ်လိုက်မိသည်။

"ဟိတ်! ချာတိတ်. . . ချာတိတ်. . . ဟေ့"

"အင်း. . . ဟင်းဟင်း"

"မင်းကိုကြည့်ရတာ နေမကောင်းဘူးထင်တယ်။ ဒါဆို တစ်ယောက်တည်း ဈေးမသွားသင့်ဘူး. . . တခြားတစ်ယောက်ယောက်ကိုလွှတ်လိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်ထဲမှလူးလဲရုန်းထကာ အထိတ်တလန့်မော့ကြည့်နေပါသည့်မျက်ဝန်းတို့ကို သူစိုက်ကြည့်နေမိသည်။ ဗုဒ္ဓေါ. . . မိန်းကလေးကိုကြည့်ရတာ သူ့ကိုသိသလိုရင်းနှီးနေသလိုပါပဲလား။ ပန်းနုရောင်နှုတ်ခမ်းပါးအစုံက ခပ်ဟဟပွင့်အာလာလျက်. တိုးသဲ့သောလေသံဖြင့် သူမစကားပြောလေသည်။

"ရှင်. . . ရှင်"

"မင်း,ကိုယ့်ကိုသိနေလို့လား. . . ကိုယ်, သူရိန်မင်းပါ"

"ကိုလင်း. . . ကိုလင်း"

"ဩော်. . . မင်းက ညီလေးနဲ့သိနေတာကိုး၊ ဟုတ်တယ်၊ ကိုယ်က သော်တာလင်းရဲ့အမြွှာအစ်ကိုလေ"

"ဘုရား. . . ဘုရား. . . မှားကုန်ပြီ. . . မှားကုန်ပြီထင်တယ်"

"ဘာကိုပြောတာလဲချာတိတ်ရဲ့။ ကိုယ် ဘာမှနားမလည်ပါလား"

"ဟင့်အင်း. . . ဟင့်အင်း"

သူမ ထိုင်နေရာမှဆတ်ခနဲထရပ်၍ အခန်းတစ်ခုကိုဖွင့်ကာ ပြေးဝင်သွားလေသည်။ သူ အံ့ဩမှင်တက်နေရာမှ အခန်းနံပါတ်တွေကိုမော့ကြည့်၍ ဆက်လျှောက်လာခဲ့သည်။





နံပါတ် (၇) တဲ့။

တံခါးကို သူ,လက်ခေါက်ဖြင့် အသာခေါက်လိုက်ပါ၏။

"ဒေါက်! . . . ဒေါက်! "

ချပ်ခနဲပွင့်သွားသည့်တံခါးဝမှာ အဒေါ်ကြီးတစ်ယောက်က ပါးစပ်ဟ၍ သူ့ကိုပြူးကြည့်လိုက်လေသည်။

"မောင်. . . မောင်သော်. . . အင်း. . . မဟုတ်သေးဘူး"

"ကျွန်တော်က သူရိန်ပါ ဒေါ်ကြီး။ သော်တာ့အစ်ကိုပါ"

"ဩော်. . . ဟုတ်မယ်။ မမအေးနဲ့မောင်သော် ရွှေတိဂုံဘုရားသွားကြတယ်ကွယ့်၊ တစ်အောင့်နေ ပြန်လာကြမှာပါ။ ဝင်လေ. . . မောင်သူရိန်"

"ဟုတ်ကဲ့"

သူ ဖိနပ်ချွတ်၍ ခြေစွပ်ပါချွတ်ကာ ဧည့်ခန်းထဲဝင်လာခဲ့၏။ နံရံထက်ဆီမှာ မေမေနှင့်ညီလေးဓာတ်ပုံမှလွဲ၍ မည်သည့်အမျိုးသမီးပုံ၊ မင်္ဂလာဆောင်ပုံကိုမှမတွေ့ရ။ ဒါဆို ညီလေးရဲ့သားပြည့်အောင်ဆိုတာ ဘယ်မှာလဲ။

"ညီလေး. . . အိမ်ထောင်ကျနေပြီဆို"

"ဟင့်အင်း. . . မကျသေးပါဘူးသားရဲ့။ ဒါပေမဲ့ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်တော့မှာပါ"

"အခုမှလက်ထပ်မှာ. . . ဒါဖြင့် သူ့သားဆိုတာကရော"

"အသည်းတုံးက. . . အင်း. . . ဒေါ်ကြီးလည်း မပြော တတ်ပါဘူးကွယ်။ ဏီဏီပြောတာတော့ မောင်သော်ရဲ့သားဆိုလား ပဲ"

"ဏီဏီဆိုတာက. . ."

"ဟိုဘက်ခန်းက မိန်းကလေးလေ, ဇာမဏီတဲ့။ အသည်း တုံးရဲ့အဒေါ်ပေါ့"

"ဇာမဏီ"

သူ ခပ်ဖွဖွရေရွတ်မိစဉ် ဒေါ်ကြီးက မီးဖိုခန်းထဲဝင်သွား လေ၏။

ဇာမဏီဆိုတာ ခုန သူတွေ့ခဲ့တဲ့ကောင်မလေးထင်ပါရဲ့။ ဏီဏီပြောတာ အသည်းတုံးက ညီလေးရဲ့သား။ ဏီဏီ တူဆိုပါလား။

ဏီဏီဆိုတာ မေမဒ့်ညီမလား. . .

ဖြစ်နိုင်တာပေါ့. . .။

ဒီလောက် မျက်လုံး၊ မျက်ခုံး၊ နှာတံကျပုံချင်းတော်တော် တူနေတာ. . .။





ဒါဆို. . . ဒါဆို. . . အသည်းတုံးဟာ. . . အသည်းတုံး ဟာ. . .

# ဣ

လှေကားမှဆင်းလာသည့်အေးဘုံကို မြင်လိုက်ရသဖြင့် အသည်းတုံးကိုချီ၍တက်လာရာမှ သူမေးလိုက်မိ၏။

"တစ်ယောက်တည်းလားဘုံဘုံ။ ဏီဏီမလိုက်ဘူးလား"

"ဏီဏီငိုနေတယ်ဦး။ ကြီးကြီးမေးတာလည်း ဘာမှမေး လို့မရဘူး။ ချော့လို့လည်းမရလို့ ကြီးကြီးပါစိတ်ညစ်နေပြီ"

"ဟာ. . . ဘာဖြစ်ပြန်ပြီလဲ"

"သွားကြည့်ချော့လိုက်ပါဦး, သားရယ်။ လာ. . . မြေးက သွားနဲ့လိုက်ခဲ့"

"အဝတ်လဲပြီးမှခေါ်ခဲ့မယ်မေမေ။ မေမေပဲ အခန်းထဲပြန် နှင့်ပါ"

"အေး"

အေးဘုံစေ့သွားခဲ့သည့်တံခါးကို တွန်းဖွင့်လိုက်တော့ အန် ဆီလေးက သူ့ကိုမြင်သည်နှင့် ဆီးကြိုပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



"သားရယ်. . . ဂျီဂျီတော့ ဘာဖြစ်လာတယ်မသိဘူး။ ငိုလို့ချည်းနေတာ။ ချော့မရဘူး"

"ခု. . . ဘယ်မှာလဲအန်တီလေး"

"သူ့အိပ်ခန်းထဲမှာ"

"ကျွန်တော်မေးကြည့်ဦးမယ် အန်တီလေး။ အသည်းတုံးကိုအဝတ်အစားလဲပေးပါနော်"

"အေးအေး, သား. . . လာမြေးလေး"

အသည်းတုံးကို အန်တီလေးခေါ်သွားစဉ် သူမအိပ်ခန်းတံခါးကို သူခေါက်လိုက်ပါ၏။ ဘာဖြစ်ပြန်ပြီလဲ ဂျီရယ်။ မင်းရဲ့မျက်ရည်တစ်စက်ဟာ ကိုယ့်နှလုံးသားကိုတစ်စစီဖွဲ့ချေနိုင်မှန်း သိရဲ့သားနဲ့။

"ဒေါက်!. . . ဒေါက်! "

"ဂျီ, တံခါးဖွင့်ဦး. . . ဘာဖြစ်လဲ. . . ဂျီ"

တံခါးဖွင့်သံနှင့်အတူ အိပ်ခန်းဝမှာ မျက်ရည်စက်လက်နှင့် မိန်းကလေးက သူ့ရင်ခွင်ထဲပစ်ဝင်လျက် ငိုကြွေးနေပြန်လေ၏။ ရော်. . . ခက်နေပြန်ပါပြီ။

"ဂျီ. . . ကိုယ်မေးနေတယ်လေ။ ဘာဖြစ်လဲပြောမှပေါ့။ ဒီမှာ ကိုယ်အရမ်းစိုးရိမ်လာပြီ"





"ကိုလင်း. . . ဂျီတော့. . . ဂျီတော့မှားပြီ"

"ဟာ. . . ဘာမှားတာလဲဂျီရဲ့။ အရင်းမရှိအဖျားမရှိ ကိုယ်နားလည်အောင်ပြောပြမှပေါ့။ လာလာ. . . ဧည့်ခန်းမှာခဏထိုင်ဦး"

သူမလက်ကလေးကိုဆွဲ၍ ဧည့်ခန်းထိုင်ခုံမှာထိုင်ခိုင်းလိုက်ပြီး သူမကိုစိုက်ကြည့်နေမိသည်။ ကြည့်စမ်း. . . ငိုနေလိုက်တာများ ဝမ်းနည်းပက်လက်ပါလား။

"လွန်ခဲ့တဲ့. . . လွန်ခဲ့တဲ့လေးနှစ်တုန်းက ဂျီတို့အိမ်ကို သသားအရွယ်ကလေးလေးတစ်ယောက်ပိုက်ပြီး မမပြန်ရောက်လာခဲ့တာ"

"အင်း"

"မမကလေ, တော်တော်မကျန်းမာလာပုံပဲ။ ဂျီ့လက်ထဲကို ဒီကလေးလေးနဲ့ဓာတ်ပုံကိုထည့်ပေးပြီးတာနဲ့ ဂျီ့ရင်ခွင်ထဲမှာပဲ အသက်ထွက်သွားခဲ့တာပါ"

"ဟုတ်ပါပြီ. . . ကိုယ်သိပါတယ်ဂျီရယ်။ ပြီးခဲ့တာတွေပြီးပါစေတော့။ ဂျီသိပ်ပင်ပန်းနေပြီ"

"အဲဒီ. . . အဲဒီဓာတ်ပုံထဲကလူကို ဂျီက. . . ဂျီက ကိုလင်းလို့ပဲထင်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ဟုတ်တယ်လို့ပဲထားလိုက်ပါတော့ ဏီရယ်"

သူမ ခေါင်းကိုသွက်သွက်ခါယမ်းလိုက်လေ၏။

သူဘာကိုမှနားမလည်ဘဲ သူမဆက်အပြောကိုသာ စောင့်လိုက်ရတော့သည်။

"မဟုတ်ဘူး ဏီ. . . ဏီ. . . အမှားကြီးမှားခဲ့တာပဲနော်။ ကိုလင်းကို မတရားစွပ်စွဲခဲ့တာတွေများပြီ။ ဏီတော်တော်လွန်ခဲ့တာပဲ"

"ကိုယ်နားလည်ပါတယ် ဏီရယ်။ အားလုံးကို ကိုယ်ခွင့်လွှတ်ထားပြီးသားပါ"

"ခု. . . ခု. . . ဏီ့အသည်းတွေကွဲရတော့မယ်"

"ဘယ်လို"

"ဟုတ်တယ်ကိုလင်းရဲ့. . .၊ ဏီ့ရင်ထဲဝင်ကြည့်ပေးပါ။ အသည်းတုံးကို ဏီပြန်မပေးနိုင်ဘူး။ ဏီသိပ်ချစ်တဲ့တူလေးကို ဏီမခွဲနိုင်ဘူး"

"ကိုယ်သိတယ်လေ ဏီရယ်. . . ဘယ်သူက ဏီ့ဆီကနေ အသည်းတုံးကိုပြန်တောင်းနေလို့လဲ။ စိုးရိမ်စရာမရှိတာကို ရှာကြံပြီးပူပန်နေ။ တိတ်တိတ်. . . ကြည့်ပါဦး။ ငိုထားတာ မျက်နှာတစ်ခုလုံးယောင်နေပြီ"





"ကိုလင်းမသိသေးဘူးလား"

"ဘာကိုလဲဏီ"

"အသည်းတုံးရဲ့အဖေ ကိုလင်းတို့အခန်းထဲရောက်နေပြီလေ"

"ဘာ! "

"ဟုတ်တယ်. . .။ ဏီ့အသည်းကိုခွဲထုတ်မယ့်လူ အခုရောက်နေပြီကိုလင်းရဲ့"

သူ့အံ့ဩစွာဖြင့် ရုတ်တရက် တစ်ကိုယ်လုံးတောင့်တင်းသွားရလေတော့သည်။ ဘုရားရေ. . . လောကကြီး ဘာတွေဖြစ်ကုန်ပြန်ပြီလဲ။

စေ့ရုံစေ့ထားသည့်တံခါးကိုတွန်းဖွင့်၍ ဒေါ်အေးအေးစိမ့် …တ်ခန်းထဲဝင်လိုက်သည်။ မမြိုင်တစ်ယောက် တံခါးသော့ပိတ် …မေ့ပြန်ပြီထင်ပါရဲ့။

"မမြိုင်. . . တံခါးပိတ်တာမမေ့ဖို့ သေချာမှာထားရဲ့သား [illegible]. . . ဟင်"

ညှိခန်းခုံမှ ဆတ်ခနဲထရပ်လိုက်သည့်လူရိပ်ကြောင့် လန့်…၍ကြည့်လိုက်မိသည်။ ဗုဒ္ဓေါ. . . သားငယ်နှင့်ချွတ်စွတ်တူလှ…သည့်လူငယ်လေးတစ်ယောက်ပါလား။ ဒါဆိုရင်. . .

www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"သား. . . သားကြီး"

ရင်ခွင်ထဲပြေးဝင်လာသည့်သားကြီးကို အလိုက်သင့်ပွေ့ဖက်ရင်း ဆက်တီပေါ်ထိုင်ချလိုက်ရ၏။ ကြည့်စမ်း. . . နှစ်အစိတ်နီးပါးခွဲခွာခဲ့ရသည့်သားကြီးကို အခုမှပြန်တွေ့ခွင့်ရပြီပေါ့။

"သားကြီး. . . တစ်ယောက်တည်းလား,သား"

"ဖေဖေ. . . ဖေဖေက LA မှာ ဒီနှစ်လဆန်းပိုင်းမှာပဲ ဆုံးသွားပါပြီမေမေ"

"ဩော်"

"အန်တီကြီးနဲ့တစ်နှစ်ပဲကွာပါတယ်"

"ဖြစ်မှဖြစ်ရလေ. . . မမသီရိကော ကိုသူရပါ ဆုံးရှာပြီကိုး"

"ဖေဖေက ကွယ်လွန်ခါနီးမှ မေမေနဲ့ညီလေးအကြောင်းကိုဖွင့်ပြောခဲ့တာပါ။ ကျွန်တော်နဲ့အတူ ရွှေတောင်ကြားလမ်းအိမ်ကိုလိုက်နေပါမေမေ။ ပြီးတော့ ဖေဖေထားခဲ့ပေးတဲ့အမွေတွေကိုလည်း လက်ခံပေးပါ"

"မေမေ အဲဒါတွေမမက်ပါဘူးသားရယ်။ သားနဲ့ အခုပြန်ဆုံခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ။ တကယ်ပါ. . ."





"မေမေ. . . အသည်းတုံးဆိုတာ"

"ဟုတ်တယ်. . . သားရဲ့သားလေးပါပဲ"

"ဒါဆို မေမဒီရော"

"သူ. . . အသည်းတုံးလသားအရွယ်လေးကတည်းက ဆုံးသွားပါတယ်သားရယ်"

တံခါးကိုတွန်းဖွင့်၍ပြေးဝင်လာသည့်ကလေးလေးက သူ့ကိုမြင်သွားတော့ ရပ်သွားလေ၏။ ကြည့်ပါဦး သူနှင့်ချွတ်စွပ်တူလွန်းနေပါသည့် သူ့သွေးသားလေးပါလား။

"သား"

"မြေး. . . လာလေ. . . ဒါမြေးရဲ့ဖေဖေပဲ"

"ဟင့်အင်း"

"လာပါသားရဲ့။ ဖေဖေလေ. . . သားရဲ့ဖေဖေပါ"

စွေ့ခနဲကောက်ချီလိုက်ပါသည့်သူ့လက်ထဲမှ အသည်းတုံးက အတင်းရုန်းကန်တွန့်လိမ်နေလေ၏။

သူ့ချော့မြှူ၍ထိန်းနေစဉ် အခန်းဝမှ လူရိပ်တစ်ခုကိုတွေ့လိုက်ရလေသည်။ သူနှင့်ရုပ်ရည်ရော၊ အရပ်အမောင်းပါတူလွန်းနေသည့်အမြွှာညီလေးပါလား။

"ဟင့်အင်း. . ဟင့်အင်း. . . ဖေဖေရေ"

www.burmeseclassic.com

www.burmeseclassic.com

ရှုန်းကန်၍မရတော့ ညီလေးဆီလက်ကမ်း၍အော်လိုက်သည့်ကလေးကို ကော်ဇောထက် သူချပေးလိုက်ရ၏။

အသည်းတုံးက ညီလေးရင်ခွင်ထဲသို့ အပြေးခိုဝင်သွားလေသည်။ သူ့ရင်ထဲကျင်ခနဲခံစားမှုနှင့်အတူ မီးစနှင့်အထိုးခံလိုက်ရသလို အခံရခက်လေစွ။

## အခန်း ( ၁၅ )

"ဟာ. . . ဒါတော့မတရားရာကျတာပဲ။ စဉ်းစဉ်းစားစား သည်းလုပ်ပါကိုကို"

"ဘာကိုစဉ်းစားဖို့လိုလို့လဲ ညီ။ အဖြေက ရှင်းရှင်းလေးပါပဲ။ မေမေရယ်၊ ကိုယ်ရယ်၊ ညီရယ် အိမ်မှာအတူပြန်နေကြမယ်။ ဒီတော့. . . ကိုယ့်သားကို တစ်ပါတည်းခေါ်သွားတော့မှာပေါ့။ ဒီဒီမရှိတော့တဲ့ဟာ။ သားကိုစောင့်ရှောက်ဖို့တာဝန်ကို ကိုယ်ယူရမှာလေ။ ဘာကိုစိုးရိမ်နေတာလဲ"

"ဇာဇာက အသည်းတုံးကို လသားအရွယ်လေးကတည်းက ပြုစုစောင့်ရှောက်လာခဲ့တာပါကိုကို။ ဒီအရွယ်ထိတွယ်လာခဲ့





www.burmeseclassic.com

www.burmeseclassic.com



[illegible]ယောဆွဲတာ နည်းတာမှမဟုတ်ဘဲ။ ကိုကို့ကိုယ်ချင်းစာပေး နော်"

"ဟုတ်တယ်လေ, အမေကမရှိတော့လို့ အဖေက ရပ်ဝေးမြေခြားရောက်နေတာမို့ အဒေါ်တစ်ယောက်အနေနဲ့ သူတာဝန်ယူခဲ့တာ ကိုယ်နားလည်သားပဲ။ ကျေးဇူးလည်းတင်တယ်။ ဒါပေမဲ့ အဒေါ်က အဒေါ်ပဲလေ,ညီ"

"ကိုကို အဲဒီလိုပြီးစလွယ်မဆုံးဖြတ်ပါနဲ့။ အသည်းတုံးနဲ့ ခွဲရရင် ဏီဏီသေမှာဗျ"

"တျှတ်. . . အဓိပ္ပာယ်မရှိဘူးညီ။ သူလည်းအချိန်တန်ရင် သူ့အိမ်ထောင်နဲ့သူဖြစ်လာမှာပဲ။ ကိုယ်က မတရားသဖြင့်တောင်းဆိုနေတာမဟုတ်ဘူးနော်။ ကိုယ်ပိုင်ဆိုင်သင့်တဲ့ကိုယ့်သွေးသားကို ပြန်တောင်းနေတာ"

"ပြောရခက်လိုက်တာကိုကိုရာ။ ဏီဏီက အသည်းတုံးကို ဘယ်နည်းနဲ့မှပြန်ပေးနိုင်မှာမဟုတ်ဘူး။ ကိုကိုစွန့်ပစ်ထားခဲ့တဲ့နှစ်တွေလည်းကြာခဲ့ပါပြီ။ ထားလက်စနဲ့ထားလိုက်ပါတော့လားဗျာ"

"ညီ. . . အသည်းတုံးက ကိုယ့်သွေးသားနဲ့ဖွဲ့စည်းထားတဲ့ ကလေးတစ်ယောက်နော်။ ကိုယ် တရားသောနည်းနဲ့အေးအေးဆေးဆေးတောင်းဆိုတာကို လိုက်လျောမှပေါ့။ ဘယ်လိုဖြစ်ပြီး သူ့ဘက်ကို ညီ,ရှေ့နေလိုက်ပေးနေရတာလဲ"

"ကျွန်တော် ကြားထဲက တောင်းပန်နေတာပါကိုကို။ ဏီဏီ ရင်ထဲမှာဘယ်လောက်ထိခံစားနေရမလဲဆိုတာ ကျွန်တော်ပဲသိတယ်"

"ငယ်ငယ်ကတည်းက. . . မိဘမေတ္တာငတ်လာတဲ့သား ကို ဖခင်တစ်ယောက်ရဲ့နွေးထွေးလုံခြုံတဲ့မေတ္တာနဲ့ စောင့်ရှောက်ပါရစေလားညီ။ အခုတောင် အသည်းတုံးက သူ့အဒေါ်ထက် ညီ့ကို ပိုခင်တွယ်နေတာမဟုတ်လား။ ဒါတောင် ညီက ဦးလေးပဲတော်သေးတာပါ"

"ကိုကို. . . ကိုကို, ညီတို့ကိုလိုက်ရှာနေတာဟာ ညီတို့ကို စိတ်ချမ်းသာအောင်ထားဖို့လား။ စိတ်ဆင်းရဲအောင်လုပ်ဖို့လား။ ဘာသဘောလဲဗျာ"

"ညီ. . . ကိုယ်က နွေးထွေးတဲ့မိသားစုအသိုက်အမြုံလေး ကို ဖွဲ့တည်ဖို့မျှော်လင့်ချက်နဲ့ ငပ၎ နဲ့ညီ့ကိုလိုက်ရှာနေခဲ့တာပါ။ ဏီဏီ့စေတနာကိုမစော်ကားပါဘူး"

သူဘာမှပြောချင်စိတ်မရှိတော့ပေ။ ကိုကို့မျက်နှာကိုသာ အထူးအဆန်းသဖွယ်ငေးကြည့်နေမိလေသည်။ ဘဝကိုပျော့ပျောက်နေလာခဲ့တဲ့လူတစ်ယောက်က အခုမှဘဝတစ်ခုကိုပြန်ပေးသည်

www.burmeseclassic.com



ဆောက်ချင်နေတာတဲ့လား။

"ပြီးတော့ လက်ရှိလုပ်နေတဲ့အလုပ်က ညီထွက်ပါ။ ကိုကို့မှာ. . . လုပ်ငန်းတွေအများကြီးရှိပါတယ်ညီ။ အလုပ်သမားတွေကို လက်ညှိုးညွှန်ခိုင်းနိုင်တဲ့အဆင့်မျိုးနဲ့ စီမံအုပ်ချုပ်နိုင်မယ့်နေရာကို. . . ကိုကိုပေးမယ်"

"ကျွန်တော် ဆားနဲ့ပဲစားပါရစေကိုကို။ ရွှေဘုံပေါ်ထိုင်ပြီး စိတ်ဆင်းရဲနေရတာထက် ဆားနဲ့စားပြီးစိတ်ချမ်းသာစွာနေရတာကို ကျွန်တော်ပိုမက်မောပါတယ်"

"မေမေ့ကိုသနားမှပေါ့ ညီ. . . ချို့ချို့တဲ့တဲ့နဲ့ ဘဝကိုရုန်းကန်လာရတဲ့မေမေ့ကို စည်းစိမ်ရှိရှိနဲ့နားခွင့်ရပါစေလား"

"ဘဝဆိုတာကို ဘယ်လိုအဓိပ္ပာယ်ရှိလဲလို့. . . ကိုကိုနက်နက်နဲနဲသိလို့လား။ မေမေပင်ပန်းဆင်းရဲခဲ့တာ. . . မှန်ပါတယ်။ ကျွန်တော်ငယ်စဉ်က စက်ချုပ်ပြီး ကျွန်တော့်ကို ကျောင်းထား၊ ရှာဖွေကျွေးမွေးခဲ့ရတယ်။ ဒါပေမဲ့ မေမေ ညည်းညူဝမ်းနည်းနေမယ်လို့ထင်နေလား။ မေမေစိတ်ချမ်းသာတာ အမှန်ပါပဲကိုကို။ ပညာမစုံသေးတဲ့အရွယ်မှာ ကျွန်တော့်က ရေထမ်း၊ ထင်းခွဲစတဲ့ခွန်အားနဲ့ရင်းပြီး မေမေ့ကိုပြန်ရှာကျွေးခဲ့တာပါ။ ဒီလိုအခြေအနေကို မေမေ့အစ်ကို ဘဘကြီးနဲ့အမွေခွဲပြီးမှနေနိုင်ခဲ့တာ။ ဒီနေ့အထိ မေမေတာ စိတ်မဆင်းရဲခဲ့ဘူးကိုကို။ မေမေ့ရင်ထဲ ဘယ်လိုရှိသလဲဆိုတာကျွန်တော့်လောက် ကိုကိုမမြင်တွေ့နိုင်ပါဘူး"

"ကိုကို့မှာရော မအေကိုတစ်လှည့် ပြန်ပြုစုခွင့်မရှိဘူးလားညီ။ ကိုကို့ဘက်ကိုလည်း. . . ငဲ့ပါဦး"

"အတူတူနေရမှ. . . မေမေ့ကိုပြုစုခွင့်ရတာမဟုတ်ပါဘူးကိုကို။ အဝေးကနေ ကိုကိုအသိအမှတ်ပြုရင်လည်း မေမေကျေနပ်မှာပါ"

ကိုကို့မျက်နှာထက်မှာ အရိပ်တချို့ဖြတ်သန်းသွားလေ၏။ သူရှင်းသည့်ကော်ဇီဆိုင်ရှိ သီးသန့်ခန်းထဲမှာမို့ ဆိတ်ငြိမ်မှုရှိနေပါသည်။ ထင်ပါတယ်။ သူတို့ဘဝထဲကိုဝင်လာခဲ့တဲ့ကိုကိုဟာ ကောင်းသောလာခြင်းမျိုးနှင့်မှမဟုတ်တာဘဲ။

"ညီကပါ. . . မေမေနဲ့အတူ ကိုကို့အိမ်မှာလိုက်နေဖို့ဆန္ဒမရှိဘူးပေါ့"

"ဒါက မေမေ့ဆန္ဒပါကိုကို။ ကျွန်တော်က မေမေ့သားပါ။ မေမေ့စကားကို ဒီနေ့အထိ ကျွန်တော်တစ်ခါမှမဖယ်ရှားခဲ့ဘူး"

"မေမေက ကိုကိုနဲ့လိုက်နေမှာပါ. . . ကိုကိုယုံတယ်။ ဒီတော့ မေမေနဲ့အတူ ညီလိုက်ရမှာပဲ။ ပြီးတော့ ကိုကို့သားကိုပြန်ခေါင်ယူမယ်"





www.burmeseclassic.com

www.burmeseclassic.com



"ကိုကို. . ."

"ဒါကိုယ့်ဆုံးဖြတ်ချက်ပဲ ညီ။ ကိုယ့်ကို ဘယ်သူမှတားဆီး ပိတ်ပင်လို့မရဘူး"

"တကယ်ဆို ကိုကိုဟာ. . . ကျွန်တော်တို့နဲ့အရင်လိုမသိ တဲ့ဘဝနဲ့ပဲ ဝေးဝေးနေသင့်တာ"

ကိုကို့ထံမှ ရယ်သံသဲ့သဲ့ထွက်လာလေ၏။ ထိုမထင်မှတ်ပြုံး က နှုတ်ခမ်းထက်မှာ တွဲခိုနေလေသည်။ ဒီစွဲဆောင်မှုရှိလွန်းတဲ့ မျက်ဝန်းတွေနဲ့ မိန်းမလှလေးတွေရဲ့အသည်းနှလုံးတွေကို အကြိမ် ကြိမ်ကွဲစေခဲ့တာပါလား။

"ကိုယ်ကငယ်ငယ်ကတည်းက လိုချင်တာကိုမရ,ရအောင် ယူတတ်တယ်ညီ။ ကိုယ့်ဘဝမှာ အလျှော့ပေးရိုးထုံးစံမရှိဘူး။ ဒီ တော့ အရှုံးဆိုတာ ကိုယ့်ရာဇဝင်မှာ ကမ္ပည်းမတင်အပ်တဲ့အရာ တစ်ခုပဲ"

သူ,ကိုကို့ကို စူးစူးရဲရဲဖြင့်စိုက်ကြည့်နေမိ၏။ အရာရာဆန့် ကျင်ဘက်တွေချည်းပါလား။ သူ့ထံမှာရှိမနေတဲ့အတ္တတွေက ကိုကို့ ဆီမှာအပြည့်အဝရှိနေတာ တကယ့်ကိုအံ့သြစရာပါပဲ။

"အသည်းတုံးကို ဖာမကျိုဆီက အရင်ဆုံးညင်ညင်သာသာ ပြန်တောင်းမယ်ညီ။ မရရင်တော့. . . ကိုယ် ဘယ်သူ့မျက်နှာကိုမှ



ထောက်စရာမလိုတော့ဘူး။ သားအဖဆိုတဲ့ Gene ကို DNA နည်းနဲ့ ဖြေရှင်းရင် ကိုယ့်ဘက်က ပိုင်ဆိုင်ခွင့်ရဖို့ Hundred Percent ပဲ. . ."

"ကိုကိုဟာ သိပ်ကြောက်ဖို့ကောင်းတဲ့လူတစ်ယောက်ပဲ။ လူ့ကျင့်ဝတ်၊ လူ့စည်းကမ်း၊ လူမှုရေးတွေကို ဘာတစ်ခုမှမငဲ့ကွက် ဘဲ ကိုယ့်အတ္တကိုသာ ရှေ့တန်းတင်တတ်တဲ့လူ။ ဒီလိုလူမျိုးနဲ့အမြွာ ညီအစ်ကိုတော်ရတာ ကျွန်တော်သိပ်ရှက်တယ်"

"အဲဒါ သူရိန်မင်းရဲ့ဘာသာဗေဒပဲလေ, ညီ"

ထိုင်ခုံမှာထိုင်နေရာမှ သူ ဆတ်ခနဲထထွက်လာခဲ့၏။ ခံ ပြင်းစိတ်တို့ကြောင့် တဆတ်ဆတ်တုန်ရီနေသည့်လက်အစုံကို လက် သီးဆုပ်အဖြစ် ခပ်တင်းတင်းဆုပ်ထားလိုက်မိသည်။ မေမေရယ်၊ သူ့ဘဝထဲကိုအတူခေါ်လာခဲ့တဲ့သားနှစ်ယောက်မှာ ဘာဖြစ်လို့မတူ ညီခြင်းတွေ ကွဲပြားစွာပါနေခဲ့ရတာတဲ့လဲ။

လှေကားထစ်တွေကို အပြေးတကြီးဖိနင်းတက်လာခဲ့၏။ အခန်းတံခါးကစေ့ရုံစေ့ထားသဖြင့် သူတွန်းဖွင့်၍ဝင်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲမှာ မေမေနှင့်အတူ ဏီဏီတို့ကိုပါတွေ့လိုက်ရလေသည်။ မျှော်လင့်တကြီးဖြင့်မော့ကြည့်လိုက်သည့်မျက်ဝန်းလေးကိုကြည့်ပြီး သူ့ရင်ထဲမှာ စူးအောင့်စွာခံစားလိုက်ရ၏။ ဏီရယ်. . . ဏီ့ရှေ့မှာ မားမားမတ်မတ်ရပ်တည်ကာကွယ်ခွင့်တွေကို ကိုယ်ရနိုင်ပါ့မလား။

"ဘာတဲ့လဲသား"

သူ့, ခေါင်းကိုခါယမ်းပြလိုက်တော့ ဏီဏီက ဖျတ်ခနဲထရပ်ကာ သူ့အနီးသို့ရောက်လာလေ၏။

"မေမေ. . . ကိုကိုနဲ့လိုက်နေချင်နေပါမေမေ။ ဒါပေမဲ့ ကျွန်တော်တော့ လိုက်နေမှာမဟုတ်ဘူး"

"သား"

"သူရောက်လာကတည်းက ကျွန်တော်ရိပ်မိနေပြီးသားပါ။ ကိုကိုဟာ ကျွန်တော်တို့ဆီကို ကောင်းသောလာခြင်းမျိုးနဲ့လာခဲ့တာမှမဟုတ်ဘဲ"

"ဟင်! "

"သားရယ်. . . သူဟာ ငယ်ငယ်ကတည်းကမေမေ့ရင်ခွေနဲ့ဝေးခဲ့ရတဲ့မေမေ့သားပါ"

"ဒါဖြင့် ကျွန်တော်ကရော မေမေ။ မေမေ့ရင်ခွင်ထဲမှာ ရှင်သန်ခဲ့စဉ်ကာလတစ်လျှောက်. . . ဖေဖေဆိုတာကို ကျွန်တော်





တောင့်တခဲ့ဖူးလို့လား"

"သားရယ်"

"မချမ်းသာရင်နေပါစေမေမေ။ ကျွန်တော်. . . စိတ်တော့အဆင်းရဲမခံနိုင်ဘူး။ သူက သူလိုချင်တာ၊ သူဖြစ်ချင်တာကိုပဲ ဦးစားပေးလုပ်တတ်တဲ့အတ္တသမားပဲ။ သူကောင်းဖို့အတွက်ဆိုရင် ဘယ်သူ့မျက်နှာကိုမှမထောက်ဘူး။ ဘယ်သူ့ကိုမှလည်း ငဲ့ညှာမှာမဟုတ်ဘူး"

"ကိုလင်း. . . ဒါဆို အသည်းတုံးကို"

"ဟုတ်တယ်. . . ဏီ့ဆီက ညင်ညင်သာသာနဲ့တောင်းလို့မရရင် ဆိုင်ရာကနေ ဆေးစစ်ချက်တွေနဲ့တကွ သူတောင်းတော့မှာ"

"အို. . . မပေးနိုင်ဘူး၊ လုံးဝမပေးနိုင်ဘူး။ အသည်းတုံးကို ငယ်စဉ်ကလေးဘဝကတည်းက ဏီထိန်းသိမ်းပြုစုလာခဲ့တာ။ ဏီပဲပိုင်သင့်တယ်၊ မပေးနိုင်ဘူး။ အန်တီလေးရေ. . . လုပ်ပါဦး။ ဒီ့ကိုမကယ်နိုင်တော့ဘူးလား။ ဏီတော့ . . . ဏီတော့ အသည်းတွေကွဲကုန်ပြီ. . . ကယ်ပါဦး"

အန်တီလေးပေါင်ပေါ်မှာ မျက်နှာလေးအပ်ငိုချလိုက်စဉ် အသည်းတုံးမျက်နှာလေးက ငိုမဲ့မဲ့လေးဖြစ်လာတော့၏။ သူပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တံခါးကိုဖွင့်လိုက်စဉ် လေအေးတို့က အပြေးအလွှားလုယက်ဝင်လာလေသည်။ ရင်ထဲမှာပူလောင်လွန်းနေသဖြင့် လေအေးတို့၏အရသာကိုတောင် သူမခံစားနိုင်ခဲ့။

"ဖေဖေ"

အသည်းတုံးက သူ့ရှိရာဆီသို့ပြေးလာသဖြင့် ကလေးကိုကောက်ချီပွေ့လိုက်ရ၏။ သူ့လည်ပင်းကို လက်သေးသေးလေးတွေဖြင့် တင်းတင်းကျပ်ကျပ်ဖက်ထားသဖြင့် သူ့စိတ်ထဲမကောင်းဖြစ်လိုက်ပုံက အမြင့်ဆုံးထိတိုင်။

ဂျီဂျီက ငိုနေရာမှ ဆတ်ခနဲခေါင်းကိုထောင်လိုက်ကာ မျက်ရည်တွေကို လက်ဖြင့်ပွတ်သုတ်လိုက်၏။ ဒီအချိန်မှာ စိတ်ပျက်အားငယ်နေမည့်အစား သူ့ကိုတင်းမာပြတ်သားစွာ သွားရင်ဆိုင်သင့်တာမဟုတ်လား။ ဇာမဏီဆိုတာ ဘာကိုမှအလွယ်တကူအရှုံးပေးတတ်တဲ့မိန်းကလေးမှမဟုတ်တာလေ။

"ဂျီ. . . သူနဲ့သွားတွေ့မယ်"

အခန်းထဲ၌ ဘာသံမှမကြားရအောင် တိတ်ဆိတ်ငြိမ်သက်သွားလေ၏။ မှန်တိုင်းထန်ခါနီး လေငြိမ်နေတာ သဘာဝပဲမဟုတ်ပါလား။

ဂျူ ဂျူ ဂျူ



## အခန်း ( ၁၆ )

ကုမ္ပဏီရှေ့ရပ်ပေးလိုက်သည့် Taxi ပေါ်မှ သူမဆင်းလိုက်သည်။ ဝင်ပေါက်ဝမှာ Doorman ဖွင့်ပေးသည့်မှန်တံခါးမှ သူမဝင်ခဲ့၏။ Escalator မှတစ်ဆင့် အပေါ်ဆုံးထပ်သို့ဆက်တက်လာခဲ့သည်။

ရုံးခန်းထဲမှာ အလုပ်လုပ်နေကြသည့်ဝန်ထမ်းများထဲမှ ခပ်ဖြောင့်ဖြောင့်မိန်းကလေးက ယရပ်၍ သူမကိုမေးလိုက်လေ၏။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်"

"GM ဦးသူရိန်မင်းနဲ့ပါ"

"ဘယ်သူလို့ပြောပေးရမလဲ။ ဘယ်ကုမ္ပဏီကလာတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ရှင့်။ GM နဲ့တွေ့ချင်ရင် ကြိုတင် date ယူထားရပါတယ်"

"ရှင့် Boss ကိုပြောလိုက်ပါ။ ဇာမဏီက အခုတွေ့ချင်ပါတယ်လို့"

စားပွဲပေါ်လက်နှစ်ဖက်ထောက်၍ ခပ်မာမာပြောလိုက်သဖြင့် ထိုမိန်းကလေး အနောက်ကိုခြေတစ်လှမ်းဆုတ်ကာ လန့်သွားလေ၏။ စားပွဲပေါ်ရှိ Intercon မှအသံတစ်ချက်မြည်၍စကားသံထွက်လာလေသည်။

"ပန်းဖူးပွင့် . . . သူ့ကိုလွှတ်လိုက်ပါ"

"ဟုတ် . . . ဟုတ်ကဲ့ရှင့်။ ဒီကနေ ဝင်သွားလိုက်ပါ အစ်မ"

သူမမျက်နှာခပ်တင်းတင်းဖြင့်ပင် မိန်းကလေးညွှန်ပြရာ အခန်းဝသို့အရောက် Remote ဖြင့်ဖွင့်ပေးလိုက်သည့် Aluminium တံခါးကြီးက လျှောခနဲပွင့်သွားလေ၏။ ပြောင်လက်တောက်ပနေသည့်ကြွေပြားခင်းကြမ်းပြင်ပေါ်သို့ သူမ,နင်းလျှောက်ဝင်လိုက်ပါသည်။

Sport Shirt ဖက်ဖူးရောင်ကို အနက်ရောင် Skirt မတိုမရှည်နှင့် ကြိုးသိုင်းဖိနပ်စီး၍ မျဉ်းတစ်ဖြောင့်တည်းလျှောက်လာသည့်ကောင်မလေးကို သူအသာငေးကြည့်နေမိသည်။

သူ့ကိုစူးစိုက်၍ကြည့်နေသည့် မျက်လုံးစိမ်းစိမ်းလေးများ





ာ မီးထတောက်တော့မယောင် စူးလက်လှချည်လား။

မှန်ရောင်စားပွဲရှေ့မှာ မတ်မတ်ရပ်လိုက်ပုံကိုက Style အပြည့်ဖြင့် အလွန်ကြည့်ကောင်းနေသည်မှာအမှန်ပင်။

"ထိုင်ပါ"

"ကျွန်မ ထိုင်ဖို့လာတာမဟုတ်ဘူး"

အလာကြီးပါလား။ နှုတ်ခမ်းတစ်ဖက်တွန့်သွားရုံလေးပြုံးလိုက်မိ၏။ ထီမထင်ဟန်ဖြင့် သူ့ကိုပြန်စိုက်ကြည့်နိုင်သည့်အကြည့်တို့ကို သူအတော်သဘောကျနေမိသည်။

ကြည့်စမ်း! သူ၏ညို့ကြည့်ဒဏ်တွေကို ကြံ့ကြံ့ခံတုံ့ပြန်နိုင်သည့်အာဂမိန်းကလေးပါလား။

"မင်းလာဆွေးနွေးတဲ့ကိစ္စက ခဏနဲ့ပြီးပြတ်မှာမို့လို့လား။ ထိုင်ကြ မင်းညောင်းနေမှာစိုးလို့ပါ"

"မလိုပါဘူး"

"ကဲ . . . ပြောပါဦး၊ လာရင်းကိစ္စလေး"

"ရှင်သိပြီးသားပဲ ဦးသူရိန်မင်းရဲ့ . . . ခုမှမသိချင်ယောင်ဆောင်မနေပါနဲ့။ ကျွန်မက ရှင်အကြောင်းရိုက်တာကိုငြိမ်ခံနေမယ့် ခပ်တုံးတုံးမိန်းမမျိုးမဟုတ်ဘူးဆိုတာ ရှင်မှတ်ထား"

"အားပါးပါး . . . စွာလှချည်လားဇာမဏီ။ မင်းက ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ဖူးတဲ့မိန်းကလေးတွေလို နူးညံ့သိမ်မွေ့ခြင်းမျိုးရှိမနေပါလား"

"ရှင့်လိုလူမျိုးကို ဘာမှသိမ်မွေ့ပြစရာအကြောင်းမရှိဘူး။ ဇာမဏီက မှန်လိုပဲကျင့်တတ်တယ်"

"ကြိုက်တယ်. . . အဲဒီစိတ်ကလေးက ကိုယ်နဲ့ထပ်တူပဲ။ ကြည့်စမ်း. . . ကိုယ်နဲ့စိတ်ဓာတ်ချင်းတူတဲ့မိန်းကလေးဆို အခုမှပဲ ရှာတွေ့တာပါလား"

"အံမာ. . . ကျွန်မက ရှင့်လိုလူတစ်ဖက်သားကိုထောက်ထားငဲ့ညှာစိတ်၊ သနားကြင်နာစိတ်၊ ကိုယ်ချင်းစာနာစိတ်ကင်းမဲ့နေတဲ့လူစားမျိုးမဟုတ်ဘူး"

"ဟင်းဟင်း. . . မင်းရန်လာတွေ့တဲ့ပုံစံလေးကိုက တော်တော်စွဲဆောင်မှုရှိတာပဲ ဇာမဏီ။ မေမဒီနဲ့ အဲဒါတွေကွာတာပေါ့လား"

"တောက်! ရှင်တော်တော်မျက်နှာပြောင်တိုက်တတ်တာပဲ။ ဒီမှာ. . . အသည်းတုံးကို ကျွန်မလုံးဝမပေးနိုင်ဘူး။ ရှင့်ဘုရားရပ်တွေကို ရပ်တန်းကရပ်ပါ။ လေးနှစ်ကျော်ချိန်ထိ သားလို့အသိအမှတ်မပြုဘဲပစ်ထားခဲ့တဲ့ ရှင့်ရဲ့အောက်တန်းကျနေတဲ့စိတ်ဓာတ်ကိုပြန်ရှက်ရင် ရှေ့ဆက်လုပ်မယ့်ဒီအလုပ်တွေကို ရှင့်ခေါင်းထဲကထုတ်ပစ်လိုက်. . . ဒါပဲ"





"ခြိမ်းခြောက်နေတာလား ဇာမဏီ။ ဒါ ကိုယ့် Area နော်။ မင်းမေ့မထားနဲ့"

"ဟင်းဟင်း. . . ဇာမဏီက ကြောက်သွေးပါတဲ့ခပ်ပျော့ပျော့မိန်းမမဟုတ်ဘူး။ ရှင့်ကိုကြောက်နေရင်. . . ကျွန်မ ဒီနေရာကိုရောက်လာဖို့အကြောင်းမရှိဘူး ဦးသုရိန်မင်းရဲ့"

သူက ခပ်လျော့လျော့ရယ်လိုက်ပြီး ဆုံလည်ကုလားထိုင်မှအသာထလိုက်ကာ သူမနှင့်အနီးဆုံးသို့ တိုးကပ်လျှောက်လှမ်းလိုက်၏။

သူမက မျက်နှာတစ်ချက်မပျက်ဘဲ သူ့ကိုခပ်တင်းတင်းမှန်ကြည့်နေလေသည်။

"ဒါဆိုရင် ကိုယ့်ရဲ့ First Step ကို Cancel လုပ်လိုက်ပြီ ဇာမဏီ။ ကိုယ်ကစိန်ခေါ်ရင် မိုးကိုတောင် ဒူးနဲ့တက်တိုက်မယ့်လူစားမျိုးကွ"

သူမ၏မျက်နှာလှလှလေးမဲ့လိုက်သည်ကို တွေ့လိုက်ရ၏။ သူတွဲမိန်းကလေးတွေများ မဲ့ပြရင်လည်း အလှက ပျက်မသွားပါလား။

"တရားရုံးကပဲ စကားဆက်ပြောကြတာပေါ့. . . ဇာမဏီ။ မေမဒီနဲ့ကိုယ် လက်ထပ်စာချုပ်မရှိပေမယ့် အမိကကျတဲ့သက်သေ

www.burmeseclassic.com

www.burmeseclassic.com



တွေ ကိုယ့်ဆီမှာအများကြီးရှိနေတာကို မင်းမမေ့နဲ့။ (၁) မေမဒီနဲ့ကိုယ် သမီးရည်းစားဘဝကို သူငယ်ချင်းတွေသိတယ်။ (၂) မေမဒီကို ကိုယ်ကိုယ်တိုင်စွပ်ပေးခဲ့တဲ့လက်ထပ်လက်စွပ်ကို ဝယ်ပေးခဲ့တဲ့နေ့စွဲနဲ့ဘောက်ချာ ကိုယ်သိမ်းထားတယ်။ (၃) အဓိကအကျဆုံး သက်သေအဖြစ် ကိုယ်တို့နှစ်ဦးရဲ့သွေးသားရင်းချာသားလေး သက်ရှိထင်ရှားရှိနေတယ်။ ကဲ. . . ရုံးတော်မှာထုချေချင်ရင် ကိုယ်က Ready ပဲနော်။ သက်သေအထောက်အထား အဆင်သင့်။ ပြီးတော့ ငွေကြေးလည်း အလုံအလောက်ပါ။ နောက်, ကိုယ့်သားကိုမဟုတ်ပါဘူးလို့ မင်းမျက်စိမှိတ်ငြင်းဆန်နေဦးမယ်ဆိုရင်တော့ ကိုယ့်ရဲ့နောက်ဆုံးကျည်ဆံကိုထုတ်သုံးရမှာပဲ. . . ဇာမဏီ။ ကျွမ်းကျင်တဲ့ဆရာဝန်တွေနဲ့တိုင်ပင်ပြီး ကိုယ့်သားရဲ့ DNAကို စစ်ဆေးကြည့်မယ်ဆိုရင်. . . ”

သူစကားမဆုံးခင် ယိုင်ခနဲဖြစ်သွားသည့် သူမ၏လက်မောင်းပြည့်ပြည့်လေးကို သူဖမ်းဆွဲလိုက်ပါ၏။

“ရှင်. . . လွှတ်. . . ကျွန်မအသားကိုမထိနဲ့။ ရှင်ဟာသိပ်ကိုအတ္တကြီးတဲ့လူ။ ရှင်နိုင်ဖို့တစ်ခုကိုပဲ. . . ဦးနှောက်ထဲထည့်ထားတယ်။ တစ်ဖက်မှာ ဘယ်လောက်အတိုင်းအတာထိ ထိခိုက်နစ်နာသွားမလဲဆိုတာကို နည်းနည်းမှထည့်မတွက်ဘူး။ ရှင့်အတ္တတစ်ခု





အတွက် ကိုယ့်သွေးကဖြစ်တည်လာတဲ့ ကိုယ့်သွေးသားကလေးလေး ရင်ထဲမှာ နာကျင်စေရလေအောင်. . . တောက်! ရှင်ဟာ လူစိတ်လုံးဝမရှိတဲ့လူ။ ရှင့်ကိုမုန်းတယ်. . . သိပ်မုန်းတယ်။ ဒီဘဝမပြောနဲ့ နောက်ဘဝဆက်တိုင်းဆက်တိုင်းကို ခါးခါးသီးသီးမုန်းတယ်”

“ဟင်းဟင်း. . . မင်းအစ်မလည်း မင်းလိုပဲ ကိုယ့်ကိုမုန်းတယ်ပြောပြီး ကိုယ့်ရင်ခွင်ထဲဝင်ခဲ့တာနော်. . . ဇာမဏီ”

“တောက်! ရှင်”

သူမလက်မောင်းကို ဖမ်းဆုပ်ထားသည့်သူ့လက်မောင်းတွေကိုရိုက်ဖြုတ်လိုက်စဉ် သူက သူမလက်မောင်းနှစ်ဖက်စလုံးကို ခပ်တင်းတင်းလေးဆုပ်ကိုင်လိုက်လေသည်။

“ရှင်. . . ဒါဘာလုပ်တာလဲ”

“ကိုယ်ပြောမယ် ဇာမဏီ။ မင်းသိထားဖို့က အသည်းတုံးဟာ အနေးနဲ့အမြန် ကိုယ့်ဆီရောက်လာမှာဆိုတာပဲ။ အေး. . . အသည်းတုံးကို မင်းမခွဲနိုင်ရင် ဒါမှမဟုတ် အသည်းတုံးကို ဘယ်မိထွေးလက်ထဲကိုမှ ထည့်မပေးစေချင်ရင် မင်း, ကိုယ့်အိမ်ကိုဝင်လာခဲ့ဖို့ တံခါးဖွင့်ထားတယ်။ မင်းဆုံးဖြတ်မယ်ဆိုရင်တော့ ကိုယ့်အတွက် စာချုပ်ပေါ်မှာလက်မှတ်ထိုးဖို့တော့ လိုအပ်နေလိမ့်မယ်နော်”



www.burmeseclassic.com

www.burmeseclassic.com

"ဘာ! ရှင်. . . ရှင်. . . လူယုတ်မာ"

သူမလက်တစ်ဖက်မြောက်တက်လာစဉ် သူက ဖတ်ခနဲဆွဲဖမ်းထားလိုက်လေသည်။ သူမလက်ကိုပြန်ရုန်းလိုက်ပါ၏။ သူက လက်ကိုပြန်မလွှတ်သေးဘဲ သူမမျက်နှာနှင့် အနီးဆုံးတိုးကပ်ကာ ခပ်တိုးတိုးလေးပြောလိုက်လေသည်။

"ကိုယ့်ပါးက. . . ရက်ရက်စက်စက်ရိုက်ဖို့ထားတဲ့နေရာ မဟုတ်ဘူးဇာမဏီ။ အမြတ်တနိုးနမ်းရှိုက်ဖို့ထားတဲ့နေရာပါ"

"တောက်! "

သူမ, သူ့လက်ကိုလိမ်၍ ရုန်းထွက်လိုက်တော့မှ သူတအသာလွှတ်ပေးလိုက်လေသည်။ သူမလှည့်ထွက်လာစဉ် သူ့အသံဩဩက သူမနောက်မှလွင့်ပါလာပြန်လေ၏။

"ကိုယ်ပြောတာကို မမေ့နဲ့နော် ဇာမဏီ။ မင်းအတွက်ဆိုရင် ကိုယ့်အိမ်တံခါးက Ever Open ပဲ"

သူမ ဒေါသတွေအလိပ်လိုက်ထွက်လာကာ ကုမ္ပဏီပေါ်မှ အပြေးဆင်းလာခဲ့၏။

စော်ကားတာ. . .

ဟုတ်တယ်။ ဒီလိုအကျင့်တန်တဲ့လူတစ်ယောက်ရဲ့နှုတ်နဲ့ စော်ကားခြင်းကို သူမခံလိုက်ရလေပြီကော. . .။





Taxi တစ်စီးကိုတား၍ အိမ်ကိုပြန်လာခဲ့၏။ လှေကားထစ်တွေကို အင်အားမရှိသလိုတက်လာခဲ့ရင်း လှေကားနောက်ဆုံးထောင့်ချိုးမှာ ဆက်မတက်နိုင်တော့ဘဲ လက်ရန်းပေါ် ခေါင်းငုံ့ချရင်း ငိုကြွေးလိုက်မိလေသည်။

အသည်းတုံးရယ်. . . ဏီဏီ့ရင်တစ်ခုလုံး ပွင့်ထွက်ကုန်ပြီဆိုတာ သားလေးသိနိုင်ပါ့မလား။

နောက်ကျောမှ သိုင်းဖက်လိုက်သည့်လက်အစုံနှင့်အတူ နွေးထွေးလွန်းသည့်ရင်ခွင်ကျယ်ကြီးထဲသို့ သူမရောက်ရှိသွားလေ၏။ ယဉ်ပါးနေကျကိုယ်သင်းရနံ့ကို ရှူရှိုက်လိုက်ရအပြီးမှာ ဘာတစ်ခုမှမပြောနိုင်ဘဲ ကလေးတစ်ယောက်လို ဝမ်းပန်းတနည်းငိုချလိုက်မိပြီး သူမခြေထောက်တွေခွေလာကာ ပျော့ကျသွားသည်ကိုသာ နောက်ဆုံးသိလိုက်ရလေသည်။

"ဏီ. . . ဏီ"

သူ, သူမခန္ဓာကိုယ်ကျစ်ကျစ်လေးကို ဇွေ့ခနဲပွေ့ချီလျက်အပေါ်ထပ်သို့ဆက်တက်လာခဲ့၏။ အန်တီလေးက အသည်းတုံးကို သူ့တိုက်ခန်းထဲပို့ပေးအပြီး ပြန်ထွက်လာသည်နှင့်တိုးသွား၍ သူ့ကိုတံခါးအမြန်ဖွင့်ပေးလိုက်လေသည်။

"ဟယ်! ဘယ်လိုဖြစ်လာရပြန်တာလဲသားရယ်"

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်အပြင်ကပြန်လာရင်း လှေကားမှာ သူငိုပြီး လဲကျသွားတာနဲ့ တိုးသွားတာပါအန်တီ"

"ဘုရား. . . ဘုရား. . . ကံသီပေလို့သာပဲ။ ဒုက္ခပါပဲ ဇော်ရယ်"

"ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်ပါအန်တီ"

"အေးအေး. . . သား"

အေးဘုံဖွင့်ပေးသည့် အိပ်ခန်းတံခါးမှတစ်ဆင့် သူမကို ခုတင်ထက် အသာတင်ပေးလိုက်၏။ ခေါင်းရင်းပြတင်းတံခါးကို တွန်းဖွင့်လိုက်ပြီး သူမ၏လက်သွယ်သွယ်လေးတွေကို ဆုပ်ကိုင်ထား မိသည်။ ခပ်စိပ်စိပ်ရှည်လျားလှပသည့် မျက်တောင်နက်နက်လေး တွေကို သူငေးကြည့်နေမိ၏။ ဇော်ရယ်. . . ဇော်ခံစားနေရတဲ့ဝေဒနာ တွေနဲ့ထပ်တူ ကိုယ်လည်းခံစားနေရတယ်ဆိုတာ ဇော်သိအောင်လို့ ကိုယ်ဘယ်လိုပြောပြရမလဲကွယ်။

ဆရာဝန်ရောက်လာပြီး ဆေးထိုး၊ အကြောဆေးသွင်းပြီး ပြန်သွားချိန်ထိ သူမအနီးမှာ သူထိုင်စောင့်နေမိ၏။ ဘယ်လိုစကား တွေကိုများကြားခဲ့ရလို့ ဒီလောက်ထိ ဇော်စိတ်ထိခိုက်သွားရတာလဲ။ ဇော်ရယ်. . . ဇော့်ကိုစော်စော်ကားကားတင်တင်စီးစီးပြောဖို့ထားပါ ဦး။ ဇော့်ကိုစေ့စေ့ကြည့်တဲ့မျက်လုံးတွေကိုတောင် မကျေမနပ်ဖြစ် နေမိတဲ့ ကိုယ့်ရဲ့အတွေးခြင်းတွေကို ကိုယ်ဖွင့်မပြောဘဲ ဇော်အလိုလို သိတတ်ရင် ဘယ်လောက်များကောင်းလိုက်မလဲကွယ်။

ရှည်လျားသည့်မျက်တောင်လေးများ လှုပ်ခတ်ကာ မျက် ခွံလေးတွေ ဖွင့်ကြည့်လာလေ၏။ သူ့ကိုမြင်လိုက်သည်နှင့် လက် တမ်းပေးလိုက်သဖြင့် အန်တီလေးရှေ့မှာပင် သူ့သူမလက်ကလေး ကို ပြန်ဆုပ်လိုက်မိသည်။

"ဇော်"

"ကိုလင်း"

"ဇော်ရယ်. . . သူ့အကြောင်းကိုသိလို့မသွားဖို့ ကိုယ်အတန် တန်တားမြစ်ခဲ့တာပေါ့"

"ကိုလင်း. . . ဇော်. . . ဇော်. . . အသည်းတုံးကို သူ့ကိုပဲ ပေးလိုက်ပါတော့မယ်"

မျက်ရည်စီးကြောင်းနှစ်ခုက ပါးပြင်ထက် ပေါက်ခနဲစီးကျ သွားလေ၏။ သူ့ရင်ထဲကျင်ခနဲဖြစ်သွားကာ သူမလက်လေးကိုပို၍ တင်းကျပ်စွာဆုပ်ကိုင်လိုက်ပါသည်။

"ဇော်. . . ဇော်. . . သိပ်ချစ်တဲ့အသည်းတုံးကို ဘာတစ်ခု လေးမှ မနာကျင်စေချင်ပါဘူး။ ဒါကြောင့် ဇော်. . . ဇော်. . . ရင်ကွဲ ဆိုတ်ပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

“ဏီရယ်”

“တရားဆိုင်လည်း ဏီတို့ဘက်ကရှုံးရမယ့်အတူတူ လူသိရှင်ကြား အရှက်ကွဲရမယ့်အစား သူ့ . . . သူ့လက်ထဲကို အသည်းတုံးလေးထည့်ပေးလိုက်တာဟာ အသင့်တော်ဆုံးပါပဲ”

သူဘာဆက်ပြောရမည်မှန်း မသိနိုင်တော့ဘဲ သူမမျက်နှာလေးကိုသာ မချိတင်ကဲ တစိမ့်စိမ့်ငေးကြည့်နေမိပါတော့သည်။

“သူဟာ သိပ်ကြောက်စရာကောင်းတာပဲကိုလင်းရယ်၊ ဏီ . . . ဏီ . . . အသည်းတုံးကိုမခွဲနိုင်ရင် ဏီ့ကို . . . ဏီ့ကိုအပိုင်သိမ်းမယ်လို့”

“ဟာ . . . ဒါဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး။ ကိုယ်သဘောမတူဘူးဏီ။ ကိုယ် . . . ဏီ့ကိုမခွဲနိုင်ဘူး။ သူ့သားကိုပိုင်ချင်တာအကြောင်းပြပြီး ဏီ့ကို ဒီလိုအပိုင်သိမ်းဖို့ကြံစည်လို့ရမယ်များမှတ်နေလားဏီ။ ကိုယ် . . . ဏီ့ကိုသိပ်ချစ်တယ်။ ကိုယ့်နှလုံးသားတစ်ခုလုံးကိုတော့ သူ့လက်ထဲထည့်မပေးနိုင်ဘူး။ အို . . . ရှုပ်ပါတယ်၊ အသည်းတုံးကို တရားရုံးမှာရင်ဆိုင်ပြီး လုရလုရ . . . ကိုယ်ရအောင်လုမှာပဲ”

“မဖြစ်ပါဘူးကိုလင်းရယ်။ ဏီတို့ဘက်က အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းတာပဲ အဖတ်တင်မှာပါ။ သူက အလုပ်တစ်ခုတ်အကွက်ကျကျနဲ့ အပိုင်လုပ်တတ်တဲ့လူစားမျိုးဆိုတာ ကိုလင်းမေ့မထားနဲ့လေ”

“ဏီရယ် . . . ကိုယ် . . . ဘာဆက်လုပ်ရမလဲ၊ ဏီ့အတွက် အသည်းတုံးအတွက် ကိုယ်ဘာမှမစွမ်းဆောင်နိုင်တော့ဘူးလား။ ကိုယ်ဒီလောက်တောင်မှ အသုံးမကျတော့ဘူးလားကွာ”

“စိတ်ကိုလျှော့လိုက်ပါတော့ ကိုလင်းရယ်၊ နံရံကို ခေါင်းနဲ့ပြေးဆောင့်လို့ နံရံကြီးပြိုကျလာမှာမှမဟုတ်တာပဲ၊ မိုက်ရူးရဲဆန်တဲ့အပြုအမူမျိုးလုပ်ဖို့ မစဉ်းစားပါနဲ့။ ဏီ့ကိုတကယ်ချစ်တယ်ဆိုရင် ဏီ့စကားကိုနားထောင်ပါ။ ဏီမရှိတဲ့အချိန်မှာပဲ အသည်းတုံးကို သူလာခေါ်သွားပါစေ . . .။ အသည်းတုံးရဲ့ဝမ်းပန်းတနည်းငိုကြွေးသံကို ဏီမကြားပါရစေနဲ့။ ကလေးရဲ့အသံကိုကြားရုံနဲ့တင်ပဲ . . . ဏီ နှလုံးရပ်သွားရပါလိမ့်မယ်”

“ဏီရယ်”

“ကလေးကိုသေချာချော့မော့ပြောဆိုပြီး ထည့်ပေးလိုက်ပါနော်။ သူ့ဆီရောက်ခါစတော့ ကလေးက စိမ်းပြီးငိုယိုနေဦးမှာပဲ။ ဒါပေမဲ့ ကြာလာရင် သွေးကစကားပြောလာမှာလေ”

ပါးပြင်ထက် ထပ်စီးကျလာသည့်မျက်ရည်တို့ကို သူအသာအသာသုတ်ပေးလိုက်ရင်း ခေါင်းကိုမညိတ်ချင်ပါဘဲ ညိတ်လိုက်ရ







www.burmeseclassic.com

www.burmeseclassic.com

ပါ၏။

ဒီလိုစိတ်ဆင်းရဲရသည့်ရက်တွေကို ဘယ်နေ့ဘယ်အချိန်ထိ ကိုယ်နဲ့ဇာ် ဖြတ်သန်းနေရဦးမှာလဲကွယ်။ သက်ပြင်းမောတစ်ချက်ကိုသာ မသိမသာကျိတ်ချလိုက်မိလေသည်။

ဂု ဂု ဂု



အခန်း ( ၁၇ )

အသည်းတုံးက ခေါင်းကိုတွင်တွင်ခါယမ်းလိုက်လေ၏။ …ဝဲလာသည့်မျက်ရည်စတို့ကိုအသာသိမ်းလိုက်ပြီး အသံကိုမတုန် …အောင်သတိထားကာ သူစကားကိုဆက်ပြောရလေသည်။

"အသည်းတုံး. . . ဖေဖေပြောတာကို နားထောင်မှပေါ့။ …ကလိမ္မာတယ်လေနော်"

"ဟင့်အင်း. . . ဖေဖေ. . . သား ဖေဖေနဲ့ပဲနေချင်တယ်။ …ဖေနဲ့ပဲနေပါရစေ"

"သားရယ်. . . အဲဒီဦးဦးနဲ့ သားအရင်လိုက်သွားပြီးဖေ …ဖေတို့ နောက်ကလိုက်လာခဲ့မယ်လေနော်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆိုလည်း ဖေဖေတို့နဲ့အတူတူသွားကြမယ်လေ ဖေဖေ ရယ်. . . နော်. . . နော်”

“ဖေဖေနဲ့ဘွားဘွားရော. . . ဏီဏီပါ ပစ္စည်းတွေသိမ်းရ ဦးမှာလေသားရဲ့။ သားမြင်တယ်မဟုတ်လား။ ဒီမှာစားပွဲတွေခုံတွေ ဖေဖေတို့သိမ်းရဦးမှာ”

“ပစ္စည်းတင်တဲ့ကားနဲ့ သားလိုက်လို့မရဘူးလားဖေဖေ”

“အသည်းတုံး. . . သား. . . ဖေဖေ့ကိုမချစ်ဘူးလား”

“သား. . . ဖေဖေ့ကိုအရမ်းချစ်တာပါ”

“ဒါဆို ဖေဖေ့စကားကိုနားထောင်မှပေါ့သားရယ်”

“ဖေဖေ. . . သားကိုမညာပါဘူးနော်”

သူခေါင်းကိုအနိုင်နိုင်ညိတ်ပြလိုက်ရ၏။ ငါးနှစ်ထဲဝင်လာ ပြီမို့ ကလေးအသိဉာဏ်က အတော်လေးကိုကြွယ်ဝနေလေပြီ။

“ညာပြောတာကို ဘုရားမကြိုက်ဘူးနော်ဖေဖေ”

“အင်းပါသားရယ်. . . ဖေဖေတကယ်လိုက်လာမှာပါ”

“ပြီးတော့ သားလည်းမကြိုက်ဘူး”

ရင်ထဲမှာ အလုံးစို့သွားရ၏။ မေမေနှင့်ဏီဏီတို့အားလုံး ဘုရားကိုထွက်သွားကြသည်မို့ အခန်းထဲမှာ သူနှင့်အသည်းတုံးသာ ကျန်ခဲ့လေသည်။





“ဖေဖေ တကယ်ကတိတည်ရမှာနော်”

“အင်းပါ”

“ဒါဆိုရင်တော့. . . အဲဒီဦးဦးနောက်ကို သားလိုက်သွား ပါမယ်။ အဲဒါ ဖေဖေ့ကိုသိပ်ချစ်လို့ပါ။ ဖေဖေ့စကားကိုနားထောင် ပြီး လိုက်သွားမှာပါဖေဖေ။ ဖေဖေလိုက်မလာမချင်း သားထမင်း လည်းမစားဘူး။ အိပ်လည်းမအိပ်ဘူးနော်။ ညကျရင် ပုံပြင်နား ထောင်ပြီးမှအိပ်ဖို့ ဖေဖေ့ကိုသားစောင့်နေမှာ”

“သားရယ်. . .”

သူ့အသည်းတုံးကို တင်းကျပ်စွာပွေ့ဖက်ထားလိုက်မိလေ ၏။ ကလေးကပြောသည့်အတိုင်း တကယ်လုပ်လာရင်တော့ ဒုက္ခ ပဲ။ အသည်းတုံးက တခြားကလေးတွေထက် IQ အရမ်းမြင့်သည့် ကလေးမဟုတ်လား။

“ဖေဖေ့ကို သားသိပ်ချစ်တယ်”

ကလေးကပြောရင်း သူ့ပါးကိုရွှတ်ခနဲနမ်းလိုက်လေ၏။ သူ့အသည်းတုံး၏မျက်နှာအနှံ့ အငမ်းမရနမ်းရှိုက်လျက် ရင်ခွင်ထဲ နစ်နေအောင်ပွေ့ဖက်ထားလိုက်မိလေသည်။

သားရယ်. . . ဖေဖေ့ရင်တွေကွဲကုန်ပါပြီ။ သားလိုက်သွား ရမယ့်လူက သားကိုယ်ထဲမှာ စီးမျောနေတဲ့သွေးသားတွေရဲ့အခြေခံ



www.burmeseclassic.com

www.burmeseclassic.com



ဖခင်တစ်ဦးပါ။ အဖေနဲ့အတူနေရင်း ဖခင်ရဲ့မေတ္တာကို သားလေး အပြည့်အဝရနိုင်မှာပါကွယ်။

စေ့ထားသည့်တံခါးက အသာအယာပွင့်သွားလေ၏။ အထဲဝင်လာသည့်ကိုကို့ကို သူစူးခနဲစိုက်ကြည့်လိုက်ပြီး ကလေးကို ပွေ့ဖက်ထားသည့်လက်တို့ကိုဖြေလျော့ကာ မတ်တတ်ထရပ်လိုက်သည်။

"သား. . . လာလေ"

အသည်းတုံးက သူ့မျက်နှာကို မျက်နှာငယ်လေးဖြင့်မော့ကြည့်လိုက်လေ၏။ သူမျက်တောင်တို့ကို တဖျပ်ဖျပ်ခတ်သိမ်းလိုက်ပြီး တီးတိုးပြောလိုက်ပါသည်။

"အသည်းတုံး. . . သွားလေသား"

ကလေးက သူ့မျက်နှာကိုတမေ့တမောငေးကြည့်နေလျက်မှ မျက်လွှာအသာချလျက် ကိုကို့ဆီ ခပ်ဖြည်းဖြည်းလျှောက်သွားလေ၏။ ကိုကိုက အသည်းတုံးကိုအသာကောက်ချီလိုက်ပါသည်။

"မေမေရော. . . ညီ"

"မတွေ့ချင်တဲ့မျက်နှာကိုမမြင်ချင်လို့ တမင်ရှောင်သွားတာပဲ"

"မေမေ ကိုယ့်ကိုဘာမှာထားသေးလဲ"





"သူ့ဘဝမှာ သော်တာလင်းဆိုတဲ့သားတစ်ယောက်ပဲ ရှိတယ်တဲ့"

ကိုကို့မျက်နှာထက်မှ မဲ့ပြုံးတစ်ခုဖြစ်ပေါ်လာလေ၏။ သူ ခပ်တည်တည်မျက်နှာဖြင့် အသည်းတုံးကိုလှမ်းကြည့်နေမိသည်။ ကလေး၏မျက်နှာလေးကို တစိမ့်စိမ့်ငေးကြည့်နေစဉ် အပြောင်းအလဲများစွာကို သူမြင်လိုက်ရလေ၏။ ပထမစို့တက်လာသည့်မျက်ရည်စများ၊ ဒုတိယ တဆတ်ဆတ်တုန်ရီနေသည့်နှုတ်ခမ်းသေးသေးလေး။

"ကိုယ်သွားတော့မယ်"

"ဖေဖေ. . . သားမျှော်နေမှာနော်"

စကားအဆုံးမှာ ပေါက်ခနဲလွင့်ကြွေသွားသည့်မျက်ရည်စက်ကလေးများ. . .။ လှည့်ထွက်ကာ စေ့ပိတ်လိုက်သည့်တံခါးက အမြင်မှာဝိုးတဝါးဖြစ်သွားလေ၏။ ရင်ထဲမှာ ဖျတ်ခနဲကြွေကွဲမှုနှင့်အတူ သူ တက်တစ်ချက်ကိုခေါက်လိုက်မိလေသည်။

"တောက်! "

"သားရယ်. . . အသည်းတုံးရယ်"

သူ, ထိုင်ခုံပေါ်ပစ်ထိုင်ချကာ ကျိတ်မနိုင်ခဲ[illegible]ဖြင့်ငေ့ကာ နှုန်းသိမ့်သိမ့်တုန်အောင်ငိုချလိုက်မိတော့၏။ မျှော်နေမယ်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေလိုက်မလာမချင်း ထမင်းမစားဘဲစောင့်နေမယ်။ ပုံပြင်နား ထောင်ဖို့ မအိပ်ဘဲစောင့်နေမယ်တဲ့လားသားရယ်။ နားထဲမှာ ဘာ သံမှမကြားရတော့အောင် သတိလက်လွတ် သူငိုကြွေးနေမိ၏။

သံယောဇဉ်ဆိုတာ အဖြတ်ရအခက်ဆုံးကြိုးတစ်ချောင်း မဟုတ်ပါလား။ နာရီမှစက္ကန့်ရွေ့လျားသံက တိတ်ဆိတ်နေသည့် အခန်းထဲမှာ တချက်ချက်နှင့်ကျယ်လောင်စွာမြည်ဟည်းလည်ပတ် နေလေသည်။

ဣ

ညက အခါတိုင်းနေ့တွေထက် ပိုမှောင်မိုက်နေသယောင်။ စားပွဲပေါ်ရှိ စာကြည့်မီးရောင်လေးဖြင့် အခန်းထဲကိုဝေ့ဝဲကြည့် နေမိသည်။ နေရာအနှံ့အပြားမှာ မြင်တွေ့နေရသည့်ပစ္စည်းတို့က အသည်းတုံး၏အငွေ့အသက်နှင့်မကင်းနိုင်ပါလား။ ဗီရိုပေါ်တင် ထားသည့်ပြိုင်ကားလေး၊ ဆက်တီပေါ်မှာလှဲနေသည့် မွေးပွရှေး ရုပ်လေး၊ အိပ်ရာထက်မှာ စောင်လေးခြုံသိပ်ထားသည့်ဝက်ဝံရုပ် လေး၊ အကျီချိတ်တွေဖြင့် မှန်ဗီရိုထဲထည့်ချိတ်ထားသည့်ကလေး ဝတ်စုံများ၊ အခန်းထောင့်တိုင်ရှိ ချိတ်မှာချိတ်ထားသည့်ဦးထုပ်





ရောင်စုံလေးတွေ။

အသည်းတုံးရယ် ခုချိန်ဆို သားလေးဘာတွေလုပ်နေမလဲ။ ညစဉ်သောက်နေကျနွားနို့ပူပူလေး သောက်ဖြစ်ရဲ့လား။ ညအိပ် ရာဝင်ပုံပြင်လေးနားထောင်ဖို့ အိပ်ရာထဲမှာ အဆင်သင့်စောင့်နေ မလား။

"ဏီဏီ. . . သားကိုစကားပြောတတ်တဲ့ရွှေခဲလေးပုံပြင် ပြောပြနော်"

နားထဲမှာ အသည်းတုံး၏အသံလေးကိုကြားယောင်လိုက် သည်မို့ အကြည့်တို့က တစ်ခန်းလုံးကိုလှည့်ပတ်ကြည့်လိုက်မိသည်။ မတွေ့။ အသည်းတုံး၏အရိပ်ကလေးကိုသော်မှ မတွေ့ရတော့ပါ ချေ။ သားလေးရယ်. . . ဏီဏီနဲ့ဖေဖေတို့နဲ့အတူမနေရတော့ပေ မယ့် သားဖေဖေအရင်းရဲ့နွေးထွေးလုံခြုံမှုအောက်မှာ သားလေး ပျော်နိုင်ပါစေလို့ ဏီဏီဆုတောင်းပေးပါတယ်ကွယ်။

ဣ

ခွံ့ကျွေးနေပါသည့်ကိတ်ကို ခေါင်းခါပြသဖြင့် ရှေ့တွင်ရှိ သည့်စားပွဲမှာ တင်ထားသည့်နွားနို့ခွက်ကိုပါ အသာရွှေ့တွန်းလျက်


www.burmeseclassic.com

www.burmeseclassic.com


ငြင်းဆန်လိုက်လေ၏။

"သား. . . မနက်ကတည်းက ဘာမှမစားသေးဘူးနော်။ အခု ညမိုးချုပ်နေပြီ။ ခုချိန်ထိ သားဗိုက်ထဲမှာအစာမရှိရင် ဗိုက်အောင့်လာလိမ့်မယ်"

"သား. . . ဖေဖေ့ကိုစောင့်နေတာပါ"

"သားရယ်. . . သားရဲ့ဖေဖေက ဒီမှာပါ။ သား,ဖေဖေလို့ခေါ်ခဲ့တဲ့သူက သားရဲ့ဦးလေးလေ သားရယ်။ ဖေဖေနဲ့ ဦးဦးသော်ကအမြွှာညီအစ်ကိုတွေမို့ ရုပ်တူနေကြတာပါ။ သားကြည့်ဖူးတဲ့ Tom and Jerry ကာတွန်းကားထဲကလို နှစ်ကိုယ်ခွဲထားတဲ့ကြွက်ကလေးလိုမျိုးလေ။ သားနားလည်တယ်မဟုတ်လား"

ကလေးက သူပြောနေသည့်စကားတွေကိုစိတ်မဝင်စားဘဲ ကြေားသယောင်။ မျက်ဝန်းလေးများက polish တင်ထားသည့် စားပွဲတိုသာ တစိုက်မတ်မတ်ငေးကြည့်နေလေသည်။

"ကိတ်မစားချင်လည်း နွားနို့ပူပူလေးတော့ ဝင်အောင်သောက်လိုက်နော်သား။ ဖေဖေနွေးအောင်မှုတ်ပေးမယ်"

"ဟင့်အင်း"

ကလေးက သူယူတိုက်သည့် နို့ဖန်ခွက်ကို မသောက်ဘဲ ခေါင်းရှောင်လိုက်လေ၏။



"သားသောက်လိုက်ပါကွာ"

"ဖေဖေလိုက်လာတော့မှပဲ သားသောက်မယ်"

"သူလာမှာမှမဟုတ်ဘဲသားရဲ့"

"ဖေဖေက သားကိုညာမပြောဘူးတဲ့။ ဖေဖေလိုက်လာမှာပါ"

"ဟင်း. . . ခက်လိုက်တာသားရာ။ သားဟာ ဖေဖေ့ရဲ့သား။ ဟောဒီက ဖေဖေသူရိန်မင်းက မွေးလာတဲ့ဖေဖေ့သား။ သော်တာလင်းနဲ့ဘာမှမဆိုင်ဘူး။ ပြီးတော့ ဇာမဏီနဲ့လည်း ဘာမှမပတ်သက်ဘူး။ သူရိန်မင်းရဲ့သား လပြည့်အောင်ဟာ သူရိန်မင်းနဲ့ပဲနေရမယ်။ သူရိန်မင်းကိုပဲချစ်ရမယ်။ ဖေဖေကလွဲပြီး ဘယ်သူ့ကိုမှ သားချစ်စရာမလိုဘူး"

ရင်ဘတ်ကိုပုတ်ပြရင်း အဆက်မပြတ်ပြောနေသည့်သူ့ကို ကလေးက မော့ကြည့်နေလေ၏။ မျက်ဝန်းထဲမှာ ဖွဲ့သီလာသည့် မျက်ရည်စတို့ကို သူငုံ့ကြည့်နေမိသည်။ ဖြစ်မှဖြစ်ရလေ။ သွေးသားရင်းမခင်ထက် ဘာမဟုတ်တဲ့ဦးလေးကိုမှ ပိုခင်တွယ်နေရသတဲ့ သား။

"ကဲ. . . သောက်. . . ဒါကုန်ရင် သားအိပ်ရမယ်။ ညဉ့်နက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း. . . သား,ဖေဖေလာမှပဲသောက်မယ်"

"တောက်! "

"ခွမ်း"

စားပွဲပေါ်ရှိနို့ဖန်ခွက်ကို လက်လွှဲရိုက်ချကာ မုန့်ပန်းကန်ပြားကိုပါ ဆွဲယူလွှင့်ပစ်လိုက်၏။ ကလေးခန္ဓာကိုယ်လေး တစ်ချက်တုန်သွားတာကိုမြင်လိုက်မိသော်လည်း ဒေါသက ရင်ဝမှဆောင့်တက်လာလေသည်။

"မင့်တော်တော်ခေါင်းမာတဲ့ကနေလးလေးပါလားကွ။ ဒီအိမ်ဟာ ငါ့အိမ်. . . မင်းဟာ ငါ့သား။ မင်းကလွဲလို့ တခြားဘယ်သူကိုမှ ငါ့အိမ်ထဲလာခွင့်မရှိဘူး။ မင်းမျှော်နေလည်း မင်းချစ်တဲ့သော်တာလင်းက ဒီကိုလိုက်လာမှာမဟုတ်ဘူးကွ။ ဘယ်တော့မှလာမှာမဟုတ်ဘူး။ ဒါကို မင်းခေါင်းထဲမှာမြဲမြဲမှတ်ထား"

ကလေးက သူ့ကိုကြောက်လန့်တကြားဖြင့်ငေးကြည့်နေလေသည်။ သူထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်ပြီး အိမ်ရှေ့ဘက်ကိုလှမ်းအော်လိုက်၏။

"အကြိုင်. . . အကြိုင်၊ ဟော့. . . ငါခေါ်နေတာ မကြားဘူးလား"

"ရှင်. . . လာပါပြီအစ်ကိုကြီး"





"ရှင်ကိုထားခဲ့. . . လူအရင်ရောက်အောင်လာ၊ မြန်မြန်"

အပြေးအလွှားဝင်လာသည့်အကြိုင်က ဖန်ခွက်အကွဲအရှတွေကိုမြင်၍ရပ်သွားလေ၏။

"အဲဒီဟာတွေအကုန်ရှင်း"

"ဟုတ်ကဲ့"

ငြိမ်ငြိမ်လေးထိုင်နေသည့်သားကို ဆွေ့ခနဲကောက်ချီ၍ သူ့အခန်းဘေးရှိအခန်းထဲက မွေ့ရာထူထူထက်ချပေးလိုက်၏။

ကလေးက ခုချိန်ထိဘာမှမပြောဘဲငြိမ်ကုပ်နေလေသည်။

"ကဲ. . . အိပ်တော့"

"ဖေဖေက ပုံပြင်ပြောပြဖို့စောင့်နေခိုင်းထားတယ်"

"လပြည့်အောင်. . . မင်းပါးစပ်က ဒီဖေဖေဆိုပြီးတော့တတဲ့အသံ နောက်ထပ်ငါမကြားချင်ဘူး။ အိပ်ဆိုအိပ်မှပေါ့"

"ဟင့်အင်း. . . သားက ညတိုင်း ဖေဖေပုံပြောတာကိုနားထောင်ပြီးမှအိပ်နေကျ။ သား, ဖေဖေ့ကိုစောင့်ဦးမှာ။ မအိပ်ချင်သေးဘူး"

"အသည်းတုံး. . . မင်းတော်တော်ဂျစ်တဲ့ကောင်ပဲ။ ဖအေက အိပ်ဆိုအိပ်မှပေါ့ကွ"

"ဟင့်အင်း. . . ဖေဖေလာမှ"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ငါရိုက်မိတော့မယ်နော်"

မြောက်တက်လာသည့်သူ့လက်ကို မော့ကြည့်လိုက်ရင်း အသည်းတုံးမျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာလေတော့၏။

"သား. . . သားလေး"

"အီးဟီးဟီး. . . သားဖေဖေက ဒီလိုဒေါသလည်းမထွက်ဘူး။ သားကိုလည်းမအော်ဘူး။ ရိုက်လည်းမရိုက်ဘူး။ ဖေဖေရေ့ သားဒီမှာမနေချင်ဘူး။ သားကိုလာခေါ်ပါ။ သား, ဖေဖေနဲ့ပဲနေချင်တယ်။ ဖီဖီရေ. . . သားကိုလာခေါ်ပါ။ သား, ဖီဖီတို့နဲ့ပဲနေပါရစေ. . . အီးဟီးဟီး"

"သားရယ်"

သူ့ကလေးကိုအတင်းပွေ့ဖက်ထားလိုက်မိလေတော့၏။ အသည်းတုံးလေးကတော့ ဝမ်းနည်းပက်လက်ငိုကြွေးလို့ကောင်းနေဆဲ။ သူစိတ်မထိန်းနိုင်တော့ဘဲ သားနှင့်အတူ မျက်ရည်မဆည်နိုင်အောင်ပင် ငိုချလိုက်မိတော့သည်။

ကံကြမ္မာရယ်. . .

သူ့အပေါ်မှာ ဘယ်လိုအပြုံးအတေးတွေနဲ့များ အခုလိုဖန်တီးပေးလိုက်တာတဲ့လဲ။ မိသားစုမေတ္တာမရလို့ မေတ္တာငတ်နေသူကို ခုချိန်ထိ ဘာဖြစ်လို့မပေးနိုင်ရတာလဲ။ ချစ်ခြင်းတွေဖောဖော သီသီပေးခဲ့တဲ့သူ့ကို စစ်မှန်တဲ့ချစ်ခြင်းတွေက ဘာကြောင့်ရောက်မလာရတာလဲ။

ရင်နာဖို့ကောင်းလိုက်တာ. . .

ကိုယ့်ရင်ကဖြစ်တဲ့ ကိုယ့်သားက ကိုယ့်ကိုနည်းနည်းလေးမှ မခင်တွယ်နိုင်ဘူးတဲ့။ လူများတွေသိကုန်ရင်တော့ သူ့အတွက်ရှက်ဖွယ်လိလိပါလားလေ။

ကြော်. . . မေတ္တာဆိုတာ ပေးသော်ငြား ပေးလို့မရနိုင်သလို လိုချင်သော်ငြား ရင်ထဲမရောက်နိုင်ပါလား။

ငို၍မောမောဖြင့် အိပ်ပျော်သွားသည့်သားကို အိပ်ရာထက်အသာလှဲသိပ်လိုက်ပြီး ဝွမ်းစောင်လေးလွှမ်းခြုံပေးလိုက်၏။ ရှိုဖရဲလေးကျနေသည့်ဆံနွယ်နုနုလေးတွေကို နဖူးပေါ်မှ အသာသယ်ရှားလိုက်ပြီး တယုတယငုံ့မွှေးလိုက်မိသည်။

ရှိုက်သံသဲ့သဲ့ကြားမှာ တီးတိုးယောင်ယမ်း၍ ရေရွတ်လိုက်သံလေးက ဖေဖေတဲ့လား။ သားရယ်. . . သားရင်ထဲမှာ အမြစ်တွယ်စွဲမြဲနေတဲ့ ဒီနှောင်တွယ်ခြင်းတွေကို ဖေဖေဘယ်လိုနည်းလမ်းနဲ့ ဖြုတ်တောက်ပစ်လို့ရနိုင်ပါ့မလဲ။

သားကို ဖေဖေသိပ်ချစ်တယ်. . .

ဖေဖေ, သားကိုမခွဲနိုင်ဘူး. . .





www.burmeseclassic.com

www.burmeseclassic.com

မေမေ့ရင်ခွင်နွေးထဲမှာ လုံခြုံမှုတွေနဲ့ သားကိုခိုလှုံခွင့်ပေးချင်တယ်။

သားကို မေမေချစ်ပါရစေ. . .

တစ်သက်တာပိုင်ဆိုင်ခွင့်ရပါရစေလားသားရယ်။

ဂုဏ် ဂုဏ် ဂုဏ်



## အခန်း ( ၁၈ )

အခန်းတံခါးကိုဖွင့်၍ထွက်လိုက်စဉ် တစ်ဖက်ဘေးခန်း၏အဝမှာ ခြေစုံရပ်နေသည့်သူမကိုမြင်လိုက်ရ၏။ သူ့ကိုမော့ကြည့်လာသည့်ရီဝေဝေအကြည့်လေးတွေကို ကြိုးစားအားတင်း၍ပြုံးပြလိုက်ပါသည်။

သူ့ခြေလှမ်းကိုစရွေ့ချိန်ထိ မလှုပ်မယှက်ရပ်နေသည့်သူမအနီးသို့လျှောက်သွားကာ ဖြေးစက်စက်လက်ဖျားလေးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ပါ၏။

ဝေ့သီလာသည့်မျက်ရည်တို့ကို မျက်တောင်တဖျပ်ဖျပ်ခတ်၍ သိမ်းဆည်းလျက် သူမပြန်ပြုံးပြလိုက်၏။ ထို့နောက် နှစ်ဦး


www.burmeseclassic.com

www.burmeseclassic.com



သားလက်ချင်းဆုပ်တွဲလျက် လှေကားထစ်တို့ကို ဖြည်းဖြည်းချင်း ဆင်းလာခဲ့ကြသည်။ ဘေးဘီကိုမကြည့်ဘဲ ခေါင်းငိုက်စိုက်ချလျက် ကားဂိတ်ရှိရာဆီသို့ ဆက်လျှောက်လာခဲ့ကြ၏။ ဂိတ်ရှေ့ထိုးဆိုက်လာသည့်ကားပေါ်သို့တက်ကာ ကားခကိုသူထုတ်ပေးလိုက်သည်။

"ဘယ်နှယောက်စာ ယူရမှာလဲအစ်ကို"

စပယ်ယာလေး၏အမေးကို သူ့လက်ညှိုးနှင့်လက်ခလယ် ထောင်ပြကာဖြေလိုက်၏။ စပယ်ယာလေးကပြုံးစိစိဖြစ်ပြီး သူမကို လှမ်းကဲကြည့်လျက် စလိုက်လေသည်။

"ဒီတစ်ခါတော့ အစ်ကိုနဲ့အစ်မ စိတ်မကောက်ကြတော့ပါဘူးနော်"

"အံမယ်! ကောက်တော့ရော နင့်အပူပါလို့လား"

လေသံမမာသော်လည်း ပြန်ရန်တွေ့ဖော်ရသဖြင့် သူ ကျိတ်ပြုံးလျက် သူမကိုငုံ့ကြည့်လိုက်၏။ သူမထံမှမျက်စောင်းတစ် ပွင့်ခုန်ထွက်လာပြီး သူ့လက်မောင်းကို ဖျတ်ခနဲဆွဲဆိတ်လိုက်လေသည်။

"ဟာ. . . မောင်ဘာများလုပ်မိလို့လဲကွီရဲ့"

"ကြည့်စမ်း! ဘာမောင်လဲ, ကားပေါ်မှာနော်. . . အရှက်ကိုမရှိဘူး"





"ဖောင်. . . ဇာပဲ မောင့်ကိုမောင်လို့ပဲခေါ်မယ်ဆို"

"ပြောနေတဲ့ကြားက. . . ကဲ. . . မောင်,ချင်ဦး"

သူ့ဗိုက်ခေါက်ကို ဆတ်ခနဲဆွဲလိမ်လိုက်တော့ သူ့အသံထွက် အောင်ပင် ရယ်ချလိုက်မိ၏။ ကားပေါ်ပါလာသည့်ခရီးသည်တွေက သူတို့နှစ်ဦးကိုကြည့်၍ ပြုံးစိစိဖြစ်နေကြလေသည်။ ဆင်းရမည့် မှတ်တိုင်ရောက်တော့ လူဟွေနှင့်အတူတိုးဝှေ့ဆင်းလျက် ကုမ္ပဏီ ထဲသို့ဝင်လာခဲ့ကြ၏။ အေမီက Computer ဖွင့်နေရာမှ လှမ်းပြုံး ပြရင်း နှုတ်ဆက်လိုက်ပါသည်။

"ကိုလင်းရေ. . . ဘယ်လိုလဲ, လမ်းမှာတော်တော်မှုစကား များလာကြရဲ့လား"

"မများပဲရှိမလားအေမီရဲ။ နင်တို့အစ်မက ငါ့ကိုနဂိုတည်းက နိုင်စားနေတာ။ အခုပဲကားပေါ်မှာ လူရှေ့သူရှေ့မရှောင် လက် မောင်းကိုဆွဲဆိတ်လိုဆိတ်၊ ဗိုက်ခေါက်ဆွဲလိမ်လိုလိမ်နဲ့"

"ဟယ်. . . တကယ်လား"

"တကယ်ပေါ့"

"ကြည့်စမ်း. . . လူတစ်ယောက်လုံးကို ဘေးမှာထားပြီး အတင်းအုပ်နေကြတယ်ပေါ့လေ. . . လာခဲ့"

"အား"



www.burmeseclassic.com

www.burmeseclassic.com



သူနာ့းရွက်ကိုဆွဲ၍ မန်နေဂျာရုံးခန်းထဲဝင်လာခဲ့တော့ ရှေ့အခန်းထဲမှရယ်သံတွေ ဝေါခနဲကြားလိုက်ရလေ၏။ ဦးမောင်မောင်ကြီးက မျက်မှန်ပင့်ကြည့်လျက် သူတို့နှစ်ယောက်ကို မျက်စောင်းခဲလိုက်လေသည်။

"ဟိုနှစ်ကောင် ဘာဖြစ်လာကြပြန်လဲ"

"ဘာမှမဖြစ်ပါဘူးအစ်ကို"

"မိဇာမဏီနော်. . . နင့်ထက်အကြီးကို ကျပ်ကျပ်အနိုင်ကျင့်. . . သိလား။ ဟိုတစ်ကောင်ကလည်း ဖွတ်ကိုအလိုလိုက်တာနဲ့ ဒင်း. . . ကမ်းတက်နေတာ"

"ကိုကြီးနော်"

"ပြောလိုက်ရင် ပြန်ပက်ဖို့ပဲသိ။ သွား. . . မနေ့ကစစ်ထားတဲ့ File တွေယူလာပေး"

သူမ အစ်ကိုကြီးကိုမျက်စောင်းခဲလိုက်ပြီး စားပွဲရှိရာဆီသွား၍ အံဆွဲထဲသိမ်းထားသည့် File တစ်ထပ်ကို သွားယူလိုက်လေ၏။

"ဗိုးသော်. . . လှိုင်သာယာစက်မှုဇုံကိုသွားရမယ်"

"ဗျာ! အကြွေးလိုက်တောင်းရဦးမှာလား"

"ဒါပဲပေါ့. . . တို့အလုပ်က Container ငှားပြီးရင် ရှေ့





လိုက်သိမ်းရတာပဲ"

"ဟာ. . . တခြားလူခိုင်းပါလားအစ်ကိုရာ"

"လာပြန်ပြီ. . . ဆင်ခြေဆင်လက်ဆင်နားရွက်တွေ။ လူကြီးကခိုင်းရင် မငြင်းဘဲလုပ်ဖို့မစဉ်းစားဘူး"

"ဒါဆို ဏီဏီနဲ့သွားမယ်"

"ဏီဏီမအားဘူး။ တောင်ဥက္ကလာစက်မှုဇုံကိုလွှတ်ရမှာ။ ဒီလောက်အလုပ်ရှုပ်နေတဲ့အချိန် အီကြာကွေးက လုပ်ချင်နေသေးတယ်"

"အာ. . . မဟုတ်ပါဘူးအစ်ကိုရ"

"ဘာမဟုတ်ရမှာလဲ. . . သွား. . . ကိုယ့်ဘာသာကိုယ်"

သူနှာခေါင်းရှုံ့လိုက်ပြီး ရုံးခန်းထဲမှအထွက် အပြင်မှဝင်လာသည့် သူမဒေါက်ဖိနပ်က ကတ္တီပါဖိနပ်ဝတ်ထားသည့်သူ့ခြေထောက်ကို ခွပ်ခနဲတက်နင်းမိလေ၏။

"အားလားလား. . . နာလိုက်တာ"

"ဟယ်. . . ဉီးဖွ. . . ဉီးဖွ"

"ကိုယ်ပြောထားတယ်လေ။ ဏီ့ကို ဒီခွာမြင့်တွေမစီးပါနဲ့တော့ဆိုမှ"

"အို. . . ဏီက ဒီFashion ပဲကြိုက်တာပါဆိုမှပဲ ဒါပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာပဲ။ ဘာမှန်းလည်းမသိဘူး”

“ဟိုနှစ်ကောင်ပြောနေတဲ့ကြားက ရအောင်ကိုက်နေကြပြန်ပြီ၊ ခိုင်းထားတာ သွားကြတော့လေ. . . ကိုးနာရီခွဲနေပြီ”

သူနှင့်သူမ ရှေ့ဆင့်နောက်ဆင့်အမြန်ပြေးထွက်ကာ သူမက မောင်ချိုလိုက်ပို့သည့်ကားပေါ်တက်သွားပြီး သူက ကုမ္ပဏီမှကားဖြင့်ပင် မောင်းထွက်လာခဲ့တော့သည်။ ရင်ထဲမှဝေဒနာတွေကို လူတွေမမြင်မသိအောင် ဟန်ဆောင်ဖုံးကွယ်နေကြရင်း အားလုံးကလည်းအလိုက်တသိဖြင့် သူတို့ကိစ္စကိုထုတ်မမေးကြ။ မန်နေဂျာကလည်း မွှေမွှေပျောက်ပျောက်ဖြစ်အောင် အလုပ်တွေဖိခိုင်းနေမှန်းသိသာနေပါသည်။ အသည်းတုံးလေးရေ. . . ခုချိန်ဆို သားဘာတွေလုပ်နေမလဲကွယ်။ ဖေဖေနဲ့ကိုကို့ကို သတိရလွမ်းဆွတ်ပြီးငိုနေမလား။ ဒါမှမဟုတ် အသည်းတုံးဖေဖေနဲ့အတူတူ ပြုံးပျော်နေမလား။

အတွေးစကိုဖယ်၍ လှိုင်သာယာစက်မှုဇုံထဲမှ အထည်ချုပ်စက်ရုံတွေထဲ တစ်ရုံပြီးတစ်ရုံသူဝင်ခဲ့ရ၏။ ဘောက်ချာဖြတ်၊ ငွေရေး လက်မှတ်ထိုးအလုပ်တွေကို ဆက်တိုက်လုပ်ပြီးပြန်လာခဲ့တော့ နေ့လယ် (၁၂) နာရီကျော်နေပြီ။ ရုံးခန်းထဲ၌ငွေအပ်နေချိန် ကိုကီလည်း အပြေးအလွှားပြန်ရောက်လာလေ၏။





“မြည်းမြည်းလုပ်ကြလေ. . . ဘယ့်နှယ့် နောက်က ကျားလိုက်သလိုလောလောလုပ်နေရင် အမှားတွေဖြစ်ကုန်မှာပေါ့။ နင်တို့ကိုင်နေတာငွေတွေနော်။ စာရင်းကွာလို့မရဘူး။ ရှိစုမဲ့စုလခလေးပြုတ်အောင်လျော်နေရမှ ဟုတ်ပေ့ဖြစ်နေမယ်”

“ဒီတော့လည်း အလုပ်ကထွက်ရုံပေါ့ကိုကြီးရဲ့”

“အံမာ. . . ပြောလိုက်ရင် အငေါ်တူးပြန်ပြီ၊ ညည်းက အလုပ်ထွက်ပြီးဘာလုပ်တတ်မှာမို့လဲ”

“ဟင်းရွက်စုံရောင်းမှာပေါ့။ ဗိုက်ဆာနေပါပြီဆိုမှပဲ. . . အသားကုန်ရစ်နေ။ လာ. . . သွားစို့ကိုလင်းရေ၊ Canteen မှာ ဆီတို့အကြိုက်ဟင်းတွေမရှိတော့ရင် တခြားဆိုင်ကဝယ်ကျွေးဖို့ ဆိုကြီးတာဝန်ပဲ”

“အေး. . . ကောင်းရော၊ လိုက်လည်းလိုက်တဲ့နှစ်ယောက်။ တည့်တုန်းကလည်းသူတို့၊ တည့်သွားကြပြန်တော့လည်းသူတို့ပဲ။ အမျိုးမျိုးတတ်နိုင်တယ်”

မန်နေဂျာပွစိပွစိရေရွတ်နေတာကို နားမထောင်တော့ဘဲ Canteen ရှိရာဆီထွက်လာကြတော့ အေမီတို့အုပ်စုက စားပြီးနေသပြီ၊ ဆိုင်ထဲဝင်လိုက်စဉ် ဖိုးကျော်ကလန့်အော်လိုက်လေ၏။

“ဟာ! ပြဿနာတော့ တက်ဦးတော့မှာပဲ၊ ကြက်အသည်း

www.burmeseclassic.com



အမြစ်က တစ်ပွဲပဲရှိတော့မယ်အစ်ကို"

"ရှိတာပဲချလိုက်ပေါ့ ဖိုးကျော်ရယ်၊ ဏီတို့အတူတူပဲစားကြမှာ"

"ဟောဗျာ. . . အစ်မနဲ့အစ်ကို ရန်မဖြစ်ကြတော့ဘူးပေါ့လေ"

"လာပြန်ပြီတစ်ယောက်"

သူရေရွတ်လိုက်တာကို အေမီတို့အုပ်စုက ဝိုင်းလှောင်လျက် လှည့်အော်လိုက်လေ၏။

"သူတို့နှစ်ယောက်က တည့်သွားကြပြီဖိုးကျော်ရဲ့။ တည့်တာမှ တစ်ဘဝလုံးစာတည့်သွားတာ။ ဘယ်တော့မှရန်မဖြစ်စတမ်းပေါ့. . ."

"အေမီနော်. . . ဏီ, ဒီက အကြမ်းပန်းကန်လုံးနဲ့ပေါက်မိတော့မယ်. . . ဟွန်း"

"ကြောက်ပါပြီ. . . နောက်မစတော့ပါဘူး။ သွားပြီ. . . ကိုလင်းရေ"

အေမီတို့အုပ်စုရယ်ရယ်မောမောဖြင့် ရုံးထဲဝင်သွားအပြီးမှာ ထမင်းတွေဟင်းတွေ သူတို့စားပွဲပေါ်ရောက်လာ၏။ သူမသူ့ပန်းကန်ထဲ ဟင်းဦးဖယ်ထည့်ပေးလိုက်ပြီး မျက်ရည်တို့စို့ဝဲတက်





လာလေသည်။

"ဘာဖြစ်ပြန်ပြီလဲ ဏီ"

"အသည်းတုံးက. . . အသည်းတုံးက. . . ကြက်အသည်းအမြစ်ဟင်းဆိုသိပ်ကြိုက်တာကိုလင်းရဲ့၊ သားလေး ထမင်းတောင်ကောင်းကောင်းစားရဲ့လားမသိပါဘူး"

"စိတ်မကောင်းစရာတွေ ဘာဖြစ်လို့တွေးရတာလဲဏီရယ်၊ စားစရာရှိတာ ဝင်အောင်စားမှပေါ့၊ နောက်လဆို အသည်းတုံးသူငယ်တန်း,စတက်တော့မှာပဲ။ ကိုယ်တို့ကျောင်းမှာ သွားတွေ့ကြတာပေါ့နော်"

သူမ ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်လေ၏၊ ထမင်းပန်းကန်တို့က ခုထိအရာမယွင်းသေး။

"မဖြစ်ပါဘူး. . . ကိုလင်းရယ်၊ အဲဒီလို ဏီတို့သွားတွေ့မှ အသည်းတုံးကို ပိုစိတ်ဆင်းရဲအောင်လုပ်သလိုဖြစ်နေမှာ၊ သားလေး မေ့မေ့ပျောက်ပျောက်နေလက်စလေးနဲ့ရှိပါစေတော့ ကိုလင်းရယ်"

ရုံးပြန်ချိန်မှာ သစ်သီးဆိုင်ဝင်ဝယ်ကြရင်း ဈေးဆိုင်ရှေ့မှာပင် သူမမျက်ရည်ကျပြန်လေ၏။ အသည်းတုံးက ပန်းသီးနှင့် စပျစ်သီးအရမ်းကြိုက်တာမဟုတ်လား။

သက်ပြင်းကိုယ်စီချလျက် တိုက်ခန်းရှိရာဆီသို့ သံပင်ပေး



www.burmeseclassic.com

www.burmeseclassic.com

ထားသည့်စက်ရုပ်တွေလို စိတ်မပါလက်မပါဖြင့်လျှောက်ပြန်ခဲ့ရလေသည်။

သားလေးရယ်. . .

ပန်းသီးလေးတွေစိတ်ကျေးတိုင်း ပြန်ခွဲ့ကျေးရင်းမျှော်ခဲ့တဲ့ရက်တွေကို ဖေဖေပြန်လွမ်းဆွတ်တမ်းတနေတာ သားလေးသိနိုင်ပါ့မလား။

ဤ ဤ ဤ



## အခန်း ( ၁၉ )

"သား. . . သားရေ"

ကိုယ်တွေခြစ်ခြစ်တောက်ပူ၍ နှုတ်ခမ်းပါးလေးတွေဖြူစွတ်နေသည့်သားကို စွေ့ခနဲပွေ့ချီလျက် သူ့ကားဖြင့် ဆေးရုံသို့ အမြန်မောင်းနှင်ခဲ့၏။ ခုံကိုလျှောထားလျက် လှဲသိပ်ထားသည့် သားထံမှ ယောင်ယမ်းရေရွတ်သံတို့ကတိုးသဲ့သဲ့။

"ဖေဖေ. . . ဖေဖေ. . . သားကိုလာခေါ်ပါ"

"သားရယ်"

"ဖေဖေ. . . သားဒီမှာမနေချင်ဘူး။ သားကိုလာခေါ်ပါ"

သူ့အံကိုတင်းတင်းကျိတ်လျက် ကလေးဆေးရုံကြီးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



သာတန်းဝင်လာခဲ့၏။ ကလေးငယ်တွေကို အထူးကုဆေးခန်းတွေမှာပြတာထက် ကလေးဆေးရုံမှာပြတာက ပိုပြီးသင့်တော်သည် မဟုတ်ပါလား။ သားကိုပွေ့ချီလျက် ဆေးရုံပေါ်အပြေးတက်လာတော့ တာဝန်ကျဆရာဝန်တွေ၊ Nurse တွေ တအုံ့တညြဖြစ်ကုန်ကြလေပြီ။

"ဟယ်. . . အသည်းတုံး ဘာဖြစ်လာပြန်တာလဲ"

"မသိပါဘူးဆရာမရယ်။ ကျွန်တော့်သားလေးကိုခေါ်လို့မရတော့လို့ပါ။ ကယ်ကြပါဦး. . . ကျွန်တော့်ဘဝမှာ ကျွန်တော့်သားလေး မရှိလို့မဖြစ်လို့ပါဗျာ"

"စိတ်ကိုအေးအေးထားပါ ကိုသော်တာလင်း။ အနာသိရင် ဆေးရှိပါတယ်ဗျာ"

Special Room ထဲ သားကိုထည့်ပေးအပြီး သူအပြင်ဘက်မှာ ထွက်ထိုင်နေရသည်။ ဘုရား. . . ဘုရား. . . သားလေး ဘာမှဆိုးဆိုးရွားရွားမဖြစ်ပါစေနဲ့။ သူမျက်လုံးအစုံကိုမှိတ်ချလိုက်၏။ အသိစိတ်ကင်းမဲ့နေတဲ့အချိန်လေးမှာတောင် သားရဲ့မသိစိတ်ကတမ်းတနေတာ ဖေဖေနဲ့ဇီဇီကိုတဲ့လားသားရယ်။ သွေးနီးတဲ့ဖခင်ကိုတော့မတွယ်တာဘဲ သွေးဝေးတဲ့ဦးလေးနဲ့အဒေါ်ကိုမှ သားရဲ့အရှုတ္တမှာ ဖျက်မရအောင်တွယ်တာနေရသတဲ့လား။

တစ်အောင့်အကြာမှာ အခန်းထဲမှ Nurse မလေးထွက်လာကာ သူ့ကိုလှမ်းခေါ်လိုက်သဖြင့် သူထလာခဲ့ရ၏။ အခန်းထဲရှိခုတင်ပေါ်မှာ Drip ပိုက်တန်းလန်းနှင့် အသည်းတုံးက ငိုသံတီးတိုးဖြင့် မျက်ရည်တို့က တပေါက်ပေါက်ကျလျက်ရှိနေလေသည်။

"ဟော. . . ဖေဖေလာပြီလေ သားရယ်။ တိတ်တိတ်. . . မငိုနဲ့တော့နော်။ တကယ့်ကိုအုံ့ညြစရာပဲ။ ဒီကလေးက ဖအေမှ ဖအေအသည်းကျော်ကိုး"

"ဟင့်အင်း. . . ဟင့်အင်း. . . အဲဒါ သားဖေဖေမဟုတ်ပါဘူး ဦးဦးဒေါက်တာ။ သား, ဖေဖေနဲ့ပဲတွေ့ချင်တာ။ ဖေဖေ့ကိုခေါ်ပေးပါ အီးဟီးဟီး. . ."

"သားရယ်"

"ဒီမှာ သားရဲ့ဖေဖေလေ. . . သားရယ်"

"မဟုတ်ဘူး. . . မဟုတ်ဘူး. . . ဖေဖေ့ကိုခေါ်ပေးပါ။ ဖေဖေ့ကိုခေါ်ပေးပါ"

ဒေါက်တာက သူ့ကိုတအံ့တညြမျက်နှာဖြင့် လှည့်ကြည့်လိုက်လေ၏။ ရင်ထဲမှာ ကျင်ခနဲအောင့်သက်သွားလျက် ယူကျုံးမရစိတ်အစဉ်က သူ့နှလုံးသားကို ဆွဲထုတ်သွားသည့်နှယ်။

သားရယ်. . . ဖေဖေတော့. . . ဖေဖေတော့ ရင်ဖွင့်ကွဲ



ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကုန်ပါပြီကွယ်။

"သား"

"မကိုင်နဲ့. . . သားကိုမထိနဲ့။ ဦးဦးဒေါက်တာရယ်. . . သားရှိုးပါတယ်။ ဖေဖေ့ကိုခေါ်ပေးပါနော်"

"ဘယ်လိုဖြစ်ကုန်တာလဲဗျာ. . . ကျွန်တော်တော့ ဘာမှ နားမလည်တော့ပါလား"

"ဟုတ်ပါတယ်. . . ။ ကျွန်တော်က. . . ကျွန်တော်က အသည်းတုံးရဲ့အဖေမဟုတ်ပါဘူး။ သော်တာလင်းရဲ့အမြွာအစ်ကို သူရိန်မင်းပါဒေါက်တာ"

"ဟောဗျာ. . . ခင်ဗျားတို့ညီအစ်ကိုက အတော့်ကိုတူ လွန်းတာပါလား။ အင်း. . . အသည်းတုံးဟာ လွန်ခဲ့တဲ့နှစ်လက ဒီဆေးရုံကို. . . Dengue Insecticide နဲ့ရောက်လာတဲ့ကလေးပါ။ သတိမလည်တဲ့ကြားက ဖအေကိုတဖွဖွတ,နေတဲ့ကလေး။ သူ့ကို သူ့အဒေါ်က အသည်းတုံးလို့ နာမည်ဆန်းဆန်းလေး ချစ်စနိုးခေါ် ခဲ့လို့ ကျွန်တော်တို့ဆေးရုံမှာ မှတ်မှတ်ရရရှိနေခဲ့တာအမှန်ပါပဲ"

သူ ခေါင်းကိုသာ အလိုက်တသင့်ညိတ်ပြလိုက်မိ၏။ သား လေးကတော့ တရှုပ်ရှုပ်နှင့်ငိုရှိုက်နေဆဲ။

"ကိုသူရိန်မင်း. . . ဒီအရွယ်က. . . မှတ်ဉာဏ်အတက်





ဆုံးအရွယ်၊ စိတ်ခံစားမှုသိလွယ်ဆုံးအရွယ်လေးပါ။ ဒါကြောင့် ကလေးကိုစိတ်ထိခိုက်ပြီး ဒဏ်ရာရအောင်မလုပ်ပါနဲ့။ သူစိတ်ချမ်း သာပါစေဗျာ"

"ကျွန်တော်. . . ကျွန်တော်နားလည်ပါတယ် ဒေါက်တာ။ ကျွန်တော်ဘာလုပ်ရမလဲဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော်သိနေ ပါတယ်. . . သိနေပါတယ်ဗျာ"

မျက်နှာထက်စီးကျလာသည့်မျက်ရည်တို့ကို မသုတ်ဖြစ် ဘဲ Corridor မှာထွက်ရပ်၍ Hand Phone မှခလုတ်တို့ကို သူ ဖြည်းဖြည်းချင်းနှိပ်နေမိစဉ် သူ့နှလုံးသားကတော့ တစ်စစီတစ်ဖဲ့ စီ ပဲ့ကြွေနေလေပြီ။

ဂုဏ

အပြင်မှပြန်ရောက်ပြီး စာရင်းတွေရှင်းပေးကာ ရုံးခန်း ကျယ်ထဲပြန်ထွက်ခဲ့၏။ လချုပ်စာရင်းတွေပေါင်းရတော့မှာမို့ Aluminium ဗီရိုထဲမှ File တစ်ထပ်ကြီးကိုယူ၍ သူတို့နှစ်ဦးစိတ်ဝင် တစားစစ်ဆေးနေကြသည်။ မန်နေဂျာရုံးခန်းတံခါး၀ လှစ်ခနဲပွင့် သွားပြီး ဦးမောင်မောင်ကြီးက လှမ်းခေါ်လိုက်လေ၏။

www.burmeseclassic.com



"ဖိုးသော်နဲ့ဏီဏီ. . . ဖုန်းလာနေတယ်"

"ဗျာ! "

"ရှင်! "

သူတို့ထိုင်ခုံမှအမြန်ထ၍ မန်နေဂျာရုံးခန်းထဲသို့ အမြန်ဝင်လာခဲ့လေ၏။

"ဘယ်သူဘာဖြစ်လို့လဲအစ်ကို"

"မသိဘူး. . . မင်းတို့နှစ်ယောက်စလုံးနဲ့ပြောချင်လို့တဲ့။ သူ့ရိန်မင်းလို့ပြောတာပဲ"

ဖုန်းဆီလှမ်းလက်စလက်က လမ်းတစ်ဝက်မှာရပ်တန့်သွားရ၏။ နှစ်ဦးသားတစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ပါပါကြည့်လိုက်မိကြလေသည်။

"ကျွန်တော်တို့မပြောချင်ဘူးအစ်ကို။ မရှိဘူးလို့ပြောလိုက်ပါ. . ."

"ဖိုးသော်. . . တစ်ဖက်က ဘာပြောသလဲဆိုတာကို နားထောင်ပြီးမှဆုံးဖြတ်ပါညီလေး"

"သူနဲ့ပတ်သက်ပြီး ကျွန်တော်တို့ရင်ထဲကဒဏ်ရာတွေက အစိမ်းလတ်လတ်ကြီးရှိနေပါသေးတယ်အစ်ကို။ နောက်ထပ်ဘယ်လိုဒဏ်ရာမျိုးမှ ထပ်မရပါရစေနဲ့တော့ဗျာ"





ဖုန်းက ဘေးနားမှာချထားသည်မို့ ညီပြောလိုက်သည့်စကားတွေကို သူအတိုင်းသားကြားနေရပါ၏။ ညီရယ်. . . ကိုကို့ကိုတော်တော်မှစိတ်နာနေပြီလား။ ကိုကိုပြောမယ့်စကားတွေကိုတော့ အလေးထားပြီးနားထောင်ပေးပါဦးလားကွယ်. . .။

"ဟဲလို. . ."

"ဦးသူရိန်မင်းရေ. . . ဒီမှာ"

"ကျွန်တော်တောင်းပန်ပါတယ်. . . ဦးမောင်မောင်ကြီးခင်ဗျာ။ ညီနဲ့ဏီဏီကို အမြန်ဆုံး. . . အမြန်ဆုံး ကလေးဆေးရုံကိုလိုက်လာခဲ့ဖို့ပြောပေးပါ။ အသည်းတုံး. . . အသည်းတုံးကိုအရေးပေါ်ဆေးရုံတင်လိုက်ရတယ်လို့"

ဖုန်းကိုဂွပ်ခနဲချလိုက်ပြီး ဦးမောင်မောင်ကြီး သူတို့နှစ်ဦးကို အထိတ်တလန့်ကြည့်၍ပြောလိုက်လေသည်။

"ဖိုးသော်နဲ့ဏီဏီ. . . အသည်းတုံးကို အရေးပေါ်ဆေးရုံတင်ထားရတယ်တဲ့။ ကလေးဆေးရုံကိုအမြန်လိုက်သွားကြပါ"

"ဟင်! "

"ငိုင်မနေနဲ့ဏီဏီ. . . အရေးကြီးတယ်လေ"

သူ, ဏီဏီ့လက်ကို ဖျပ်ခနဲဆွဲလိုက်ပြီး ရုံးထဲမှအမြန်ပြေးထွက်ခဲ့လေ၏။ ကားကိုဂရုတစိုက်မောင်းလာခဲ့စဉ် နံဘေးမှာ ဏီဏီ



www.burmeseclassic.com

www.burmeseclassic.com



၏သမ္မုဒ္ဒေဂါထာရေရွတ်နေသံက ခပ်တိုးတိုး။

ကလေးဆေးရုံဝင်းထဲမှာ ကားကိုရပ်လိုက်ပြီး ဆေးရုံထဲ ပြေးဝင်ခဲ့ကြ၏။ အပေါ်ထပ် Corridor မှာ ငေါင်စင်းစင်းမတ်တတ် ရပ်နေသည့်ကိုကို့ကိုမြင်လိုက်သည်နှင့် ဇာဇာအပြေးသွားကာ ထု လေတော့သည်။

"ရှင်. . . ရှင်. . . ကလေးကို ခေါ်တုန်းက ခေါ်သွားပြီး တော့ ခုလိုဖြစ်စရာလား။ ကလေးကိုဂရုမစိုက်နိုင်ဘူးဆိုရင် ရှင် ခေါ်မသွားနဲ့ပေါ့။ အသည်းတုံးသာ တစ်ခုခုဖြစ်ရဲဖြစ်ကြည့်. . .။ ရှင့်ကိုလောကကြီးထဲမှာ အရှင်မထားဘူး။ ကျွန်မကိုယ်တိုင် ရှင့် ကိုအသေသတ်ပစ်မယ်"

"ဇာ. . . မလုပ်နဲ့"

"ပြောလေ. . . အခုတော့ ရှင့်ပါးစပ်က အာစေးမိနေ သလိုပိတ်နေရလား။ လူတကာကိုမနိုင်နိုင်အောင် တင်တင်စီးစီး ပြောပါဦးလားဟင်။ သူများကိုအနိုင်ပိုင်းချင်တာတစ်ခုတည်းနဲ့ ရှင့် အတ္တကို ရှင်ကိုးကွယ်နေတာ။ အခု ရှင့်ကလေးအသက်အန္တရာယ် ဖြစ်တဲ့အခြေအနေထိရောက်ပြီမဟုတ်လား။ အလကားလူ. . . မေတ္တာကိုမေတ္တာနဲ့မပေးဆပ်ဘဲ အလွဲသုံးစားလုပ်တတ်တဲ့လူ။ ရှင့် ကိုမုန်းတယ်။ သိပ်မုန်းတာပဲ။ ရှင်အမြတ်တနိုးကိုးကွယ်တဲ့ရှင့်အတ္တ တွေက ရှင့်ကိုအသေပြန်သတ်လိမ့်မယ် ဦးသူရိန်မင်းရဲ့။ ပြောတော့ ဖြင့် အချစ်တွေဖောဖောသီသီနဲ့ ပေါ်များလှချည်ရဲ့ဆိုပြီး မာန်တွေ ဝင့်နေခဲ့တာ ခုရှင်မာန်မာနထောင်လွှားလို့ရလို့လား။ ကိုယ်ကမွေး တဲ့ကိုယ့်သွေးသားကိုတောင် ချစ်မှုမချစ်တတ် ပဲ။ ဒါကြောင့်. . . ရှင်အသည်းတုံးရဲ့ချစ်ခြင်းကို ပြန်မရတာပေါ့။ နည်းတောင်နည်း သေးတယ်။ ရှင့်လိုလူက လူတကာရဲ့အမုန်းတွေနဲ့ပဲ ထိုက်တန် တယ်. . . သိလား"

"ဇာရယ်. . . တော်ပါတော့"

သူ, ဇာဇာ့ကိုနောက်ကျောမှအတင်းချုပ်၍ ကိုကို့ကိုထု နှက်နေရာမှ ဝေးရာသို့ဆွဲခေါ်လိုက်ရ၏။ သမ်တလင်းကိုကြောင် စီစီငေးမောနေလျက် ကိုကိုက တောင့်တောင့်ကြီးရပ်နေလေသည်။

"ကိုလင်းရယ်. . . အသည်းတုံးသာ တစ်ခုခုဖြစ်သွားရင် ဇာပါသေမှာ။ အလကားလူ. . . ကလေးကိုစိတ်ချမ်းသာအောင် ထားဘဲ ဘယ်လောက်ထိနှိပ်စက်နေသလဲမှမသိတာ။ ဇာ့သား လေး. . . ဇာ့သားလေးတော့ဒုက္ခရောက်ပါပြီ. . . အီးဟီးဟီး"

သူ,ဇာ့ကိုဘယ်လိုချော့ရမှန်းမသိဘဲ အသာထွေးဖက်ထား မိ၏။ ကိုကိုကမတ်တတ်ရပ်နေရာမှ သူတို့ရှိရာဘက်သို့လှည့်ကြည့် ဘာလေသည်။







www.burmeseclassic.com

www.burmeseclassic.com

"ညီ"

"..."

"အသည်းတုံးသက်သာနေပါပြီ။ အခန်းထဲမှာ... အခန်းထဲမှာ ဆေးရှိန်နဲ့အိပ်မောကျနေတာပါ။ ဒေါက်တာက အသည်းတုံးရဲ့ဆန္ဒအတိုင်း သူ့အဖေကိုခေါ်ပေးလိုက်ပါဆိုလို့ ကိုကို...ကိုကို့ညီကိုခေါ်လိုက်တာပါကွာ"

သူတအံ့တသြဖြင့် ကိုကို့မျက်နှာကိုငေးကြည့်နေမိသည်။ မျက်စိးယိုယွင်းလျက် ရှိရင်းစွဲအသက်ထက် ပိုပြီးရင့်ရော်သွားသလိုပါပဲလား။ အံကိုတင်းတင်းကျိတ်လျက် ရင်ဘတ်ကြီးမို့မောက်လာသည်အထိ တင်းကျပ်နေသည့်စိတ်ကိုထိန်းထားနေရပုံက သိသာလွန်းနေသည်။ ဪ... ကိုကိုရယ်။

သူနှင့်ဇာဇာ အသည်းတုံးရှိရာအခန်းထဲသို့ဝင်လာခဲ့၏။ Nurse မလေးက Drip ပိုက်ကိုဖြုတ်၍ အပ်ပေါက်ရာလေးမှာ ဂွမ်းကို Tape ဖြင့် ကပ်ပေးသွားပါသည်။ သူ အသည်းတုံး၏လက်ကလေးကို အသာအယာဆုပ်ကိုင်ထားလိုက်မိ၏။ ဇာဇာက တစ်ပေါက်ပေါက်စီးကျနေသည့်မျက်ရည်တွေကိုသုတ်နေရင်း အသည်းတုံး၏ဆံစလေးများကို သပ်တင်ပေးနေသည်။

တွန့်ခနဲလှုပ်လွန့်လာပြီး မျက်ခွံမို့မို့လေးများ ဖျတ်ခနဲပွင့်





လာလေ၏။ ငုံ့ကြည့်နေသည့်သူ့ကိုမြင်လိုက်သည်နှင့် သွားဖွေးဖွေးလေးတွေပေါ်လာသည်အထိ အားပါးတရပြုံးလိုက်ပြီး အိပ်ရာထဲမှကျုံးထလိုက်သဖြင့် သူထွေးပွေ့လိုက်သည်။

"ဖေဖေ"

"သား... အသည်းတုံး... သားရယ်"

တင်းကျပ်စွာပွေ့ပိုက်ထားသည်မို့ အသည်းတုံး၏ကိုယ်ခန္ဓာသေးသေးက မြုပ်နေလေသည်။ အတော်ကြာသည်အထိ ငြိမ်နေပြီးမှ သူ့မျက်နှာကိုမော့ကြည့်၍လှမ်းကိုင်လျက် တီးတိုးလေးပြောလိုက်လေ၏။

"ဖေဖေ... ဖေဖေ... သားကိုညာတယ်"

ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။

မဟုတ်ရပါဘူး ကလေးရယ်။ ဖေဖေက သားကိုမခွဲချင်ပါဘဲ ခွဲခဲ့ရလို့၊ မညာချင်ပါဘဲညာခဲ့ရတာပါ။

"မညာပါဘူးသားရယ်... ဖေဖေ... ဖေဖေအလုပ်တွေအားလို့ သားနောက်ကို ချက်ချင်းမလိုက်လာဖြစ်တာပါ"

"သားမှာတော့ ဖေဖေနဲ့ဇာဇာလိုက်လာမလားဆိုပြီးစောင့်နေတာကြာလှပြီ"

မျက်ရည်လေးဝဲလျက်ပြောလိုက်တာမို့ ဇာဇာက အသည်း



www.burmeseclassic.com

www.burmeseclassic.com

တုံး၏ခြေဖျားလေးကိုဆုပ်ကိုင်လျက်ငေးကြည့်ကာ သနားပြီးရင်း သနားနေမိတော့သည်။ အသည်းတုံးရယ်. . . ရင်ထဲခံစားနေရတာတွေကို ကလေးစိတ်နဲ့ပြောတတ်သလိုလေးပြောတာကိုတောင် ဏီဏီရင်စို့ရပါလား။

"ဖေဖေက သားကိုတကယ်မချစ်လို့. . . သားနောက်ကို မလိုက်လာတာပေါ့"

"မဟုတ်ပါဘူးသားရယ်. . . ဖေဖေ, သားကိုငုံထားမတတ်ချစ်တာပါ။ သားပြောသလို မိုးကောင်းကင်ကြီးလောက်ကိုချစ်တာပါကွယ်"

"ဒါဆိုရင် သားကို ဟိုအိမ်မှာမနေခိုင်းပါနဲ့နော်။ သား ဟိုအိမ်မှာနေရတာမပျော်ဘူး။ ဖေဖေနဲ့ပဲ နေပါရစေ။ နောက်ကို ဏီဏီ့စကားကိုလည်း သားနားထောင်ပါ့မယ်။ သား. . . သား. . . မဆိုးတော့ပါဘူးနော်. . . ဏီဏီနော်"

"အင်းပါ. . . အင်းပါ. . . အသည်းတုံးရယ်"

"ဖေဖေ. . . သား,ဖေဖေ့ကိုသိပ်ချစ်ပါတယ်။ ပြီးတော့ ဏီဏီ့ကိုလည်းချစ်တယ်။ သားတို့အတူတူပြန်နေကြမယ်နော်။ ဏီဏီက အရင်လိုပဲ သားကိုထမင်းခွံ့ကျွေးပါနော်။ ကျောင်းသွားရင်လည်း ဖေဖေနဲ့အတူတူလိုက်ပို့ပါ။ ဖေဖေ့ကုပ်ပေါ်မှာ တက်စီးရ





တာ သားသိပ်ပျော်တာပဲ။ ဒါပေမဲ့. . . နောက်ကို သားတက်မစီးတော့ပါဘူး။ တော်ကြာ ဖေဖေက သားကိုမချစ်တော့ဘဲ သူများဆီ ပို့လိုက်မှာစိုးလို့ပါ"

"သားရယ်. . . မဟုတ်ရပါဘူး. . . မဟုတ်ရပါဘူး။ သားတို့မချစ်လို့ သူများကိုပေးလိုက်ရတာမဟုတ်ပါဘူး. . . အသည်းတုံးရယ်"

မချိတင်ကဲစိတ်ဖြင့် ကလေးကို သိမ်းကျုံးပွေ့ပိုက်လိုက်မိပြီး သူ့မျက်ရည်တွေ ဆက်တိုက်ကျလာလေတော့၏။

ကြည့်စမ်း. . . ဒီလိုကိစ္စလေးဖြစ်သွားရုံနဲ့ ကလေးရင်ထဲမှာ စိတ်ဒဏ်ရာရခဲ့တာ အမှန်တကယ်ပါပဲလား။ ဖြစ်မှဖြစ်ရလေ၊ ဖြစ်မှဖြစ်ရလေသားရယ်။

အသည်းတုံးက သူ့မေးဖျားလေးကို ဖျတ်ခနဲလှမ်းနမ်းရှိုက်လိုက်သဖြင့် သူ့,ကလေး၏ပါးဖောင်းဖောင်းလေးထဲ သူ့နှာခေါင်းနစ်မြုပ်သွားသည်အထိ အကြာကြီးမွှေးရှိုက်လိုက်မိသည်။ ဏီဏီက ပီတိပြုံးတို့ဖြင့် မျက်ရည်လေးဝေ့ကာကြည့်နေလေ၏။

အခန်းတံခါးဝမှာရပ်၍ မြင်ကွင်းလေးကို သူမှင်တက်စွာ ငေးကြည့်နေမိသည်။ ကြည့်ပါဦး. . . သူကတော့ သူ့သားကိုတဲ့ နေ့ သူပြန်ပိုင်ရမယ်ဆိုတဲ့တစ်ယူသန်အတ္တတွေနဲ့ မိုက်ရူးရဲလုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိတာ တစ်ဖက်မှာ ဘယ်လိုတွေဖြစ်ကျန်ပြီး ဘယ်လောက်အထိ ခံစားနေရမလဲဆိုတာကိုမတွေးတတ်ခဲ့မိပါလား။

ညီတို့သုံးယောက်ရဲ့ကြားထဲမှာ ဘယ်သူမှ အလွယ်တကူ မမြင်နိုင်တဲ့အရာတစ်ခုကို သူ သဲကွဲစွာ ထိတိကျကျကြီးမြင်လိုက်ရပါပြီကော။ အဲဒါကတော့ တစ်ဦးအပေါ်တစ်ဦး နှစ်နှစ်ကာကာ ချစ်ကြတဲ့အဖြူစင်ဆုံးမေတ္တာတရားပါပဲ။

ဒီအရာဟာ သမုဒ္ဒရာတမျှ ကျယ်ပျံ့နက်ရှိုင်းလွန်းတာကို လက်တွေ့ကျကျသူသိခဲ့ရတာပါ။

ဟုတ်ပါတယ်. . . ဇာဇာပြောခဲ့သလို သူဟာမချစ်တတ်တဲ့သူမို့ အချစ်ငတ်ခဲ့ရတာပါ။ အချစ်ဆိုတာကို တန်ဖိုးမထားဘဲ အလွဲသုံးစားဖောဖောသီသီလုပ်ခဲ့မိလို့ အခုလို သူ့ချစ်ခြင်းတွေ အလဟဿလွင့်ပြယ်ခဲ့ရတာပါပဲ။ ဘဝကိုအလေးအနက်မရှိ ပေါ့ပါးပေါ့တိမ်စွာဖြတ်သန်းခဲ့ရလို့ ဘဝရဲ့အနှစ်သာရအစစ်အမှန်ကို စားသုံးခွင့်မရတော့တာပါ။

သားရယ်. . . ဖေဖေက သားကိုချစ်ခွင့်မရှိတော့သလို သားရဲ့ချစ်ခြင်းတွေကိုလည်း ခံစားခွင့်မရနိုင်တော့ပါလား။ ဖေဖေ ကို သားမချစ်ချင်နေပါ။ ဒါပေမဲ့. . . ဒါပေမဲ့ မုန်းတော့မမုန်းလိုက်ပါနဲ့လားကွယ်။ သားမနေချင်တဲ့နေရာဖြစ်တဲ့ ဖေဖေ့ရင်ခွင်ထဲကို သားကိုအတင်းမခေါ်တော့ပါဘူး။ သားမပေးချင်တဲ့ချစ်ခြင်းတွေကိုလည်း ဖေဖေအတင်းမတောင်းတော့ပါဘူး။ 'ပိုနေမြဲကျားနေမြဲလို့' ဆိုရိုးစကားရှိခဲ့ဖူးသလို ဖေဖေတို့ အရင်ကလိုနေမြဲတိုင်းနေလိုက်ကြတာပေါ့နော်။



သားရဲ့ဆန္ဒအတိုင်း အရာအားလုံးဖြစ်စေအောင် ပြည့်စုံအောင် ဖေဖေလိုက်လျောပေးပါတော့မယ်။ သားနေချင်တဲ့နေရာမှာပဲနေပါ။ သားချစ်ချင်တဲ့သူတွေကိုပဲ သားချစ်ပါ။ သားကို. . . သားကို. . . ဖေဖေ အဝေးကကြည့်နေ,ချစ်နေရုံနဲ့ ဖေဖေရောင့်ရဲတင်းတိမ်နိုင်အောင် ကြိုးစားပါ့မယ်ကွယ်။

နံရံကိုမျက်နှာအပ်လျက် တသိမ့်သိမ့်ငိုရှိုက်လိုက်သည့် အရွယ်သမားတစ်ယောက်၏မျက်ရည်တွေကို ဘယ်သူက စာနာနားလည်ပေးနိုင်မှာလဲ။

၍ ၍ ၍





www.burmeseclassic.com

www.burmeseclassic.com



# ရှင့်ကိုမုန်းတယ်

## အခန်း ( ၂၀ )

တိုက်လှေကားမှဆင်းလာသည့် လှူရိပ်လေးတွေကိုငေးကြည့်နေမိသည်။ ကောင်လေးနှင့်ကောင်မလေး၏အလယ်မှာချိတ်ဆွဲထားသည့်ကလေးလေးက ကောင်လေးနှင့်ရုပ်ချင်းချွတ်စွပ်တူလွန်းနေ၏။ ကလေးလေးကမော့ကြည့်၍ တစ်စုံတစ်ခုပြောလိုက်တော့ ကောင်လေးက ကလေးကိုဆွဲ့ခနဲကောက်ချီလိုက်လေသည်။

ကောင်လေးက ကလေးလေး၏ပါးပြင်မို့မို့လေးကိုရွှတ်ခနဲမွှေးလိုက်တော့ ကလေးလေးက ချစ်စဖွယ်ပြုံးလိုက်ပြီး ကောင်လေး၏ပါးကိုပြန်နမ်းလိုက်လေ၏။

ထို့နောက် ကိုယ်လေးကိုင်းကာ ကောင်မလေးကိုလှမ်းနမ်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြန်၏။ ကောင်မလေးက ကလေးလေး၏ မေးဖျားလေးကို လှမ်းကိုင်၍ တစ်ဖက်ပါးပြင်လေးကို ပြန်နမ်းလိုက်လေသည်။ အဲဒီနောက် ကလေးလေးက ဘာကိုထပ်ပြောလိုက်သည်မသိ။ ကောင်လေးရော, ကောင်မလေးပါ ပြိုင်တူခေါင်းခါလိုက်ကြ၏။ ကလေးလေးက ခြေနှစ်ချောင်းရော၊ ခေါင်းပါလှုပ်လျက် ခါယမ်းလိုက်သဖြင့် ကောင်လေးနှင့်ကောင်မလေး ပျာယာခတ်သွားလေသည်။

ကောင်လေးက ကလေးလေး၏မျက်နှာလေးကိုထိန်းကိုင်၍ပြောလိုက်တော့ ကလေးလေးက ကျေနပ်စွာခေါင်းညိတ်ပြလိုက်၏။ ထို့နောက် ကောင်လေး၏လည်ပင်းနှင့် ကောင်မလေး၏လည်ပင်းကိုဆွဲငုံ့ကာ ကောင်လေးကို ကောင်မလေးအား နမ်းစေလေသည်။ ပြီးနောက် သုံးယောက်သား သဘောတကျရယ်မောလိုက်ကြလေ၏။

ကောင်မလေးက ဖဲထီးအပြာလေးကို ဖွင့်လိုက်တော့ ကောင်လေးက လက်တစ်ဖက်ဖြင့် ထီးကိုလှမ်းယူ၍ ထီးကိုင်လက်ကွေးကွေးကို ကောင်မလေးအား ကမ်းပေးလိုက်သဖြင့် ကောင်မလေးက ကောင်လေး၏လက်မောင်းကို ဖျတ်ခနဲချိတ်လိုက်ပြီး ကားဂိတ်ရှိရာဆီ ခပ်မှန်မှန်လျှောက်သွားကြလေသည်။

လမ်းတစ်ဖက် Platform ဘားမှာ ရပ်ထားသည့်ကားပေါ်





မှ လူတစ်ယောက်က မိသားစုသုံးဦးကို မျက်တောင်မခတ်ဘဲငေးကြည့်နေလေ၏။

သူ့မျက်နှာကို အသေအချာကြည့်မည်ဆိုပါက ကြေကွဲသည့်အရိပ်အယောင်များဖြင့်ပြည့်နှက်နေပြီး မျက်ဝန်းမှမျက်ရည်တွေအိုင်ထွန်းနေသည်ကို မြင်တွေ့ရပေမည်။ ထို့ပြင် ထိုလူသည် ခုန ကလေးချီထားသည့်ကောင်လေးနှင့်ခွဲမရအောင် ရုပ်ချင်းတူနေသည်ဆိုတာကိုတော့. . .

လေးစားလျက်. . .

မသဒ္ဒါမောင်

25th Feb: 2008

PM (9: 50)

www.burmeseclassic.com